


http://www.khtnetpc.webs.com
(For Educational Purposes)

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးလ

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖဲမျက်လှည့်ပြနည်းများ


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ - ၂၀၁၂၊ ဇူလိုင်
ပထမအကြိမ် ၊ ၅၀၀ အုပ်

မျက်နှာဖုံးနှင့်အတွင်း - ဦးဇော်မင်းအေး
ဇော်ပုံနှိပ်တိုက် (၀၇၁၂၅)
အမှတ် (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးဝင်းဇော် ၁၅၇၆(ယာယီ)
အောင်မင်္ဂလာစာပေ
အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

တန်ဖိုး - ၃၅၀၀ ကျပ်

ဖဲမျက်လှည့်ပြနည်းများ CIP - ၇၉၃. ၈
စက္ကောမ
အယူတော်မင်္ဂလာစာပေ၊ ၂၀၁၂၊
၁၅၀-စာ၊
ဖဲမျက်လှည့်ပြနည်းများ

## ဖြန့်ချိရေး

မရမ်းတလင်းစာပေ
အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၃၂၉၇၊ ၀၉ ၇၃၀၀ ၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂


ဖဲချက်လှည့်ပြနည်းများ
ဝေကြွာမဝိစဉ်သည်

# စက္ကော့မ စီစဉ်သည်

မျက်လှည့်ပြနည်းများ၊ စက္ကော့မ စီစဉ်သည်။


| ခေါင်းစဉ် | ပြန်လည်တင်ပြသူ |
|---|---|
| ၁။ တကယ် ဘြိုသိတာလား၊ တိုက်ဆိုင်တာလား | လင်းအောင်ဦး |
| ၂။ ၆-နှစ်ငေ ပာက်ကျင့်ထားရတာ | ဇွဲထက်အောင် |
| ၃။ မျက်စိတမှိတ်၊ လျှပ်တပျက် | ဇွဲထက်အောင် |
| ၄။ ဖဲထုပ်ထဲက အနီနဲ့အနက် | လင်းအောင်ဦး |
| ၅။ အောစတား (၁) | စက္ကော့မ |
| ၆။ အောစတား (၂) | စက္ကော့မ |
| ၇။ ဖဲပုံပြင် | ထွန်းဘကြူး |
| ၈။ ဖဲမှော် | လင်းအောင်ဦး |
| ၉။ အရက်သမားဖဲရောနည်း | ဇွဲထက်အောင် |
| ၁၀။ ၅ချပ်မြောက်ဖဲနဲ့ တစ်(၄)လုံး | ဇွဲထက်အောင် |
| ၁၁။ ဒရစ်ဘိုစတော့ | ထွန်းဘကြူး |
| ၁၂။ သံလိုက်ဓါတ်ရှိသောဖဲချပ်များ | လင်းအောင်ဦး |
| ၁၃။ ဂျက်နဲ့သူ၏ သူငယ်ချင်းများ | ဇွဲထက်အောင် |
| ၁၄။ သူ့အပူ ကိုယ့်အပူ | ထွန်းဘကြူး |
| ၁၅။ ဂို့(စ်) | ထွန်းဘကြူး |
| ၁၆။ အားလုံးကိုကြိုတင်ပြီးတော့သိနေပါတယ်ဆိုရင် | လင်းအောင်ဦး |
| ၁၇။ အဖိနှိပ်အဖိနှိပ်နဲ့ နမိတ်ဖတ်ကြည့်ရအောင် | စက္ကော့မ |
| ၁၈။ နာမည်ခေါ်ရင်ထွက်လာသောဖဲချပ်များ | သက်ထက်ကောင်း |
| ၁၉။ ပရိသတ်ရွေးတဲ့ဖဲ ၃ ချပ် | ဇွဲဟိန်းအောင် |
| ၂၀။ ဆန်းဒွစ် | သက်ထက်ကောင်း |
| ၂၁။ သူကဘာလို့ပုန်းတာလဲ | သက်ထက်ကောင်း |

## ဖဲမျက်လှည့်ပြနည်းများ


| | |
|---|---|
| ၂၂။ ပေါ်ထွက်လာသောဖဲချပ် | သက်ထက်ကောင်း |
| ၂၃။ ကိုယ့်ဟာကိုယ်ရှာ | ဖွဲ့ဟိန်းအောင် |
| ၂၄။ အမိန့်နာခံသော ကင်းဖဲ (၄)ချပ် | လင်းအောင်ဦး |
| ၂၅။ မှော်ဝင်နေသောကိန်းဂဏန်းများ(သို့) ဖဲချပ်ထဲကနံပါတ်များ | ဖွဲ့ဟိန်းအောင် |
| ၂၆။ မသိစိတ် | ထွန်းဘကြူး |
| ၂၇။ ဟန်ဆောင်ဖဲရောနည်း (၁) | ဖွဲ့ထက်အောင် |
| ၂၈။ ဟန်ဆောင်ဖဲရောနည်း (၂) | ဖွဲ့ထက်အောင် |
| ၂၉။ ဘာလို့မဟုတ်ရမှာလဲ | ဖွဲ့ဟိန်းအောင် |
| ၃၀။ ကံကောင်းသောနံပါတ် (၁၃) | လင်းအောင်ဦး |
| ၃၁။ လက်ဗွေရာနဲ့ရှာကြည့်မယ် | ဖွဲ့ထက်အောင် |
| ၃၂။ ကျွန်တော့်ဆရာပင်းသိမ်ပြတဲ့နည်း | စနေကြာပ |
| ၃၃။ ဘယ်နှစ်နာရီထိုးမှာ ချိန်းထားတာလဲ | လင်းအောင်ဦး |
| ၃၄။ ဖဲစက်ဝိုင်း | စနေကြာပ |
| ၃၅။ ဟူဒနီကိုင်တဲ့ဖဲထုပ် | ဖွဲ့ထက်အောင် |
| ၃၆။ ကြိုတင်သိခြင်း (၁ မှ ၅) | စနေကြာပ |
| ၃၇။ ဆွေမျိုးသိတတ်သောဖဲချပ်များ | ထွန်းဘကြူး |
| ၃၈။ ထင်ရောင်ထင်မှား | ဖွဲ့ထက်အောင် |
| ၃၉။ သူတို့ရွေးတဲ့နံပါတ်နဲ့ သူတို့ရွေးတဲ့ဖဲချပ် | ထွန်းဘကြူး |
| ၄၀။ လန်ထွက်နေတာပဲ | ထွန်းဘကြူး |
| ၄၁။ ဖဲတစ်ချပ်ရဲ့ထောင့်စတဖက်ကို ဖြိုဖျောက်ပြသောနည်း | ဖွဲ့ဟိန်းအောင် |
| ၄၂။ ထိပ်ဆုံးရောက်ဖို့ဆိုတာ လွယ်မယ်ထင်သလား | ထွန်းဘကြူး |

# မျက်လှည့်ဝါသနာရှင်စာဖတ်ပရိသတ်များသို့

မျက်လှည့်ဝါသနာရှင်စာဖတ်ပရိသတ်များခင်ဗျား ဒီစာအုပ်ထဲမှာ ပါရှိသော ဖဲပြကွက်များမှာ တစ်ချို့ပြကွက်တွေက လွယ်ကူရိုးရှင်းပြီးတော့ ပရိသတ်ကိုပြန်ပြတဲ့အခါမှာ ထိမိတဲ့ပြကွက်တွေပါသလို တစ်ချို့ပြကွက်တွေကျတော့ ပြနည်းကိုဖတ်တဲ့အခါမှာ ဖတ်ရုံသက်သက်မဖတ်ပဲနဲ့ လက်ထဲမှာ ဖဲထုပ်ကိုကိုင်ထားပြီး ပုံတွေ အဆင့်ဆင့်ကိုကြည့်ပြီး လက်တွေ့လိုက်လုပ်ရမှာဖြစ်ပါတယ်။ လိုက်လုပ်တဲ့အခါမှာ လွယ်ကူအောင်ပုံအားများများနဲ့ ဖေါ်ပြပေးထားပါတယ်။ တကယ်လို့အခက်အခဲရှိတယ်ဆိုရင်လည်း ကျွန်တော်တို့ ဆီကို လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနဲ့ဖြစ်စေ မေးနိုင်ပါတယ်။ ဝါသနာရှင်စာဖတ်ပရိသတ်တွေ ပြန်ပြတဲ့အခါအစဉ်ပြေမယ့်ပြကွက်များနဲ့ အားကောင်းတဲ့ပြကွက်တွေကို ရွေးချယ်ပြီးတော့ တင်ပြထားပါတယ်။ တစ်ချို့ပြကွက်တွေက ဝါသနာရှင်စာဖတ်ပရိသတ်အတွက် သူ့ရဲ့လျှို့ဝှက်ချက်ကို သိရင်လွယ်လွယ်လေးပါပဲ။ တစ်ချို့ပြကွက်တွေကတော့ နဲနဲလေ့ကျင့်ဖို့လိုပါလိမ့်မယ်။

မရမ်းတလင်းစာပေ

# ကျေးဇူးတင်ပါသည်

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှဝိုင်းဝန်းကူညီပေးကြသော မြန်မာနိုင်ငံမျက်လှည့်အဖွဲ့မှ မျက်လှည့်ပညာရှင်များဖြစ်ကြသော ဇွဲထက်အောင်၊ ထွန်းဘကြူး၊ လင်းအောင်ဦး၊ သက်ထက်ကောင်း၊ ဇွဲဟိန်းထက် တို့အား၎င်း၊ မရမ်းတလင်းစာပေမှ ဦးဝင်းဇော်၊ မျက်ပွင့်စာပေမှ ကိုမျိုးမင်းသန်း တို့အား၎င်း၊ (ဇောင်း)ဓါတ်ပုံ ဗွီဒီယိုရိုက်ကူးရေးမှ ကိုဇောင်း နှင့်အဖွဲ့အား၎င်း အထူးကျေးဇူးတင်ရှိပါသည်။


စက္ကောမ
(မှော်အနုပညာ)
Tel : 01 202592
09 50 62726

ဖဲမျက်လှည့်ပြနည်းများ

## တကယ်ကြိုသိတာလား၊ တိုက်ဆိုင်တာလား


ပြန်လည်တင်ပြသူ - လင်းအောင်ဦး

မျက်လှည့်ဆရာကပြောတယ် "တစ်ခါတစ်လေမှာ တိုက်ဆိုင်မှုတွေရှိတယ်။ အဲဒီတိုက်ဆိုင်မှုတွေဟာ မယုံကြည်နိုင်လောက်အောင် ထူးဆန်းတယ် ဟောဒီမှာ ဖဲတစ်ချပ် ဘာဖဲလဲဆိုတာ နောက်တော့သိရမှာပေါ့" လို့ပြောပြီးတော့ ဖဲတစ်ချပ် ကိုမှောက်လျှက်ချထားလိုက်တယ်။ ပြီးတော့သူကဆက်ပြီးပြောပြန်တယ်။ "ဒီမှာ ဖဲထုပ်တစ်ထုပ်ကြိုက်တဲ့သူကြိုက်သလောက်ရောပါ။ ရောပြီးရင်တော့ ကျွန်တော်တို့ လှျောက်လုပ်ကြည့်တာပေါ့" လို့ ပြောပြီး ပရိသတ်ရောမွှေထားတဲ့ ဖဲထုပ်ကို မှောက်လျှက်ဖြန့်ပြီးတော့ ပရိသတ်ကို ကြိုက်ရာဖဲချပ် (၃)ချပ်ယူခိုင်း လိုက်ပါတယ်။ နောက်တော့ အဲဒီဖဲချပ်တွေကို ပက်လက်လှန်ချထားပြီး ဖဲချပ်တွေရဲ့နံပါတ်တွေကိုကြည့်ပြီးတော့ "ဖဲဆိုတာလိုင်းတစ်လိုင်းမှာ (၁၃)ချပ် စီရှိတယ်။ အခုဒီဖဲဟာနံပါတ်(၉) ဆိုတော့ (၁၃)ပြည့်အောင် ဖြည့်မယ်ဆိုရင် နောက်ထပ် (၄) ချပ်ထည့်ရမယ်" လို့ပြောပြီး ဖဲထုပ်ထဲကဖဲချပ်(၄)ချပ်ကို မှောက်လျှက်ထပ်တင်လိုက်တယ်။ ကျန်တဲ့ဖဲနှစ်ချပ်ကိုလည်း အဲဒီအတိုင်းလုပ် တယ်။ နောက်ပြီးတော့ပက်လက်လန်နေတဲ့ဖဲတွေရဲ့ နံပါတ်တွေကို ပေါင်းကြည့် မယ်ဆိုပြီး ပေါင်းပြန်တယ်။ ပေါင်းလို့ရတဲ့အရေ အတွက်အတိုင်း ဖဲထုပ်ထဲက ဖဲချပ်တွေကို အောက်ကိုချပြန်တယ်။ သူလက်ထဲမှာ ဖဲနဲနဲကျန်တယ်။ အဲဒီ ကျန်နေတဲ့ဖဲတွေထဲက အပေါ်ဆုံးဖဲတစ်ချပ်ကိုယူလိုက်တယ်။ ပရိသတ်ထဲက တစ်ယောက်ကို ခပ်စောစောကကြိုပြီးချထားတဲ့ ဖဲချပ်ကို ကိုင်ခိုင်းပြီး သူတို့ နှစ်ယောက်ဖဲချပ်တွေကို ပြိုင်တူလှန်ကြတယ်။ အဲဒီဖဲချပ်နှစ်ချပ်ဟာ အတူတူပဲ ဖြစ်နေတာတွေ့ရတယ်။ သူခပ်စောစောက ပြောခဲ့သလို တော်တော်ထူးထူး ဆန်းဆန်းတိုက်ဆိုင်တာပဲ။




(၁)

(၂)



ကြိုတင်ပြင်ဆင်ထားရမှာက ဖဲထုပ်ရဲ့ အောက်ဖက်(၁၀) ချပ်မြောက်နေရာမှာ မိမိထားလိုသော ဖဲတစ်ချပ်ထားပါ။ အဲဒီဖဲချပ်နဲ့ နံပါတ်တူ အပွင့်တူတစ်ချပ်ကိုလည်း တခြားဖဲထုပ်ထဲကရှာထားပါ။ ပုံ (၁) ကိုကြည့်ပါ။ ပြတော့မယ်ဆိုရင်ပြင်ပြီးသားဖဲထုပ်နဲ့ ကြိုတင်ချထားရမယ့် ဖဲချပ်တို့ကို ပုံ (၂) ထဲကအတိုင်းချထားပါ။ ပုံ (၃) ပရိသတ်ကို ကြိုက်ရာ (၃) ချပ်ရွေးခိုင်းပါ။ သူတို့ရွေးသော (၃) ချပ်ကို ပက်လက်ထားပါ။




(၃)


(၄)





ပက်လက်လှန်ထားသောဖဲချပ်တစ်ချပ်ချင်းစီရဲ့နံပါတ်များကိုကြည့်ပြီး (၁၃) ပြည့်အောင် ဖဲချပ်များရေတွက်ပြီးပေါင်းထည့်ပေးပါ။ ပုံ (၄) (၅) (၆) ကိုကြည့်ပါ။ ဥပမာ ဖဲချပ်က နံပါတ် (၉) ဆိုရင် (၁၃)ဖြစ်အောင် (၄)ချပ် ပေါင်းထည့်ပါ။ နောက်တစ် ချပ်ကနံပါတ် (၁) ဆိုရင် (၁၃) ပြည့်အောင် (၁၂)ချပ် ထပ်ထည့်ပါ။ နောက်တစ်ချပ်က နံပါတ် (၅) ဆိုရင် (၁၃)ပြည့်အောင် (၈) ချပ်ပေါင်းထည့်ပါ။ ပရိသတ်ကိုလည်းပြောပါ။ "ဖဲလိုင်းတစ်လိုင်းမှာ (၁၃)ချပ်စီရှိတယ်။ အဲဒါကြောင့် (၁၃) ပြည့်အောင်ဖြည့်နေတာ" လို့ပြောပါ။


## ဖဲမျက်လှည့်ပြနည်းများ


(၅)


(၆)


(၇)


(၈)


(၉)


အဲဒီလို (၁၃) စီပြည့်အောင်ဖြည့်ပြီးသွားပြီဆိုရင် ပရိသတ်ရွေးပေးထားသော (လှန်ထားသော) ဖဲချပ်များရဲ့ နံပါတ်တွေကိုပေါင်းပါ။ ဥပမာ ၉ + ၁ + ၅ = ၁၅ ကျန်ရှိနေသေးသောဖဲချပ်များမှ (၁၅)ချပ်ရေတွက်ပြီးချပါ။ ပြီးရင် (၁၆)ချပ်မြောက်ဖဲ ကိုကိုင်ထားပါ။ ပရိသတ်ကိုကြိုတင်ချထားသောဖဲချပ်ကို ကိုင်ခိုင်းပါ။ နှစ်ယောက်ပြိုင်တူလှန်လိုက်ပါ။ အတူတူပါပဲ။

မှတ်ချက် - အဲဒီနည်းကိုပြမယ်ဆိုရင် ဖဲထုပ်ထဲက ဂျိုကာနှစ်ကောင်ကို ထုတ်ထားပါ။ ဖဲထုပ်တွင်အချပ်ရေ (၅၂) ချပ် အပြည့်ရှိရမည်။

## (၆) နှစ်လောက်ကျင့်ထားရတာ

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

မျက်လှည့်ဆရာကလက်ထဲမှာရှိနေတဲ့ ဖဲထုပ်ကို လျှင်မြန်စွာနဲ့ အပုံ (၄)ပုံ ပုံလိုက်ပါတယ်။ ပြီးတော့ ဆက်တိုက်ဆိုသလိုပဲ အဲဒီအပုံတွေရဲ့အပေါ်ဆုံး ဖဲချပ်တွေကိုလှန်လိုက်တဲ့အခါ တစ်ဖဲတွေချည်းဖြစ်နေတာတွေ့ရပါတယ်။ အဲဒီပြကွက်ကို ပရိသတ်အနေနဲ့ကြည့်မယ်ဆိုရင် မျက်လှည့်ဆရာက လက်တော်တော်မြန်တာပဲ။ အဲဒီလိုပြနိုင်အောင်တော်တော် လေ့ကျင့်ရမယ် ထင်တယ်။ (၆)လ လောက်တော့ ကျင့်ရမယ်ထင်တယ်။ ဘယ်လိုလဲ ဖြစ်ပါ့ မလား။ အလကားနောက်တာပါ။ အောက်မှာ ဘယ်လိုလုပ်ရမယ်ဆိုတာ ပုံတွေနဲ့အဆင့်ဆင့်ပြထားတယ်၊ (၆) မိနစ်လောက် ကျင့်ရင်ရပါတယ်။ ရသွားပြီဆိုရင်တော့ သူငယ်ချင်းတွေကိုပြပြီးတော့ အဲဒီလို ပြနိုင်ဖို့ ငါ (၆)နှစ်လောက်ကျင့်ထားရတယ်လို့ပြောလည်း သူတို့ယုံကြည်မှာပါ။




(၁)



(၂)

မပြမီကြိုတင်ပြင်ဆင်ရမှာက ဖဲထုပ်ထဲက တစ်ဖဲ (၄)ချပ်ကို ထုတ်ယူပြီး ဖဲထုပ်ရဲ့အပေါ်ဆုံးမှာထားလိုက်ပါ။ ပုံ (၁) နှင့် ပုံ (၂) ကိုကြည့်ပါ။



(၃)



(၄)

## စက္ကောမ စီစဉ်သည်


ပုံ (၃)အတိုင်း ဘယ်လက်ထဲမှာ ကိုင်ထားတဲ့ ဖဲထုပ်ကို ညာလက်နဲ့ တဝက်ခွဲယူပြီး ဘယ်ဘက်အပုံထဲကို အပေါ်ဖဲနှစ်ချပ်ဆွဲယူထားလိုက်ပါ။ (ဘယ်ဖက်လက်မနဲ့ဖိဆွဲယူပါ။)

ပုံ (၄)အတိုင်း အပုံနှစ်ပုံကို ရှေ့နောက်ခွဲပြီး စားပွဲပေါ်ကိုချပါ။ (တစ်ပုံချင်းစီရဲ့ အပေါ်ဖက်တွေမှာ တစ်ဖဲနှစ်ချပ်စီရှိနေမယ်)



(၅)

ပုံ (၅)ထဲကအတိုင်း အဲဒီအပုံတွေကို တဝက်စီထပ်ခွဲပါ။



(၆)




(၇)


ရှေ့နောက်ချထားတဲ့ ဖဲပုံတွေထဲက တဝက်စီထပ်ပြီးခွဲလိုက်တဲ့ ဖဲထပ်တွေကို ဘေးဖက်တွေမှာချလိုက်ပါ။ ပုံ (၆) အဲဒီဘေးဖက် (၂)ပုံထဲက အပေါ်ဖဲတစ်ချပ်စီကို ယူလိုက်ပါ။ ပုံ (၇)ကိုကြည့်ပါ။


ဖဲမျက်လှည့်ပြနည်းများ


(၈)


(၉)



ဘေးဖက်အပုံပေါ်ကယူလာတဲ့ဖဲချပ်တွေကို ရှေ့နောက်အပုံတွေပေါ်ကို ယူလာပါ။ ပုံ (၈)။ အဲဒီဖဲချပ်နှစ်ချပ်ကိုလှန်လိုက်ပါ။ ပုံ (၉)


(၁၀)

(၁၁)


လှန်လိုက်တဲ့ဖဲတွေကို သူ့အောက်ကအပုံတွေပေါ်ကို တင်လိုက်ပါ။ ပုံ(၁၀) ဘေးဖက်ကအပုံတွေပေါ်က အပေါ်ဖဲတစ်ချပ်စီထပ်ပြီးယူပါ။ ပုံ(၁၁)


(၁၂)

(၁၃)


အဲဒီအချပ်တွေကိုပါလှန်လိုက်ပါ။ ပုံ (၁၂)

အားလုံးဟာ တစ်ဖဲတွေချည်းပါပဲ။ ပုံ (၁၃)

မှတ်ချက်၊ သေသေချာချာလေ့ကျင့်ပြီး မြန်မြန်သွက်သွက်ပြပါ။

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

စက္ကောမ စီစဉ်သည်

# မျက်စိတမှိတ် လျှပ်တစ်ပျက်


ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

**မျက်လှည့်ဆရာသည်** ဖဲထုပ်ကိုကိုင်၍ ဖဲချပ်များကို စာအုပ်ကဲ့သို့ လှန်ပြပြီး **ပရိသတ်အား** ထိုဖဲချပ်များထဲမှ မိမိမြင်လိုက်သောဖဲတစ်ချပ်ကို မိမိစိတ်ထဲတွင် မှတ်သားထားစေ၏။ ထို့နောက် အပေါ်ဆုံးဖဲချပ်တစ်ချပ်အား ပရိသတ်ကို လှန်ပြပြီး "ဒီဖဲတော့မဖြစ်နိုင်ပါဘူး" ဟုဆိုကာအပေါ်ဆုံးဖဲတစ်ချပ်ကို လှန်ပြ၏။ မဟုတ်သည်မှာလည်းသေချာ၏။ ပရိသတ်မှတ်ထားသော ဖဲချပ်မဟုတ်သည့် ဖဲကို လက်ထဲတွင်ကိုင်ထား၍ ကျန်လက်တစ်ဖက်ဖြင့် တောက်လိုက်၏။ ၎င်းဖဲချပ်သည် ချက်ချင်းပင်ပြောင်းလဲသွား၏။ ပရိသတ်မှ စောစောကမှတ်ထားသော ဖဲချပ်ဖြစ်သွား၏။


အဲဒီပြကွက်မှာအပိုင်းနှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းက ပရိသတ်ကို မှတ်ထားခိုင်းတဲ့ဖဲချပ်ဟာ ကိုယ်ကမှတ်စေချင်တဲ့ ဖဲချပ်ကို တွန်းအားပေးထားတာရယ်။ ဒုတိယတစ်ပိုင်းက သူတို့မှတ်ထားတဲ့ ဖဲချပ်မဟုတ်တာကိုပြပြီးတော့ သူတို့ရှေ့မှာတင်ပဲ မျက်စိတစ်မှိတ်လျှပ်တစ်ပျက်အတွင်းမှာပင် သူတို့မှတ်ထားတဲ့ဖဲချပ်ဖြစ်သွားတာရယ်။

ဖဲထုပ်ထဲမှ ဖဲချပ်တွေကို ဆက်တိုက်လှန်ပြပြီး ပရိသတ်ကို ဖဲတစ်ချပ် မှတ်ထားခိုင်းတဲ့နေရာမှာ ကိုယ်က မှတ်စေချင်တဲ့ဖဲချပ်ကို သူမှတ်အောင် လုပ်လိုက်တာဖြစ်ပါတယ်။ ဖဲထုပ်ထဲက ဖဲတွေကို ဆက်တိုက်လှန်ပြတဲ့နေရာမှာ သူမှတ်လို့မရအောင်ဆက်တိုက် မြန်မြန်လေး လှန်ပြပြီးတော့ ကိုယ်ကမှတ်စေချင်တဲ့ဖဲချပ်ကို နဲနဲကြာကြာ ပြလိုက်တာပါ။ သူတို့က အဲဒီဖဲချပ်ကို ပဲမြင်လိုက်ရတော့ အဲဒါကိုပဲ မှတ်ထား လိုက်မှာသေချာပါတယ်။ အဲဒီလိုလုပ်ဖို့ ကတော့ ဖဲထုပ်ကို ပုံ (၁) မှာ ပြထားတဲ့ အတိုင်းကိုင်ပါ။ ဖဲအထပ်ကို ပုံမှာပြထားတဲ့အတိုင်း အပေါ်ဖက်ကနေအောက် ဖက်ကိုစောင်းထားပါ။

**ဖဲချပ်တွေကို** ဆက်တိုက်လှန်ပြတဲ့အခါမှာ လွယ်ကူစေ ဖို့ဖြစ်ပါတယ်။ ပြီးတော့ ပုံ (၂)မှာ ပြထားတဲ့အတိုင်း အပေါ်ဆုံးဖဲချပ်ကို အရှေ့ဖက်နဲနဲတိုးထားပါ။ "အဲဒီအထဲက ဖဲတစ်ချပ်မှတ်ထားပါ" လို့ပြောပြီး တော့ ပုံ (၃) ထဲကအတိုင်း ဖဲတွေကို သူတို့မှတ်လို့မရအောင်ဆက်တိုက်ဆွဲပါ။ ပုံ (၄) ထဲကအတိုင်း အပေါ်ဆုံးဖဲချပ် (ကိုယ်ကပရိသတ်ကို ကြည့်စေချင်သော ဖဲချပ်) ကိုတော့ သူတို့မှတ်လို့ရအောင် အချိန်ပေးပြီးပြလိုက်ပါ။ အဲဒီနေရာမှာ အရေးကြီးတာက အဲဒီဖဲချပ်ကိုလည်း သိပ်အကြာကြီး ပြလို့မဖြစ်ပါဘူး။ သူတို့ မှတ်လို့ရရုံလောက် လေးပြပါ။ သိပ်အကြာကြီးပြလိုက်ရင် အဲဒီဖဲကို မှတ်စေချင် တယ်ဆိုတာရိပ်မိ သွားနိုင်ပါတယ်။ ဖဲချပ်တွေကို ဆက်တိုက်လှန်ပြတာဖြစ်တဲ့ အတွက် ကျန်တဲ့ ဖဲချပ်တွေကို သူတို့မမြင်လိုက်ရပဲ နောက်ဆုံးဖဲချပ်(အပေါ်ဆုံး ဖဲချပ်) ကိုသာ သူတို့မှတ်ထားလိုက်မှာဖြစ်ပါတယ်။ အဲဒီတော့ သူတို့မှတ်လိုက်တာ သေချာ ပါတယ်။ အပေါ်ဆုံးကဖဲချပ် ကိုယ်ကမှတ်စေချင်တဲ့ဖဲချပ်ကို သူတို့မှတ် လိုက်ပါပြီ။ နောက်တစ်ဆင့်ကတော့ သူတို့ကို မဟုတ်တဲ့ဖဲချပ်ကို ပြပြီးတော့ အဲဒီဖဲချပ်ကို ဟုတ်တဲ့ဖဲချပ်ပြောင်းလဲသွားဖို့။ အဲဒီအတွက်ပုံ (၅) အတိုင်း ကိုင်တွယ်ပြီးအပေါ်လက် လက်မနဲ့ ဖဲချပ်နှစ်ချပ်မတင်ပါ။ ပုံ (၆) အတိုင်း အပေါ်ဖဲနှစ်ချပ်နဲ့ အောက်ဖက်ဖဲအထပ်တို့ကို အောက်လက် လက်သန်းနဲ့ ထောက်ပြီးတော့ အုပ်စုခွဲထားလိုက်ပါ။ အဲဒါတွေကို ပရိသတ် မသိအောင် ပြုလုပ်ရမှာဖြစ်ပါတယ်။



(၁)




(၂)



(၃)



(၄)



(၅)



(၆)

အပေါ်ကဖဲချပ်နှစ်ချပ်နဲ့ အောက်ကဖဲအထပ်ကို လက်သန်းနဲ့ထောက်ထားပြီး ပုံ (၇) အတိုင်း အုပ်စုခွဲကိုင်ထားလိုက်ပါ။ ပရိသတ်ကို စကားနဲ့နဲ့ပါးပါး ပြောချင်တယ်ဆိုရင်လည်း အဲဒီအချိန်မှာပြောလို့ရပါတယ်။ "ပရိသတ်က ဟောဒီအထဲက ဖဲတစ်ချပ်ကို မှတ်ထားပါတယ်။ သူတို့ဘာဖဲချပ် ဘာနံပါတ်ဘာအရောင် ဘာအပွင့်ကိုမှတ်ထားတယ်ဆိုတာ ကျွန်တော်မသိနိုင်ပါဘူး။ ဒါပေမယ့် ပရိသတ်ကို ကျွန်တော်ကြိုပြီးပြောချင်တာကတော့ အခုပြကွက်ဟာ မျက်စိတစ်မှိတ်လျှပ်တစ်ပျက် အတွင်းမှာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲမှာဖြစ်လို့သေသေချာချာ မျက်ခြည်မပြတ်စောင့်ကြည့်ဖို့ လိုမယ်ထင်ပါတယ်။ ကဲကြည့်ကြရအောင်" ပုံ (၈) အတိုင်း ညာလက်နဲ့ ဖဲချပ်နှစ်ချပ်ပူးကိုမလိုက်ပါ။ (ပရိသတ်က တစ်ချပ်တည်းလို့ထင်ပါစေ) ပုံ (၉) (၁၀) အတိုင်း ပရိသတ်ကိုပြပြီးတော့ "ခင်ဗျားတို့မှတ်ထားတာ ဒီဖဲချပ်တော့ မဖြစ်နိုင်ဘူး" လို့ပြောပါ။ (တကယ်လည်းမဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ သူတို့မှတ်ထားတဲ့ဖဲချပ်က အခုသူတို့ကိုပြတဲ့ ဖဲချပ်ရဲ့အနောက်မှာ ရှိနေတာပါ)။ အဲဒီနှစ်ချပ်ပူးကို ဖဲချပ်တစ်ချပ်တည်းဟန်နဲ့ ပုံ (၁၁)ထဲကအတိုင်း လက်ညှိုးနဲ့ ထိုးကော်ပြီး ရှေ့နောက်လှည့်ပြပါ။ ပုံ (၁၂) ထဲက အတိုင်းလက်ပြောင်းကိုင်လိုက်ပါ။ ဘယ်ဖက်လက် လက်ညှိုး၊ လက်ခလယ်၊ လက်မတို့နဲ့ ဖဲချပ်နှစ်ချပ်ပူးကို ထိန်းပြီးကိုင်ထားပါ။ အောက်ဖက်လက်ထဲက ဖဲအထပ်ကို အနောက်ဖက်ကို နဲနဲဆုတ်ထားပါ။ ပြီးရင်တော့ အဲဒီဖဲချပ်ကို ညာဖက်လက်ညှိုးနဲ့တောက်လိုက်ပြီး ဖဲချပ်

ပြောင်းသွားတာကိုပြရမှာဖြစ်ပါတယ်။ အဲဒီလိုပြဖို့က ညာဖက်လက်က တောက်လိုက်တဲ့အချိန်မှာ ပုံ (၁၃) (၁၄) အတိုင်း လက်ချောင်းများက အလိုက်သင့်လက်ခလယ်က အရှေ့ကဖဲချပ်ကို အနောက်ကိုဆွဲချ၊ လက်ညှိုးနဲ့လက်မက အနောက်ကဖဲချပ်ကို အရှေ့ကို ထိန်းပို့တာကို လုပ်ရမှာဖြစ်ပါတယ်။ (လေ့ကျင့်ခန်း သေသေချာချာလုပ်ပြီးမှပြလို့ရမှာဖြစ်ပါတယ်။)

အဲဒီအချိန်မှာတော့ နောက်မှာပုန်းနေတဲ့ဖဲချပ်ကရှေ့ကို တက်လာတဲ့အတွက် ပရိသတ်မှတ်ထားတဲ့ဖဲချပ်ဖြစ်သွားပါပြီ။ ပြီးတော့မှ လက်ပြောင်းကိုင်ပြီးတော့ အနောက်ကို ရောက်သွားတဲ့ဖဲချပ်ကို ဖဲထုပ်ရဲ့အပေါ်ကို ဆွဲယူလိုက်ပါ။

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်



(၇)

(၈)


(၉)


(၁၀)


(၁၁)


(၁၂)


(၁၃)


(၁၄)


စက္ကောမ စီစဉ်သည်


## ဖဲထုပ်ထဲက အနီနဲ့အနက်

ပြန်လည်တင်ပြသူ - လင်းအောင်ဦး


ဖဲထုပ်တိုင်းဖဲထုပ်တိုင်းရဲ့ အထဲကဖဲချပ်တွေမှာ အရောင် (၂)မျိုးပါပါတယ်။ အဲဒါက အနီရောင်ဖဲချပ်များနဲ့ အနက်ရောင်ဖဲချပ်များပဲဖြစ်ပါတယ်။ တချို့ကပြောပါတယ် ဖဲထုပ်ထဲမှာပါတဲ့ အနီနဲ့အနက်ဆိုတာ နေ့နဲ့ညကို ဆိုလိုတာတဲ့။ ဖဲထုပ်ဆိုတာ ဂျစ်ပစီတွေကိုင်တဲ့ တားရော့ကဒ်ကနေ အသွင်ပြောင်းလာတာပါ။ အားလုံးဟာ သူ့အဓိပ္ပါယ်နဲ့သူရှိပါတယ်တဲ့။ ဖဲထုပ်မှာ ရှိတဲ့ နံပါတ်တွေအကုန်ပေါင်းရင် တနှစ်မှာရှိတဲ့ ရက်ပေါင်း ၃၆၅ ရပါတယ်တဲ့။ ထားပါတော့ အဲဒါတွေကို နောက်ကြုံမှ ဆက်ပြီးတော့ရှင်းပြမယ်။

ဖဲချပ်တွေမှောက်ထားမယ်ဆိုရင် ဘယ်ဖဲဟာအနီရောင် ဘယ်ဖဲဟာ အနက်ရောင်ဆိုတာပြောဖို့ မဖြစ်နိုင်ပါဘူး။ ရမ်းပြီးပြောလို့မှန်မယ်ဆိုရင်တောင် (၃)ချပ် (၄)ချပ်ထက်မပိုပါဘူး။ ဒါပေမယ့် မျက်လှည့်ဆရာက ပရိသတ်တစ်ယောက်ကိုပြောပါတယ်။ ဖဲချပ်တွေကို မှောက်ထားတော့ ဘယ်ဖဲကအနီ ဘယ်ဖဲကအနက်ဆိုတာ ခင်ဗျားမသိနိုင်ပါဘူး။အဲဒီတော့ သိသိမသိသိရမ်းပြီး ပြောဗျာ ကျွန်တော်ကဖဲတစ်ချပ်ချင်းစီကို မှောက်ပြီးတော့ ကိုင်ထားမယ် ခင်ဗျားက အနီလို့ပြောရင် ကျွန်တော်က အနီဖက်မှာချမယ်။ ခင်ဗျားကအနက်လို့ပြောရင် ကျွန်တော်ကအနက်ဖက်မှာချမယ်။ ဖဲတစ်ထုပ်လုံးကုန်အောင် ကျွန်တော်က တစ်ချပ်ချင်းကိုင်ထားမယ်။ ခင်ဗျားကလည်း တစ်ထပ်လုံးကုန်အောင်ရမ်းပြီးသာပြော နဲနဲပါးပါးတော့ တိုက်ဆိုင်မယ်ထင်ပါတယ်။ ကဲ လုပ်ကြည့်ရအောင် အဲသည်လိုနဲ့ မျက်လှည့်ဆရာနဲ့ ပရိသတ် အနီအနက်ဘက်တွေကိုသတ်မှတ်ပြီးတော့ စမ်းကြည့်ကြတယ်။ မျက်လှည့်ဆရာက ဖဲထုပ်ထဲက ဖဲချပ်တွေကို တစ်ချပ်ချင်းမှောက်လျှက်သားပြတယ်။ ပရိသတ်ကလည်း အနီပြောလိုက် အနက်ပြောလိုက်နဲ့ ပြောချင်သလိုပြောတယ်။

တစ်ထုပ်( ၃ုန်သွားပြီ မျက်လှည့်ဆရာက အဲဒီဖဲချပ်တွေကို လှန်ပြလိုက်တယ်။ တစ်ချပ်တောင်မလွဲပဲ ရမ်းပြီးပြောထားတာတွေ သူ့ဖက်နဲ့သူ သူ့အရောင်နဲ့သူ အကုန်မှန်နေတယ်။ တိုက်ဆိုင်တာလို့တော့ပြောလို့မရပါဘူး။ ဘာလို့လဲဆိုတော့ ဖဲတစ်ထုပ်လုံးကို ရမ်းပြီးပြောတာ တစ်ချပ်တစ်လေတောင် မလွဲဘူး။



(၁)




(၂)

မပြမီကြိုတင်ပြင်ဆင်ထားရမှာက ပုံ (၁)မှာပြထားတဲ့အတိုင်း ဖဲထုပ်ထဲမှာ ဖဲချပ်တွေကို အနီတစ်ခြမ်းအနက်တစ်ခြမ်း သတ်သတ်စီခွဲထားရမှာဖြစ်ပါတယ်။ တစ်ဖဲ (၄)ချပ် ကိုလည်းအပြင်ကိုထုတ်ထားပါ။ ပြတော့ ပုံ (၂)ထဲက အတိုင်း တစ်ဖဲ (၄)ချပ်ကို စားပွဲပေါ်မှာ ပက်လက်လှန်ချပြီး ဘက်သတ်မှတ်ထားလိုက်ပါ။ ပုံကို သေသေ ချာချာကြည့်ပါ၊ အရောင်တူတစ်ဖဲတွေကို ထောင့်ဖြတ်ထားပါ။ ပြီးရင်တော့ ဖဲချပ်တွေကို စပြီးချပါ။ သူကအနီပြောရင် အနောက်လိုင်းက တစ်ဖဲအနီရောင် ဖက်မှာ ချပေးလိုက်ပါ။ သူကအနက်ပြောရင် အနောက်လိုင်းက တစ်ဖဲအနက်ရောင်ဖက်မှာ ချပေးလိုက်ပါ။ သူပြောချင်သလိုပြောပါစေ သူပြောတဲ့အတိုင်း ဖဲထုပ်တစ်ဝက် ကုန်တဲ့အထိချပါ။ (၂၄) ချပ် ပြီးရင်တော့ ကျန်တဲ့ဖဲထပ်ကို သူ့ကိုရောခိုင်းပါဦး ရောပြီးရင်တော့ သူပြောတဲ့အရောင် အတိုင်း ဒီတစ်ခါ အရှေ့ဖက်ကတစ်ဖဲ တွေအပေါ်ကိုချပါ။ ကုန်တဲ့အထိချပါ။ ကုန်သွားပြီဆိုရင် ဖဲအပုံ (၄)ပုံထဲက ရှေ့နောက် (၂)ပုံမှန်နေပါလိမ့်မယ်။

စက္ကောမ စီစဉ်သည်

သူ့ကိုလှန်မပြပါနဲ့ဦး၊ ဖဲချပ်တွေကိုစီသလိုလို နဲ့ မမှန်တဲ့ဘက်အခြမ်းက အပုံနှစ်ပုံကို ရှေ့နောက်မသိအောင်လဲလိုက်ပါ။ ပုံ (၄)(၅) ကိုကြည့်ပါ။ အားလုံးနေရာကျပြီဆိုရင်တော့ လှန်ပြလိုက်ပါ။ အားလုံးကွက်တိပါပဲ။




(၃)



(၄)



(၅)




(၆)


ပြန်လည်တင်ပြသူ - ဇွဲထက်အောင်


## အောစတား (၁)


ပြန်လည်တင်ပြသူ - စက္ကောမ

ကလေးတွေကိုပြဖို့ ဖန်တီးထားတဲ့ပြကွက်လေးတစ်ခုပါပဲ။ ကလေးတွေကိုပြဖို့လုပ်ထားတယ်ဆိုပေမဲ့ လူကြီးတွေကိုပြလည်း မျက်စိလည်စေပါတယ်။ ဖဲချပ်ကိုမကြည့်တတ်တဲ့သူတွေ ဖဲချပ်မကိုင်ချင်တဲ့သူတွေအတွက်ပါ ရိုးရိုးရှင်းရှင်းလေးပါပဲ။ ကဒ်ပြားလေး (၄)ချပ်ပါ။ ကြယ်ပုံကဒ်ပြားလေးက (၂)ချပ် လေးထောင့်ပုံကဒ်ပြားလေးကတစ်ချပ်နဲ့ တြိဂံပုံကဒ်ပြားလေးက တစ်ချပ်ပါ။ နောက်ဆုံးမှာတော့ အားလုံးကြယ်ပုံတွေချည်းပဲ ဖြစ်သွားတဲ့ပြကွက်ပါ။


(၁)



(၂)


(၃)



(၄)

အဲဒီပြကွက်ကိုပြမယ်ဆိုရင် ကဒ်ပြားတွေကို အထူးပြုလုပ်ထားရမှာဖြစ်ပါတယ်။ ကဒ်ပြား (၄)ချပ်ကို ဘယ်လိုလုပ်ထားရမလဲဆိုတော့ ပုံ (၁) အတိုင်း ကဒ်ပြားတွေရဲ့ ရှေ့ဖက်မျက်နှာစာတွေမှာ ကြယ်ပုံကဒ်ပြားက (၂)ချပ် လေးထောင့်ပုံကတစ်ချပ် တြိဂံပုံတစ်ချပ်ရေးဆွဲထားရမှာဖြစ်ပါတယ်။ သူတို့ရဲ့ နောက်ကြောတွေမှာတော့ ပုံ (၂)ထဲကအတိုင်း ကြယ်ပုံကဒ်ပြား(၂)ချပ်ရဲ့


အနောက်ဖက်မှာ ဖဲချပ်နောက်ကြောပုံများ လေးထောင့်ပုံကဒ်ပြားနဲ့ တြိဂံပုံကဒ်ပြားတွေရဲ့ နောက်ကြောတွေမှာ ကြယ်ပုံများကို ရိုက်နှိပ်ထားရမှာဖြစ်ပါတယ်။ ပြတဲ့အခါမှာ ကဒ်ပြား (၄)ချပ်စလုံးဟာ ဖဲချပ်နောက်ကြောပုံရိုက်နှိပ်ထားတယ်လို့ထင်ရအောင်ပြပါ။ ပြီးတော့ ပုံ (၃)ထဲကအတိုင်း လေးထောင့်ပုံကဒ်ပြားကို ကြယ်ပုံကဒ်ပြား (၂)ချပ်ရဲ့ အလယ်ထဲထည့်ပြီး အပေါ်က ကြယ်ပုံကဒ်ပြားတစ်ချပ်ကို မှောက်လိုက်ပါ။ ပုံ (၄)ကိုကြည့်ပါ။




(၅)



(၆)



(၇)




(၈)


ပုံ (၅)အတိုင်း ဖဲချပ်တွေကို ပြန်ပိတ်လိုက်ပါ။ ပုံထဲကအတိုင်း ကိုင်တွယ်ပြီး ပုံ (၆)အတိုင်း အဲဒီဖဲတွေကို (၃)ကြိမ်လှည့်ပါ။

(၃)ကြိမ်လှည့်ပြီးလျှင် ပုံ (၇)အတိုင်းကဒ်ပြားတွေကို ဖြန့်လိုက်ပါ။ ပုံ (၈) အတိုင်း အပေါ်ကဒ်ပြားကို လှန်ပြလိုက်ပါ။ (၃)ချပ်လုံးကြယ်ပုံများဖြစ်သွားမည်။ ကြယ်ပုံကဒ်ပြား (၃)ချပ်ထဲမှ အပေါ်ဆုံးကဒ်တစ်ချပ်ကိုယူပြီး တြိဂံပုံကဒ်ပြားကို ထိုးကော်လိုက်ပါ။ ပုံ (၉)ကိုကြည့်ပါ။


(၉)




(၁၀)




(၁၁)




(၁၂)



(၁၃)



(၁၄)



ပုံ (၁၀) အတိုင်း တြိဂံပုံကဒ်ကို လက်မနဲ့ဆွဲယူလိုက်ပါ။ ပုံ (၁၁)အတိုင်း လက်ကိုမှောက်ချပြီး အောက်ကကဒ်ကို ဆွဲယူလိုက်ပါ။ ပုံ (၁၂) အတိုင်း အောက်က ဆွဲယူလိုက်တဲ့ကဒ်ကို မှောက်နေတဲ့ကဒ် ပေါ်တင်လိုက်ပါ။ ပုံ (၉) မှ (၁၂) အထိ အဆင့်အားလုံးသည် တြိဂံကဒ်ကို ကြယ်ပုံကဒ်နဲ့ ထိုးကော်ပြီးမှောက်ချသည့်ဟန်ပေါက်ပါစေ။ အဲဒီအဆင့်အားလုံးကို တဆက်တည်း ပြုလုပ်ရမှာဖြစ်ပါတယ်။ ပြီးတော့မှပုံ (၁၃) (၁၄) ထဲကအတိုင်း မှောက်နေတဲ့ကဒ်ကို အဲဒီအပေါ်မှာတင်ထားတဲ့ကဒ်နဲ့ ထိုးလှန်လိုက်ပါ။

ပြန်လည်တင်ပြသူ - စက္ကော့မ

ဖဲမျက်လှည့်ပြနည်းများ

## အောစတား (၂)

ပြန်လည်တင်ပြသူ - စက္ကောမ


ပထမအောစတားနည်းနဲ့ခပ်ဆင်ဆင်ပါပဲ။ ဒါပေမယ့် ဒီနည်းက အချပ်ရေပိုများတယ်။ သူကလည်း တမျိုးကြည့်လို့ကောင်းပါတယ်။ သူ့ကို ပြမယ်ဆိုရင် အောက်ဖဲကျော်ချတာကို တတ်ဖို့လိုပါတယ်။ ဖဲထုပ်ရဲ့အောက်ဆုံးဖဲချပ်ကို ပြပြီးတော့ ဖဲချပ်ချတော့ အဲဒီအောက်ဆုံးဖဲချပ်ကို ချသလိုလိုနဲ့ သူနဲ့ ကပ်နေတဲ့ အောက်ဖက်က ဒုတိယဖဲချပ်ကို ချတာပါ။ အဲတာလေးကိုနဲနဲ လေ့ကျင့်ပြီးပြီဆိုရင်တော့ ပြလို့ရပါပြီ။


ကဒ်ပြားတွေလုပ်ထားရမှာက တစ်ဖက်က ကြယ်ပုံနောက်ကြောက ဖဲနောက်ကြောပါတဲ့ ကဒ်ပြားက (၆)ချပ် နောက်(၄)ချပ်ကတော့ အဝိုင်းရယ် လေးထောင့်ရယ်၊ တြိဂံရယ်၊ လှိုင်းတွန့်ရယ်၊ သူတို့ရဲ့ နောက်ကြောတွေမှာတော့ ကြယ်ပုံတွေရှိရပါမယ်။ ဒါဆိုရင်တော့ပြလို့ရပါပြီ။ (အဲဒီစတား ပြကွက်တွေကို ပရိသတ်ပြစေချင်လို့ထည့်သွင်းရေးမိပါတယ်။ ပစ္စည်းလုပ်ရတာအခက်အခဲရှိမယ်မှန်းလည်းသိပါတယ်။ တချို့လည်း လုပ်နိုင်ပါလိမ့်မယ်။ အခက်အခဲရှိတယ်ဆိုရင်တော့ ကျွန်တော့်ဆီမှာအခမဲ့ တောင်းယူနိုင်ပါတယ်။)

မပြမီကြိုတင်ပြဆင်ထားရမှာက ပုံ (၁)ထဲက အတိုင်းစီထားရမှာဖြစ်ပါတယ်။ ပုံ (၂)ကတော့ အဲဒီလိုစီထားတဲ့ ကဒ်ပြားတွေကို မျက်နှာစာဖက်က မြင်တွေ့ရတဲ့ ပုံပါ။ စီပြီးသွားပြီဆိုရင် စပြတဲ့အခါမှာ ကဒ်ပြားတွေကို အထပ်လိုက်ကိုင်ပြီးတော့ အောက်ဆုံးကကဒ်ပြား လှိုင်းတွန့်လေးကိုပြပါ။ ပုံ(၃) ကို ကြည့်ပါ၊ လှိုင်းတွန့်ကဒ်ပြားလေးလို့ပြောပါ။ ပုံ (၄)အတိုင်းလက်ကို မှောက်လိုက်ပြီး အောက်ဖဲကျော်ချပါ။ ပြီးတော့ လက်ကိုပက်လက်ပြန်လှန်လိုက်ပါ။ ပုံ (၅)အတိုင်း ပြပြီးနောက်ထပ်လှိုင်းတွန့်လေးတစ်ချပ်လို့ပြောပြီး

စက္ကောမ စီစဥ်သည်

အောက်မှာချထားတဲ့ကဒ်ပြားပေါ်ကို ပက်လက်အတိုင်းထပ်တင်လိုက်ပါ။ ပြီးရင်လက်ထဲကအထပ်ရဲ့ အောက်ဆုံးကဒ်ပြားလေး လေးထောင့်လေးကိုပြပါ။ လေးထောင့်လေးတစ်ချပ်လို့ပြောပြီး လက်ကိုမှောက်လိုက်ပါ။ အဲဒီလေးထောင့်ကဒ်ပြားလေးကို ချလိုက်တဲ့ဟန်နဲ့ အောက်ဖဲချပ်ကို ကျော်ပြီးချလိုက်ပါ။ ပုံ (၆)ကိုကြည့်ပါ။ လက်ကိုပက်လက်ပြန်လှန်ပါ။ နောက်ထပ်လေးထောင့်တစ်ချပ်လို့ပြောပြီး ပက်လက်ချလိုက်ပါ။ ပုံ (၇) ကိုကြည့်ပါ။ အဲဒီအတိုင်း တစ်မျိုးကို (၂)ချပ်စီရှိတဲ့ဟန်နဲ့ ကုန်အောင်ချလိုက်ပါ။ ပုံ (၈)


(၁)



(၂)


(၃)


(၄)


(၅)


(၆)



(၇)




(၈)




(၉)



(၁၀)



(၁၁)



(၁၂)

ပုံ(၉)အတိုင်းပက်လက်ကာဒ်ပြားတွေကိုထပ်လိုက်ပါ။ အပေါ်က မှောက်လျှက်ကာဒ်ပြားတစ်ချပ်ထပ်တင်ပြီး တထပ်လုံးကို မှောက်လိုက်ပါ။ ပုံ (၁၀) လက်ထဲက ကာဒ်ပြားအားလုံး ကြယ်တွေဖြစ်သွားတာကိုပြပါ။ ပုံ (၁၁) မှောက်လျှက်ကာဒ်ပြားတွေကို စုပြီးထပ်လိုက်ပါ။ သူတို့လည်း ကြယ်ပုံများဖြစ်သွားတာကိုလှန်ပြီးတော့ပြလိုက်ပါ။


ပြန်လည်တင်ပြသူ - စတ္တောမ


ဖဲမျက်လှည့်ပြနည်းများ


## ဖဲပုံပြင်


ပြန်လည်တင်ပြသူ - ထွန်းဘကြူ


တစ်ချို့တစ်ချို့သော ပြကွက်တွေကို မျက်လှည့်ဆရာတွေက ပုံပြင်လေး တွေပြောပြီးတော့ပြတတ်ကြပါတယ်။ အခုပြကွက်ကလည်း ဖဲချပ်တွေကို ပုံပြင် ဆန်ဆန်လေးပြောပြီးတော့ ပြလို့ရတဲ့ပြကွက်လေးတစ်ခုဖြစ်ပါတယ်။ လေ့ကျင့်ခန်းမလိုပါဘူး။ ဘယ်သူပဲဖြစ်ဖြစ်ပြလို့ရပါတယ်။ ပြမယ်ဆိုရင်တော့ တစ်ဖဲ (၄)ချပ် ကင်းဖဲ (၄) ချပ် ကွင်းဖဲ (၄) ချပ် ဂျက်ဖဲ (၄)ချပ် လိုအပ်ပါတယ်။ ပြဖို့အတွက် ပြင်ဆင်ရမှာက ပုံ (၁)ထဲကအတိုင်း ဖဲချပ်တွေကို အုပ်စုတူရာ တူရာခွဲထားပြီးတော့ ထပ်ထားရမှာဖြစ်တယ်။ အပေါ်ဆုံးမှာ ကင်းဖဲ (၄)ချပ် နောက်ဂျက်ဖဲ (၄)ချပ် နောက်ကွင်းဖဲ (၄)ချပ် နဲ့ အောက်ဆုံးမှာ တစ်ဖဲ (၄)ချပ် တို့ စီထားရမှာဖြစ်ပါတယ်။ အဲဒါဆိုရင်တော့ပြလို့ရပါပြီ။ ပုံပြင်လေးပြောရင်း နဲ့ ပြကြည့်ရအောင်။


(၁)


(၃)


(၂)


(၄)


(၅)


(၆)

"ဒီလိုကွ သူငယ်ချင်းရ ကင်းနဲ့သူ့ သူငယ်ချင်း(၃)ယောက်ရှိတယ်။ (ပြော လည်းပြော ကင်းဖဲ (၄) ချပ်ကိုလည်း တန်းစီပြီးချ) သူတို့က ပျင်းလို့ဆိုပြီးတော့ သူတို့ရဲ့ သူငယ်ချင်း ဂျက်ကိုလှမ်းပြီးတော့ ခေါ်လိုက်တယ်။ အဲဒီတော့ ဂျက် ရောက်လာတယ်။ သူကလည်း တယောက်တည်းလာတာမဟုတ်ဘူး။ သူ့ သူငယ်ချင်း (၃)ယောက်ကိုပါ ခေါ်ပြီးတော့လာတာ။ (ပြောပြောဆိုဆို ဂျက်ဖဲ (၄)ချပ်ကိုလည်း ကင်းဖဲတွေရဲ့ အောက်ဖက်မှာ တန်းစီပြီးချ) အဲဒီတော့ ကင်းနဲ့ သူ့ သူငယ်ချင်းက (၃)ယောက် ဂျက်တို့ကလည်း (၄)ယောက်ဆိုတော့ ယောကျ်ားလေး (၈)ယောက်စုမိပြီးတော့ အရက်တွေသောက် လောင်းကစား တွေလုပ် သောင်းကျန်းချင်တိုင်းသောင်းကျန်းကြတာပေါ့။ နောက်တော့သူတို့ အထဲက တစ်ယောက်က ဆော်ခေါ်မယ်တဲ့ အဲဒါနဲ့ဆော် (၄)ပွေခေါ် လိုက်တယ်။ (ပြောပြောဆိုဆို ကွင်းဖဲ (၄)ချပ်ကိုချ) အဲဒီတော့ သူငယ်ချင်း တွက်ကြည့် ယောကျ်ားလေးက (၈) ယောက်၊ မိန်းကလေးက (၄) ယောက် မူးတဲ့ကောင် တွေကလည်းမူး သောင်းကျန်းတဲ့ကောင်တွေကလည်း သောင်း ကျန်းနဲ့ ဖြစ်ချင်တိုင်းဖြစ်နေလိုက်ကြတာ။ သိပ်မကြာလိုက်ပါဘူး။ ဘေးပါတ်ဝန်း ကျင်က သွားတိုင်လို့ ရပ်ကွက်လူကြီး (၄)ယောက်ရောက်လာတယ်။ (ပြောရင်း တစ်ဖဲ (၄)ချပ်ကိုချ) ပုံ (၂) ကိုကြည့်ပါ။ အဲဒီရပ်ကွက်လူကြီးတွေက မူးရူးနေတဲ့သူ တို့ကို ကားကြီးတစ်စီးပေါ်ကိုတင်ပြီးတော့ ရဲစခန်းကိုသွားဖို့ထွက်လာခဲ့တယ်။ (ပြောပြောဆိုဆို ပုံ (၂) အတိုင်းချထားသော ဖဲချပ်များကို အတန်းလိုက် ကောက်သိမ်းလိုက်ပြီး ထပ်လိုက်ပါ။) ဖြစ်ချင်တော့လမ်းမှာ အဲဒီကားက ဘီးပေါက်ပြီးတော့ လမ်းဘေးချောက်ထဲကို ထိုးကျတာ သူငယ်ချင်းရေ ကားဘယ်နှစ်ပတ်လောက်လိမ့်သွားတယ်ထင်လဲ။ မင်းက နှစ်ပတ်လိမ့်သွား တယ်ဆိုရင် ငါကဖဲတွေကို နှစ်ခါချိုးမယ်။ မင်းကသုံးပတ်လိမ့်သွားတယ်လို့ ပြောရင် ငါက ဖဲတွေကို သုံးခါ ချိုးမယ်။ (သူပြောတဲ့အရေအတွက်အတိုင်း

ဖဲထပ်ကို ပုံ (၃) ထဲကအတိုင်းချိုးပါ) ကားမှောက်သွားတယ်ဆိုတော့ အနားပတ် ဝန်းကျင်ကလူတွေ ရောက်လာကြပြီးတော့ အနားမှာရှိတဲ့ ကားအသေး ၄ စီးကို အကူအညီတောင်းပြီးတော့ ဘယ်သူရယ်ဘယ်ဝါရယ်မခွဲဘဲနဲ့ ကြုံသလို ကြုံတဲ့ ကားတွေပေါ် ဆွဲတင်ပြီး အနားမှာရှိတဲ့ ဆေးခန်းတွေကို ခေါ် သွားကြ တယ်။ (အဲဒီလိုပြောရင်း အကြိမ်ကြိမ်ချိုးထားသော ဖဲထပ်ကို ၄ အိမ် ဝေလိုက်ပါ၊ ပုံ (၄) (၅) ကိုကြည့်ပါ။)

အဲဒီအချိန်မှာ အကုန်လုံးလည်း အမူးတွေပြေကုန် ကြပြီ။ နောင်တတွေ လည်း ရနေကြပြီ။ ဒါပေမယ့် သူတို့အားလုံး ကံကောင်းကြပါတယ်။ ကားမှောက် တာ ဒဏ်ရာကြီးကြီးမားမား မရကြတဲ့အပြင် ကားတစ်စီး ချင်းစီမှာလည်း သူ့အဖွဲ့နှင့်သူ အားလုံးလူစုခွဲပြီးသားဖြစ်နေပါပြီ။

(ပြောပြောဆိုဆို တစ်ပုံခြင်းစီကို လှန်ပြ၊ တစ် လေးလုံးအပုံကို လှန်မပြ နဲ့ဦး) အဲဒီမှာ စိတ်မကောင်းစရာတစ်ခုကတော့ အားလုံး ကိုယ့်အိမ်ကို ကိုယ် ပြန်သွားတဲ့အချိန်မှာ ရပ်ကွက်လူကြီး ၄ ယောက်ကတော့ ဆေးရုံမှာ အတွင်း လူနာအဖြစ် ကျန်ခဲ့ပါတယ်။ (ပုံ ၆ အတိုင်း တစ်ဖဲ ၄ ချပ်ကို လှန်ပြ) ပုံပြင် လေးကတော့ ဒါပါပဲ သူငယ်ချင်းတို့။"

ပြန်လည်တင်ပြသူ - ထွန်းဘကြူး

## ဖဲမှော်


ပြန်လည်တင်ပြသူ - လင်းအောင်ဦး

"ဖဲမှော်ဆိုတာကြားဖူးလား ဖဲမှော်ဆိုတာရှိတယ်။ တချို့ဖဲထုပ်ကိုက မှော်ဝင်နေတာ။ အခုမှော်ဝင်နေတဲ့ဖဲထုပ်တစ်ထုပ်ရှိတယ်။ ကျွန်တော်ဘာမှ မလုပ်ဘူး။ ဘယ်သူဖြစ်ဖြစ်လာလုပ်ကြည့်လို့ရတယ်။ အဲဒီဖဲထုပ်ကို (၄)ပုံ ပုံလိုက်ပါ။ ကြိုက်သလိုပုံလိုက်။ ပြီးရင် ဒီဖက်အပုံကစပြီးတော့ အဲဒီအပုံပေါ်က (၃)ချပ်ကို အောက်ကိုချလိုက် နောက်ပြီးတော့ ကျန်တဲ့အပုံတွေပေါ်ကို တစ်ချပ်စီတင်လိုက်။ ပြီးရင် အဲဒီအထုပ်ကို သူ့နေရာသူပြန်ချထားလိုက် နောက်အပုံတွေကိုလည်း အဲဒီလိုပဲဆက်လုပ်ပါ။ အဲဒီမှာတစ်ခုပြောချင်တာက ပရိသတ်ထဲက လူလုပ်နေတာနော် ကျွန်တော်ဘာမှ ဝင်ပြီးမလုပ်ဘူး။ ကဲ ကဲ ရပါပြီ ဒီဖဲထုပ်က မှော်ဝင်နေတာပါ။ အပေါ်ဖဲတွေကို လှန်ကြည့်လိုက်ပါ။ အားလုံးမြင်တဲ့ အတိုင်းပါပဲ။ အားလုံးကင်းဖဲတွေချည်းပဲဖြစ်နေပါတယ်"

ပြဖို့အတွက်ကြိုတင်ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ ပုံ (၁)ထဲကအတိုင်း ကင်းဖဲ (၄)ချပ်ကို ဖဲထုပ်ရဲ့အပေါ်ဆုံးကိုတင်ထားပါ။ အဲဒီလိုပြင်ပြီးသွားပြီဆိုရင်တော့ ပြလို့ရပါပြီ။ ပြတဲ့အခါမှာ ကိုယ်ကဖဲထုပ်ကိုမကိုင်ပါနဲ့ သူ့ကိုသာလုပ်ခိုင်းပါ။ ပုံ (၂)ထဲက အတိုင်းဖဲထုပ်ကို (၄) ပုံပုံခိုင်းလိုက်ပါ။ အဲဒီမှာ အပေါ်ဆုံးမှာတင်ထားတဲ့ ကင်းဖဲ (၄)ချပ် ဘယ်အပုံမှာ ရောက်နေတယ်ဆိုတာ မျက်ချည်မပြတ်ကြည့်ထားပါ။



(၁)

(၂)

(၃)

(၄)



အဲဒီနောက်တော့ ပထမအပုံကို ယူခိုင်းပြီး အပေါ်ဖဲ (၃)ချပ်ကို အဲဒီနေရာမှာပဲထားခိုင်းပါ။ ကျန်တဲ့အပုံတွေပေါ်ကို တစ်ချပ်စီတင်ခိုင်းပါ။ နောက်အပုံတွေကိုလည်း အဲဒီအတိုင်းလုပ်ခိုင်းလိုက်ပါ။ ပုံ (၃) ကိုကြည့်ပါ။ ပုံ (၄)အတိုင်း အပေါ်ဖဲ တွေကိုလှန်ခိုင်းလိုက်ပါ။ ကင်းဖဲတွေချည်းထွက်ပေါ်လာပါလိမ့်မယ်။ ဘာလို့ အဲဒီလိုဖြစ်သွားတာလဲဆိုတော့ ကင်းဖဲ (၄)ချပ်ပါတဲ့အပုံပေါ်ကို ပထမအပုံတွေ ဖဲဝေတုန်းက အဲဒီအပုံတွေဆီက ဖဲ(၃)ချပ်ရောက်နေပါတယ်။ သူ့အလှည့်ကျ တော့ ပထမအပုံတွေလုပ်တဲ့အတိုင်း (၃)ချပ်ကို အောက်ချလိုက်တော့ အဲဒီ (၃)ချပ်ပြန်ကျသွားပြီး အပေါ်က တစ်ချပ်စီအပုံတွေပေါ်ကို ဝေလိုက်တော့ ကင်းတွေချည်းရောက်သွားတာဖြစ်ပါတယ်။

ပြန်လည်တင်ပြသူ - လင်းအောင်ဦး

ဖဲမျက်လှည့်ပြနည်းများ

## အရက်သမား ဖဲရောနည်း

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်


ကျွန်တော့်က မျက်လှည့် ဝါသနာပါလို့ပြတာပါ၊ ကြေးစားတော့မဟုတ်ပါဘူး၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ဆုံတိုင်းလိုလိုပြဖြစ်ပါတယ်၊ များသောအားဖြင့် ပြတာက ဖဲနည်းတွေ၊ ပြလို့လည်းကောင်းတယ်၊ ပစ္စည်းလည်း သိပ်မလိုဘူး၊ ဖဲထုပ်ရှိရင်ပြလို့ရပြီ၊ ကြုံရင်ကြုံသလိုပြတယ်။




(၁)



(၂)



(၃)




(၄)

ကြည့်မယ့်လူရှိလို့ကတော့ ပြပြီးသားပဲ၊ ကောင်းမလေးတွေက ကျွန်တော့်ကို ဖဲမင်းသားတဲ့၊ သူငယ်ချင်း ယောကျ်ားလေးတွေကတော့ အလကားတဲ့ ကလိမ်ကကျစ်တဲ့၊ သူတို့က ကျွန်တော့်ရဲ့အောင်မြင်မှုတွေကို

မနာလိုလို့ဖြစ်မှာပေါ့၊ ဟဲ ဟဲ ဟိုတစ်လောက ကျွန်တော့်ရဲ့ ဖဲမျက်လှည့်တွေကို တီဗွီကနေလွှင့်ဖို့ လာရိုက်သွားတယ်၊ မကြာခင်မှာ နိုင်ငံကျော်ဖြစ်တော့မှာ၊ ဟဲဟဲ အဲဒီရိုက်ကူးရေးက ရတဲ့ပိုက်ဆံကတော့ ဆရာ စန္ဒကြာမတို့ သုံးလိုက်တယ်ဆိုလား သောက်လိုက်တယ်ဆိုလားပဲ၊ အဲဒီနေ့ တီဗီအစီအစဉ်ရိုက်တဲ့နေ့က နေ့ခင်းဖက်ခဏနားနေကြတုန်း ရိုက်ကူးရေးအဖွဲ့ထဲက ဒါရိုက်တာ မင်းဇေယျာလင်းရဲ့ ညီက "ကိုဇွဲတို့ မျက်လှည့်ပြတော့ ကြည့်တဲ့လူအမျိုးမျိုး တွေ့ရမှာပဲနော်" လို့ စကားစလိုက်တယ်၊ ကျွန်တော်ကလည်း ဟုတ်တယ် ကျွန်တော့်အတွေ့အကြုံတစ်ခုပြောပြဦးမယ်၊ ဆိုပြီးဖဲထုပ်ကိုကိုင်လိုက်ပြီးတော့ ဖဲမျက်လှည့်ပြတဲ့အခါမှာ ပရိသတ်ကို ကျွန်တော့်ဖဲထုပ်လေးရောပေးပါဆိုရင် တစ်ချို့က ဟိန္ဒူရှဖာလို့ခေါ်တဲ့ နည်းနဲ့ရောတယ်၊ ပုံ (၁) တစ်ချို့က အိုဗာဟန်းရှဖာ လို့ခေါ်တဲ့နည်းနဲ့ရောတယ်၊ ပုံ (၂) တစ်ချို့ကျွမ်းကျင်သူတွေကျ တော့ ဒီလိုရောတယ်၊ ပုံ (၃) တစ်ချို့ကလည်း ဒီလိုရောတယ်၊ ပုံ (၄) ကျွန်တော်က သူ့ကိုပြောလည်းပြော လုပ်လည်းလုပ်ပြတယ်၊ ပြီးတော့သူ့ကို ဆက်ပြောပြတယ်၊ အဲဒီလိုရောတာတွေက ပြဿနာမရှိပါဘူး၊ ဟို တစ်ခေါက် ပြတုန်းက အရက်သမားတစ်ယောက်သူလည်း ဖဲထုပ်ကိုရောမယ်ဆိုပြီးတော့ ဘယ်လိုရောတယ်အောက်မေ့လို့လဲ သူကမူးနေတော့ ဖဲတွေကို ပက်လက်ကြီး ဖြန့်ပြီးတော့ လေးငါးခြောက်ချပ်လောက်ကို မှောက်လိုက် နောက်တစ်ခါ သုံးလေးချပ်လောက်ကိုလှန်လိုက် သူလုပ်ချင်သလိုလုပ်နေတော့တာပဲဆိုပြီး ကျွန်တော်ကလက်ထဲကဖဲထုပ်နဲ့ တစ်ချို့ကိုမှောက်လိုက်တစ်ချို့ကို လှန်လိုက်နဲ့ ဖဲထုပ်ကုန်တဲ့အထိ သူ့ကို လုပ်ပြလိုက်တယ်၊ ကျွန်တော်က သူ့ကို အတွေ့အကြုံကိုပြန်ပြောပြသလိုလိုနဲ့ မျက်လှည့်ပြနေတာ သူကမသိရှာဘူး၊ ကျွန်တော်ပြောတာကို ခေါင်းလေးတစ်ငြိမ့်ငြိမ့်နဲ့ နားထောင်ရင်းကြည့်နေရှာတယ်၊ ကျွန်တော်က ဖဲတွေကို အရက်သမားရောသလိုရောပြပြီးတော့ သူ့ကိုပြော လိုက်တယ်၊

ဖဲမျက်လှည့်ပြနည်းများ


အရက်သမားတွေကို လျှော့မတွက်နဲ့ ကိုယ့်လူရေ ဒီမှာလည်း ကြည့်လိုက်ဦး ဆိုပြီးတော့ ဖဲထုပ်ကို ပက်လက်ဖြန့်ပြလိုက်တော့ ဖဲချပ်တွေဟာ အနီတွေက သတ်သတ်အနက်တွေက သတ်သတ်အုပ်စုကွဲနေတာကို သူတွေ့ လိုက်ရတယ်၊ အဲဒီတော့မှသူက ကိုဇွဲ ကျွန်တော်ကတော့ တကယ်မှတ်လို့ ကိုဇွဲက ကျွန်တော့်ကိုလာစားနေတာကိုး၊ အဲဒီနည်းမိုက်တယ် ကျွန်တော့်ကို လည်း သင်ပေးတဲ့၊




(၁)



(၂)




(၃)



(၄)

ဒီလိုသူငယ်ချင်းရဲ့ အဲဒီနည်းကိုပြတဲ့အခါမှာ ပထမပိုင်း လျှောက်ပြောပေါ့။ ဖဲထုပ်ကိုတစ်ချို့ကဒီလိုရောတယ်၊ တစ်ချို့က ဟိုလိုရော တယ် ဆိုပြီးပြောလည်း

ပြောလုပ်လည်းလုပ်ပြ နောက်ဆုံးကျတော့ အရက် သမားရောတာကတော့ တော်တော်ဆိုးပါတယ်၊ မှောက်ချင်တာတွေ မှောက်လှန်ချင်တာတွေလှန် လို့ပြောပြီး တကယ်က လျှောက်ပြီးမှောက်ချင် တိုင်းမှောက် လှန်ချင်တိုင်း လှန်လုပ်နေတာမဟုတ်ဘူး၊ အနီသတ်သတ် အနက် သတ်သတ်စီနေတာ၊







ပါးစပ်ကတော့ တတွတ်တွတ်ပြောရမှာက အရက်သမား က တစ်ချို့ ဖဲတွေကိုမှောက်လိုက် တစ်ချို့ဖဲတွေကိုလှန်လိုက်၊ ပြောလည်းပြော ဂရုစိုက်ပြီး လည်းစီ အနီရောင်ဖဲချပ်တွေကို မှောက်တယ်ဆိုအနက်ရောင်ဖဲချပ် တွေကို အဲဒီအတိုင်းလှန်ထား တစ်ထုပ်လုံးကုန်သွားပြီဆိုရင် တစ်ထုပ်လုံးစီပြီး သွားပြီ ပေါ့၊ ဒါပေမယ့် အပေါ်အထပ်က မှောက်လျက်ကြီး အောက်အထပ်က ပက်လက်ကြီးဖြစ်နေသေးတယ်၊ သူတို့ကိုဖြန့်မပြနဲ့ဦး၊

ဖဲထုပ်ကို ဖြန့်မပြပဲ အထပ်လိုက်ခွဲခွဲပြ၊ ဒီမှာကြည့်ပါဦး ဖဲတွေကို မှောက်လိုက်လှန်လိုက်နဲ့ ရှုတ်နေ တာပဲဆိုပြီးတော့ ဖဲထပ်နှစ်ခုဆုံတဲ့နေရာ (ဖဲချပ်နှစ်ချပ် မျက်နှာချင်းဆိုင်ဖြစ် နေတဲ့နေရာ) ကနေ နှစ်ပိုင်းခွဲလိုက်၊ အဲဒီတော့ တစ်ပိုင်းက ဖဲချပ်တွေကို မှောက်နေတယ်၊ နောက်တစ်ပိုင်းက ဖဲချပ်တွေလန် နေမယ်၊ အဲဒီတော့မှ မှောက်နေတဲ့အထပ်ပေါ်ကို လန်နေတဲ့ အထပ်ကို မှောက်ပြီးတော့ထပ်လိုက်၊ ပြီးတော့မှ "အရက်သမားကမူးသားမူးနေတာ


သူစီထားတာတွေက ကွက်တိပဲ ဒီမှာ ကြည့်ပါဦး အနီကသတ်သတ် အနက်က သတ်သတ်" ဆိုပြီးတော့ ဖဲထုပ်ကို လှန်ပြီးတော့ ဖြန့်ပြလိုက်၊ နားလည်ပြီလား နောက်တော့ ကြုံရင်ထပ် ပြီးတော့ သင်ပေးမယ်၊ ဟိုမှာ ဆရာစက္ကောမတို့ ကိုမင်းဇေယျာလင်းတို့ စောင့်နေပြီထင်တယ်၊ ကျန်တာလေးတွေဆက်ပြီး ရိုက်ကြရအောင်။

ပြန်လည်တင်ပြသူ - ဖွဲထက်အော.





သတိထားပါ။ ဥပမာ သူတို့ယူလိုက်တဲ့ဖဲချပ်ဟာ ဟတ်ဖဲနံပါတ် (၇)ဆိုပါစို့၊ ပုံ (၄)ကိုကြည့်ပါ။




(၅)



(၆)

ဖဲထုပ်ကိုစားပွဲပေါ်တင်ပြီးတဝက်ချိုးလိုက်ပါ။ ချိုးချလိုက်တဲ့အပုံပေါ်ကို သူရွေးထားတဲ့ဖဲချပ်ကို ပြန်တင်ခိုင်းပြီးအောက်ဖက်အပုံနဲ့ ထပ်လိုက်ပါ။ ပုံ (၅)ကိုကြည့်ပါ။

ပြီးတော့ ဖဲထုပ်ကိုကိုင်ထားပြီး ခင်ဗျားတို့ရွေးတဲ့ဖဲ မှတ်ထားတဲ့ဖဲဟာ ဖဲထုပ်ထဲမှာ သူ့အလိုလိုပက်လက်လန်သွားတယ်လို့ပြောပြီး ဖဲထုပ်ကိုဖြန့်ပြလိုက်ပါ။ ဖဲတစ်ချပ်ပက်လက်လန်နေတာမှန်ပါတယ်။ ကြိုတင်လုပ်ထားတဲ့ နံပါတ် (၅) ဖဲချပ်ပါ။ သူတို့ကလည်းပြောပါလိမ့်မယ်။ သူတို့ဖဲမဟုတ်ဘူးလို့၊ အဲဒီတော့မှ သူတို့ကို ဒီဖဲဟာခင်ဗျားတို့ဖဲမဟုတ်ရင် သူကနမိတ်ပေးတဲ့ဖဲပဲဖြစ် ရမယ်လို့ ပြောပြီး လက်ထဲမှာ ဖြန့်ထားတဲ့ဖဲချပ်တွေကို အဲဒီပက်လက်လန်နေတဲ့ နံပါတ် (၅) ဖဲချပ်နေရာကနေပြီး နှစ်ပိုင်းခွဲလိုက်ပါ။



(၇)




(၈)


## (၅) ချပ်မြောက်ဖဲနဲ့ တစ်(၄)လုံး

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

ပရိသတ်ကရွေးထားတဲ့ ဖဲချပ်ကို ပြန်ရှာပြတဲ့နည်းတွေထဲက နည်းကောင်းလေးတစ်နည်းဖြစ်ပါတယ်။ အဲဒီနည်းကိုပြမယ်ဆိုရင် ကြိုတင်ပြင်ဆင်ထားရမှာက ဖဲထုပ်ထဲက တစ်ဖဲ (၄)ချပ်နဲ့ နံပါတ် (၅)ဖဲချပ် တစ်ချပ်ကို ထုတ်ပြီးတော့ ဖဲထုပ်ရဲ့အောက်ဆုံးမှာထားရမှာဖြစ်ပါတယ်။ တစ်ဖဲ (၄) ချပ်ကို အောက်ဆုံးမှာ ထားပြီးတော့ နံပါတ် (၅) ဖဲချပ်ကို သူတို့ရဲ့နောက်မှာ ကပ်လျက် မှောက်ပြီး ထားရမှာဖြစ်ပါတယ်၊ ပုံ (၁) (၂) ကိုကြည့်ပါ။




(၁)



(၂)



(၃)



(၄)


ပြတဲ့အခါမှာ ကြိုတင်ပြင်ဆင်ထားတဲ့ဖဲထုပ်ကို ထိန်းပြီးကိုင်တွယ်ပြီး မှောက်လျှက်သားဖဲချပ်တွေကို ဖြန့်ပေးပြီး ကြိုက်တဲ့ဖဲချပ်တစ်ချပ်ယူပါလို့ ပရိသတ်ကိုယူခိုင်းရမှာဖြစ်ပါတယ်။ ပုံ (၃) ကိုကြည့်ပါ။ အဲဒီမှာတစ်ခုသတိထားရမှာက ဖဲထုပ်ရဲ့အောက်ဖက်နားမှာ နံပါတ် (၅) ဖဲတစ်ချပ် ပက်လက်လန်နေတဲ့အတွက် ဖဲထုပ်ကိုဖြန့်တဲ့အခါမှာ အောက်ဖက်နားအထိ မဖြန့်မိအောင်

စက္ကောမ စီစဉ်သည်

သတိထားပါ။ ဥပမာ သူတို့ယူလိုက်တဲ့ဖဲချပ်ဟာ ဟတ်ဖဲနံပါတ် (၇)ဆိုပါစို့၊ ပုံ (၄)ကိုကြည့်ပါ။




(၅)



(၆)

ဖဲထုပ်ကိုစားပွဲပေါ်တင်ပြီးတဝက်ချိုးလိုက်ပါ။ ချိုးချလိုက်တဲ့အပုံပေါ်ကို သူရွေးထားတဲ့ဖဲချပ်ကို ပြန်တင်ခိုင်းပြီးအောက်ဖက်အပုံနဲ့ ထပ်လိုက်ပါ။ ပုံ (၅)ကိုကြည့်ပါ။

ပြီးတော့ ဖဲထုပ်ကိုကိုင်ထားပြီး ခင်ဗျားတို့ရွေးတဲ့ဖဲ မှတ်ထားတဲ့ဖဲဟာ ဖဲထုပ်ထဲမှာ သူ့အလိုလိုပက်လက်လန်သွားတယ်လို့ပြောပြီး ဖဲထုပ်ကိုဖြန့်ပြလိုက်ပါ။ ဖဲတစ်ချပ်ပက်လက်လန်နေတာမှန်ပါတယ်။ ကြိုတင်လုပ်ထားတဲ့ နံပါတ် (၅) ဖဲချပ်ပါ။ သူတို့ကလည်းပြောပါလိမ့်မယ်။ သူတို့ဖဲမဟုတ်ဘူးလို့ အဲဒီတော့မှ သူတို့ကို ဒီဖဲဟာခင်ဗျားတို့ဖဲမဟုတ်ရင် သူကနမိတ်ပေးတဲ့ဖဲပဲဖြစ် ရမယ်လို့ ပြောပြီး လက်ထဲမှာ ဖြန့်ထားတဲ့ဖဲချပ်တွေကို အဲဒီပက်လက်လန်နေတဲ့ နံပါတ် (၅) ဖဲချပ်နေရာကနေပြီး နှစ်ပိုင်းခွဲလိုက်ပါ။




(၇)



(၈)

## ဖဲမျက်လှည့်ပြနည်းများ

နံပါတ် (၅)ဖဲချပ်ကို ရှေ့ဖက်မှာလှန်ချထားပါ။ နှစ်ပိုင်းခွဲလိုက်သော ဖဲထပ်နှစ်ခုကို ပြန်ထပ်လိုက်ပါ။ (ညာလက်မှဖဲထုပ်ကို ဘယ်လက်မှ ဖဲထပ်အောက်ထဲကိုထည့်လိုက်ပါ။)ပြီးလျှင် ဖဲထပ်ကိုစားပွဲပေါ်တွင်ချ၍ နမိတ်ပေးထားတာနံပါတ် (၅)ပဲ ဒါဆိုခင်ဗျားတို့ မှတ်ထားတဲ့ဖဲဟာ (၅)ချပ်မြောက်မှာရှိလိမ့်မယ်ဆိုပြီး ဖဲထပ်ရဲ့အပေါ်ဖဲများမှစတင်၍ ရေတွက်ပြီး (၄)ချပ်ကို ဘေးမှာချထားပြီး ငါးချပ်မြောက်ဖဲချပ်ကိုလက်ထဲမှာကိုင်ပြီး ခင်ဗျားတို့ဖဲက ဘာဖဲလဲလို့မေးပါ။ ပုံ (၇) ကိုကြည့်ပါ။ ပြီးလျှင် ပုံ (၈) အတိုင်းလှန်ပြလိုက်ပါ။ ဟုတ်ပါတယ်။ အဲဒါသူတို့ဖဲပေါ့၊ နောက်တော့ အော်ဒီမှာလည်း ကြည့်လိုက်ပါဦးဆိုပြီးရေတွက်ပြီးဘေးမှာချထားတဲ့ ဖဲချပ် (၄)ချပ်ကိုလည်း လှန်ပြလိုက်ပါ။ အဲဒါတွေကလည်း တစ်ဖဲတွေချည်းပါပဲ။



ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

ဖဲမျက်လှည့်ပြနည်းများ

## ဒရစ်ဘိုစတော့

ပြန်လည်တင်ပြသူ - ထွန်းဘကြူး

ဒရစ်ဘိုဆိုတာက အပေါ်လက်ထဲမှာရှိနေတဲ့ဖဲချပ်တွေကို အောက်ဖက်လက်ထဲကို ဆက်တိုက်ပြစ်ချတာကို ပြောတာပါ။ အခုပြကွက်က မျက်လှည့်ဆရာက အပေါ်လက်ထဲကဖဲချပ်တွေကို အောက်လက်ထဲကို ဆက်တိုက်ပြစ်ချနေတဲ့အချိန် (ဒရစ်ဘို လုပ်နေတဲ့အချိန်) မှာ ကြည့်တဲ့ပရိသတ်က ကြိုက်တဲ့နေရာမှာ "စတော့" လို့ ပြောပြီးရပ်ခိုင်းစေပါတယ်။ အဲဒီ စတော့ လုပ်လိုက်တဲ့နေရာက ဖဲချပ်ကို မျက်လှည့်ဆရာက မကြည့်ဘဲ ပရိသတ်ကို မှတ်ထားခိုင်းပြီး အဲဒီဖဲချပ်ဟာ ဘာဖဲချပ်ဖြစ်တယ်ဆိုတာကို အလွတ်ပြောပြတဲ့နည်းဖြစ်ပါတယ်။

အဲဒီနည်းကိုပြတတ်ဖို့က ဒရစ်ဘို လုပ်တတ်ဖို့လိုပါတယ်။ လက်အနေအထားတွေမှန်ကန်အောင် ပုံ (၁)(၂)(၃) ကိုကြည့်ပါ။ အဲဒီအတိုင်းကိုင်ပါ။ ပုံ (၂)ထဲကအတိုင်း အပေါ်ဖဲထပ်ကို လက်မအားနဲ့ အနောက်ကိုဆွဲပြီးကော့ပါ။ ပုံ (၃)ထဲကအတိုင်း ဖဲချပ်တွေ အောက်လက်ထဲကို ဆက်တိုက်ကျနေအောင် လေ့ကျင့်ပါ။

အဲဒီလေ့ကျင့်ခန်းရပြီဆိုရင် ဒရစ်ဘိုလုပ်နေတဲ့ အချိန်မှာ ပရိသတ်ကို စတော့လို့ပြောခိုင်းပါ။ ပရိသတ်စတော့လို့ပြောတဲ့နေရာက အပေါ်လက်ထဲက အောက်ဖဲကို ပရိသတ်ကိုပြရမှာဖြစ်ပါတယ်။ ပရိသတ်ကစတော့လို့ပြောတဲ့နေရာမှာ ပုံ (၄)အတိုင်း ရပ်လိုက်ပြီးတော့ ပုံ(၅) အတိုင်း အပေါ်ဖဲအထပ်ကို အနောက်ဖက်ကို နနဲကော့လိုက် ပါ။ ဖဲချပ်ကို ခိုးပြီးကြည့်လိုက်တာဖြစ်ပါတယ်။ အဲဒီလိုခိုးပြီး အမှတ်တမဲ့ ကြည့်လိုက်တာ ပရိသတ်မသိဖို့ လိုအပ်ပါတယ်။ ကိုယ်ကြည့်ပြီးမှ သူတို့ကို အဲဒီဖဲချပ်ကို မှတ်ထားဆိုပြီး ပြလိုက်ပါ။ ပုံ (၆) ကိုကြည့်ပါ။ သူတို့ကတော့ မျက်လှည့်ဆရာမကြည့်ဘူးလို့ထင်ပါလိမ့်မယ်။

## စက္ကောမ စီစဉ်သည်

အမှန်ကတော့ ကိုယ်ကကြည့်ပြီး နေပါပြီ။

သူဖဲချပ်ကို ကိုယ်ကသိနေပြီပဲ ကျန်တာကတော့ ကိုယ်ကြိုက်သလိုဆက်ပြီးတော့ ပြလို့ရပါတယ်။ အရေးကြီးတာက သူဖဲချပ်ကို ချက်ချင်းမပြောပါနဲ့ အရောင်စပြောပါ။ ပြီးမှ အပွင့်ကိုပြောပါ။ နောက်မှ နံပါတ်သေသေချာချာ အာရုံခံ စဉ်းစားပြီးတော့ ပြောတဲ့ဟန်နဲ့ပေါ့။

နောက်တစ်ခုအရေးကြီးတာ လေ့ကျင့်ခန်း ဒရစ်ဘိုလုပ်နေရာကနေ စတော့ဆိုရင် ချက်ချင်းနောက်ကိုတစ်ချက်ပဲကော့ပြီးတာနဲ့ ပုံ (၆)ထဲကအတိုင်း သူတို့ကိုပြဖို့အရေးကြီးပါတယ်။ အနောက်ကိုတစ်ချက်အကော့မှာတင် ဖဲချပ်ကို ကြည့်နိုင်ဖို့လိုအပ်ပါတယ်။ အနောက်ကို အကြာကြီးကော့ထားပြီးတော့ ကြည့်နေလို့မရပါဘူး။ လေ့ကျင့်ခန်းကောင်းမယ်ဆိုရင် ပရိသတ်လုံးဝ မရိတ်မိနိုင်ပါဘူး။

ပြန်လည်တင်ပြသူ - ထွန်းဘကြူး


(၁)


(၂)


(၃)


(၄)


(၅)


(၆)


ဖဲမျက်လှည့်ပြနည်းများ

## သံလိုက်ဓါတ်ရှိသောဖဲချပ်များ

ပြန်လည်တင်ပြသူ - လင်းအောင်ဦး


"ဖဲချပ်တွေမှာသံတွေကို သံလိုက်ကဆွဲယူသလိုပဲ သံလိုက်ဓါတ်ဝင်နေတဲ့ ဖဲချပ်တွေရှိတယ်ဆိုရင် ယုံမှာမဟုတ်ပါဘူး။ အဲဒီဖဲချပ်တွေက သံတွေကိုတော့ ဆွဲယူတာမဟုတ်ပါဘူး။ သူနဲ့အမျိုးတူတဲ့ဖဲချပ်တွေကို ညှို့ယူတာပါ။ မယုံဘူး ဆိုရင်တော့ လက်တွေ့ပြရမှာပါပဲ။ ဥပမာ ဒီမှာဖဲလေးတစ်ချပ်ဘာဖဲလေးလဲ ဆိုတာသိနိုင်ဖို့ခက်ပါတယ်။ ဘာလို့လဲဆိုတော့ မှောက်ထားတာကိုး' လို့ ပြောပြီး မျက်လှည့်ဆရာသည် ဖဲထုပ်ထဲက မကြည့်ပဲထုတ်ထားတဲ့ ဖဲချပ်လေး ကို စားပွဲပေါ်မှာမှောက်ထားလိုက်ပါတယ်။ ပြီးတော့ သူ့လက်ထဲက ဖဲထုပ်ကို ပက်လက်လှန်ပြီးတော့ စားပွဲပေါ်ကို တစ်ချပ်ချင်းချရင်း 'တစ်ယောက်လောက် က ကြိုက်တဲ့နေရာမှာ ရပ်လို့ပြောပေးပါ' လို့ ပရိသတ်ကိုလှမ်းပြီးတော့ ပြောလိုက်ပါတယ်။ ပရိသတ်က ရပ်ဆိုတဲ့နေရာမှာ မျက်လှည့်ဆရာက ဖဲတွေ တစ်ချပ်ခြင်းအောက်ချနေတာကို ရပ်လိုက်ပြီး လက်ထဲမှာကျန်နေတဲ့ ဖဲချပ်တွေ ကိုမှောက်ပြီးချလိုက်ပါတယ်။ ပြီးတော့ အောက်မှာချထားတဲ့ ဖဲတွေကိုလည်း ညှိလိုက်ပါတယ်။ စားပွဲပေါ်မှာ အပုံနှစ်ပုံနဲ့ ကြိုပြီးချထားတဲ့ဖဲချပ်တစ်ချပ် နောက်တော့ မျက်လှည့်ဆရာက 'အဲဒီနှစ်ပုံထဲက တစ်ပုံရွေးပေးပါလို့' ပရိသတ် ကိုလှမ်းပြီးပြောလိုက်တယ်။ ပရိသတ်က တစ်ပုံရွေးပေးလိုက်တယ်။ အဲဒီအပုံပေါ်က ဖဲချပ်တစ်ချပ်ကို မျက်လှည့်ဆရာက လှန်လိုက်ပြီးတော့ 'နံပါတ်ခြောက်ဖဲပဲ နံပါတ်ခြောက်ဆိုတော့ ဒီဖက်အပုံက ခြောက်ချပ်ရေပြီး ချလိုက်မယ်' လို့ပြောပြီး နံပါတ်ခြောက်ဖဲကို သူ့အပုံပေါ်ပက်လက်လှန်ပြီး တင်လိုက်တယ်။ ဟိုဖက်ကျန်တဲ့အပုံရဲ့အပေါ်ဖက်ကနေပြီးတော့ ခြောက်ချပ် ရေပြီးအောက်ကိုချလိုက်တယ်။ လက်ထဲမှာကျန်တဲ့ဖဲချပ်တွေကိုလည်း စားပွဲ ပေါ်မှာ သတ်သတ်စီပုံလိုက်တယ်။ စားပွဲပေါ်မှာအားလုံးအပုံ (၃)ပုံနဲ့

ကြိုပြီးတော့ ချထားတဲ့ ဖဲချပ်တစ်ချပ်ရှိနေတယ်။ အဲဒီအထဲကတစ်ပုံရဲ့အပေါ်မှာတော့ (၆)ဖဲတစ်ချပ် လှန်ထားတယ်။ မျက်လှည့်ဆရာက ဖဲတွေကိုကြည့်ပြီးတော့ 'အားလုံးသေသေချာချာကြည့်ပါ အခုလှန်ထားတဲ့နံပါတ်ခြောက်ဖဲချပ်ကနေ ပြီးတော့ သူမှာရှိတဲ့သံလိုက်ဓါတ်နဲ့ ကျန်တဲ့ခြောက်ဖဲတွေကိုဆွဲယူပါလိမ့်မယ်' လို့ပြောပြီးတော့ သူ့ရဲ့လက်ချောင်းလေးတွေနဲ့ ဖဲချပ်တွေအပေါ်ကနေ ဝှေ့ရန်း လိုက်ပါတယ်။ နောက်တော့ ကျန်တဲ့အပုံ (၂)ပုံက အပေါ်ဖဲတွေနဲ့အရှေ့မှာ ကြိုချထားတဲ့ဖဲချပ်ကိုလှန်လိုက်ပါတယ်။ အားလုံးဟာ ခြောက်ဖဲတွေချည်းပါပဲ။




(၁)

(၂)




ကြိုတင်ပြင်ဆင်ထားရမှာက ပုံ (၁) ဖဲထုပ်ထဲက (၆)ဖဲ(၄)ချပ်ကို ထုတ်ပါ။ ပုံ (၂) ဖဲထုပ်ရဲ့အပေါ်ဆုံးမှာခြောက်တစ်ချပ်ထားပါ။ ပုံ (၃) ဖဲထုပ်ရဲ့အပေါ် (၁၀) ချပ်မြောက်မှာ ခြောက်တစ်ချပ်ထားပါ။ ပုံ (၄)ကျန်ခြောက်ဖဲနှစ်ချပ်ကို ဖဲထုပ်အပေါ်ဖက်ရဲ့ (၆) ချပ်မြောက်နဲ့ (၇) ချပ်မြောက်မှာထားပါ။ အဲဒါတွေစီပြီးရင်တော့ ပြလို့ရပါပြီ။




(၃)

(၄)




စပြီးတော့ပြပြီဆိုရင် ပုံ (၅)အတိုင်းဖဲထုပ်ကို ဖြန့်ပြီးတော့ ကြိုက်တဲ့ ဖဲတစ်ချပ်ကို ချသလိုလိုနဲ့ (၁၀)ချပ်မြောက်ဖဲကိုချလိုက်ပါ။ 'ဒီမှာ ဖဲတစ်ချပ်ချထားမယ် ဘာဖဲလဲဆိုတာတော့ ခင်ဗျားတို့လည်းမသိဘူး။ ကျွန်တော်လည်းမသိဘူး နောက်တော့မှ ကြည့်ကြတာပေါ့' လို့ခပ်တည်တည်နဲ့ ဖိန့်လိုက်ပါ။ ပြီးတော့ ဖဲထုပ်ကိုပက်လက်လှန်လိုက်ပါ။ ပုံ (၆)အတိုင်း ဖဲတွေကို တစ်ချပ်ချင်းအောက်ကိုချပါ။ နံပါတ်ခြောက်ဖဲချပ်တွေကိုကျော်သွားရင် "ကြိုက်တဲ့နေရာမှာ ရပ်ခိုင်းပါ" လို့ပရိသတ်ကိုပြောလိုက်ပါ။ ပရိသတ်က "ရပ်" လို့ပြောတဲ့နေရာမှာ ရပ်လိုက်ပါ။ အောက်ဖက်ကိုချထားတဲ့အပုံနဲ့ လက်ထဲကအပုံမှောက်ပြီးတော့ သတ်သတ်စီထားပါ။ ပုံ (၇) ကိုကြည့်ပါ။




(၅)

(၆)




ဘယ်အပုံရဲ့အပေါ်ဖဲချပ်ဟာ နံပါတ် (၆)ဖဲလဲဆိုတာတော့ သိထားရမှာ ဖြစ်ပါတယ်။ ပြီးတော့ ပရိသတ်ကို "အဲဒီနှစ်ပုံထဲက ကြိုက်တဲ့တစ်ပုံ ကိုပဲရွေးပေးပါ" လို့ပြောပါ။ သူကဘယ်အပုံကိုပဲရွေးရွေး အပေါ်ဆုံးမှာ နံပါတ် (၆) ဖဲချပ်ပါတဲ့အပုံကိုပဲရွေးလိုက်တယ်လို့ ထင်အောင်လုပ်ရပါမယ်။ ဆိုလိုချင်တာက ဥပမာ သူကအပေါ်ဆုံးမှာ နံပါတ် (၆) ပါတဲ့အပုံမရွေးဘူးဆိုပါစို့ ကိုယ်က လူလယ်လုပ်ပြီး "ဒီအပုံကို ခင်ဗျားကရွေးလိုက်တယ်ဆိုရင် ကျန်အပုံက ကျွန်တော့်အပုံပေါ့၊ ကဲကဲ အဲဒီအပုံရဲ့အပေါ်ဆုံး ဖဲချပ်ကိုကြည့်ရအောင်" ဆိုပြီးတော့ အပေါ်ဆုံးကနံပါတ် (၆)ဖဲချပ်ကို လှန်လိုက်ပါ။ သူကနံပါတ် (၆) ပါတဲ့အပုံကို တန်းပြီးရွေးတယ်ဆိုရင်တော့ "ကဲ ခင်ဗျားရွေးတဲ့အပုံက အပေါ်


ဆုံးဖဲချပ်ကိုလှန်ကြည့်ရအောင်” ဆိုပြီးတော့ လှန်လိုက်ပါ။



(၇)


(၈)





(၉)

(၁၀)



“ဟာ နံပါတ် (၆) ဖဲပဲ အင်းနံပါတ်(၆)ဆိုတော့ ဒီအပုံထဲက ဖဲ(၆)ချပ်ရေပြီးချလိုက်မယ်” ဆိုပြီးတော့ နောက်တစ်ပုံကိုကောက်ကိုင်ပြီး ဖဲ (၆)ချပ်ရေတွက်ပြီးချလိုက်ပါ။ လက်ထဲမှာ ကျန်နေတဲ့ဖဲများကိုလည်း သတ်သတ်ချထားလိုက်ပါတယ်။ ပွဲကပြီးနေပါပြီ။ နံပါတ်(၆)ဖဲတွေအားလုံး အပေါ်ဆုံးတွေမှာရောက်နေပါပြီ “တစ်ချို့ဖဲတွေမှာ သံလိုက်ဓါတ်ရှိတယ် တစ်ချပ်နဲ့တစ်ချပ်ဆွဲငင်အားရှိတယ်။ အခုဒီမှာကြည့် နံပါတ် (၆)ဖဲ ကျန်တာတွေလည်း (၆)ဖဲတွေ ဖြစ်ဖို့များတယ်” လို့ ခပ်တည်တည်နဲ့ပြောပြီး ကျန်တဲ့ (၆) တွေကိုလှန်ပြလိုက်ပါ။ ပုံ (၈) (၉)(၁၀) ကိုကြည့်ပါ။

## ဂျက်နဲ့သူ့၏သူငယ်ချင်းများ

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

ဂျက်ဖဲ (၄) ချပ်ကို ပြပြီးတော့ ဖဲထုပ်ရဲ့အပေါ်ဆုံးမှာ မှောက်ထားပါတယ်၊ နောက်တော့ ဂျက်ဖဲ (၃)ချပ်ကို ဖဲထုပ်ရဲ့အလယ်ထဲကို ထည့်လိုက်ပါတယ်၊ အပေါ်ဆုံးမှာ ဂျက်ဖဲတစ်ချပ်ပဲကျန်တော့တယ်၊ ဒါပေမယ့် သိပ်မကြာလိုက်ပါဘူး၊ ဖဲထုပ်ထဲကိုထည့်ထားတဲ့ ဂျက်ဖဲ(၃)ချပ်ဟာ အပေါ်ဆုံးမှာရှိနေတဲ့ သူ့သူငယ်ချင်းဆီကို ပြန်ရောက်လာကြပါတယ်၊ တော်တော်အပေါင်းအသင်းမင်တဲ့ ဂျက်တွေပါလား။




(၁)



(၂)

ကြိုတင်ပြုလုပ်ထားရမှာက ပုံ(၁)မှာ ပြထားတဲ့အတိုင်း ဂျက်ဖဲ (၄)ချပ်ကို ဖဲထုပ်ရဲ့အောက်ဆုံးမှာထားပါ၊ ပြတော့ ဖဲထုပ်ကိုပက်လက်လှန်ပြီးတော့ ပရိသတ်ကို ဂျက်ဖဲ (၄)ချပ်ကို ပြသလိုလိုနဲ့ ဖဲတွေကို ဖြန့်ပြီး ဂျက်ဖဲ (၄)ချပ်အပြင် သူ့နောက်ကတခြား (၃)ချပ်ကိုပါ ဖြန့်ပါ၊ ပြီးရင် အဲဒီစုစုပေါင်း (၇)ချပ်ကို အောက်ကလက်သန်းနဲ့ထောက်ထားပြီးဖြန့်ထားတာကို ပြန်ပိတ်လိုက်ပါ၊ ဖြစ်ချင်တာက ဂျက်(၄)ချပ်အပါအဝင်အားလုံး (၇) ချပ်ကို အောက်ဖဲအထပ်နဲ့အုပ်စုခွဲလိုက်တာ၊ အဲဒီလိုလုပ်လိုက်တာ ပရိသတ်မသိပါစေနဲ့၊ ပရိသတ်ရဲ့အမြင်မှာတော့ ဖဲတွေကို ဖြန့်ပြတယ်၊ ပြန်ပိတ်တယ်ပေါ့၊ ပုံ (၂) ကိုလည်း ကြည့်ပါ။




(၃)




(၄)

ပုံ(၃)မှာ ပြထားတဲ့အတိုင်း ကိုင်တွယ်ပြီးတော့ အောက်ကလက်သန်းနဲ့ အုပ်စုခွဲထားတဲ့အပေါ်ဖဲ (၇)ချပ်ကို မယူလိုက်ပါ၊ ပရိသတ်ကိုတော့ ဒီမှာကြည့် ဂျက်ဖဲ (၄)ချပ် ပြီးတော့ပုံ (၄)အတိုင်းအောက်ကဖဲထပ်ကို အထပ်လိုက်မှောက် လိုက်ပါ။




(၅)

အောက်ကဖဲထပ်ကို မှောက်ပြီးပြီဆိုရင်တော့ ညာဖက်လက်ထဲမှာ ကိုင်ထားတဲ့ ဖဲချပ်အားလုံးကို အဲဒီဖဲထုပ်ပေါ်ကို မှောက်ချလိုက်ပါ၊ ပုံ (၅) ကို ကြည့်ပါ၊ (ပရိသတ်အမြင်မှာ ဂျက်ဖဲ (၄)ချပ်ကို မှောက်လိုက်တယ်ပေါ့၊ အမှန်ကတော့ အားလုံးပေါင်း (၇)ချပ်ပါ၊ အပေါ်ဆုံးမှာ ဂျက်မဟုတ်တာက (၃)ချပ် ပြီးတာ့ ဂျက်ဖဲ (၄)ချပ်)




(၆)

ပုံ (၆)မှာပြထားတဲ့အတိုင်း အပေါ်ဆုံးဖဲချပ်(၃)ချပ်ကို ဖဲထုပ်ရဲ့ အတွင်းထဲသို့ တစ်နေရာစီခွဲပြီးထည့်လိုက်ပါ၊ အဲဒီ (၃)ချပ်အောက်က ဂျက်ဖဲကို ဖဲထုပ်ရဲ့အပေါ်မှာလှန်ထားလိုက်ပါ၊ (ပရိသတ်အမြင်မှာ ဂျက်ဖဲ(၃)ချပ်ကို ဖဲထုပ်ရဲ့အလယ်ထဲကိုထည့်လိုက်တယ်လို့မြင်လိမ့်မည်၊ အမှန်မှာ ၄င်းဖဲများသည် ဂျက်မဟုတ်သော အခြားဖဲများဖြစ်သည်)



(၇)

ပုံ(၇)မှာ ပြထားတဲ့အတိုင်း ဖဲချပ်တွေကိုအတွင်းကို ထည့်လိုက်ပါ၊ အပေါ်မှာရှိနေတဲ့ ဂျက်ဖဲကိုကြည့်ပြီး အတွင်းထဲက ဂျက်တွေ အပေါ်ကို တက်ခဲ့ရန် အမိန့်ပေးလိုက်ပါ၊



(၈)

ပုံ (၈) ထဲကအတိုင်း အပေါ်ဖဲ(၄)ချပ်ကို လှန်ပြလိုက်ပါ၊ အတွင်းထဲကို ထည့်ထားတဲ့ ဂျက်ဖဲတွေ ပြန်ရောက်လာပါပြီ။

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

စက္ကောမ စိစဉ်သည်

## သူ့အပူ ကိုယ့်အပူ


ပြန်လည်တင်ပြသူ - ထွန်းဘကြူ

မျက်လှည့်ဆရာသည် ဖဲထုပ်ကို(၃)ပုံပုံခိုင်း၏။ ကြိုက်ရာအပုံမှ ကြိုက်ရာ ဖဲချပ်တစ်ချပ်ကိုယူစေပြီး သူမကြည့်ပဲ ပရိသတ်ကို မှတ်သားထားစေ၏။ ထို့နောက် ဖဲထုပ်ထဲပြန်ထည့်စေ၍ ပြန်ရော၏။ ပြီးတော့သူကပြော၏။ "လူတွေမှာ အပူတွေရှိတယ် တစ်ယောက်နဲ့တစ်ယောက် အပူချင်းမတူကြဘူး ကျွန်တော်ပြောတဲ့အပူက လင်ပူတာ သားပူတာကိုပြောတာမဟုတ်ဘူး။ လူရဲ့ ခန္ဓာကိုယ်ကထွက်တဲ့ အပူငွေ့ကိုပြောတာ ခပ်စောစောကပရိသတ်ထဲက တစ်ယောက်ရွေးပြီးတော့ အားလုံးကိုပြလိုက်တဲ့ဖဲချပ် အဲဒီဖဲချပ်မှာ အဲဒီလူရဲ့ အပူငွေ့တွေအပူရှိန်တွေရှိတယ်။ အဲဒီအပူရှိန်ကို အာရုံခံပြီးတော့ သူရဲ့ဖဲချပ်ကို ပြန်ရှာပြမယ်" ဟု ပြောပြီး ဖဲထုပ်အတွင်းထည့်ပြီးရောမွှေထားသောဖဲချပ်ကို ပြန်လည်ရှာပြလိုက်၏။


အဲဒီပြကွက်ကို ပြန်ပြဖို့အတွက် သူများတွေကိုမပြခင် ကိုယ်ကိုယ်တိုင် ပုံတွေကိုကြည့်ပြီးတော့ အဆင့်ဆင့်လိုက်လုပ်ကြည့်ရအောင်။ ပုံ (၁) အတိုင်း ဖဲထုပ်ကို ၃ ပုံပုံလိုက်ပါ။ ပုံ (၂) အတိုင်းကြိုက်တဲ့အပုံက ကြိုက်တဲ့ ဖဲချပ်တစ်ချပ် ကို ယူပြီးတော့ မှတ်ထားလိုက်ပါ။ ဥပမာ ပုံ (၂) ထဲက အတိုင်း ထိပ်ဆုံးအပုံက တစ်ချပ်ညှင်းဖဲနံပါတ် ၉ ဆိုပါစို့။ အဲဒီဖဲချပ်ကို အဲဒီအပုံရဲ့ အပေါ်ကိုပြန်တင်ပြီး တော့ အဲဒီအပုံကို ပုံ (၃)ထဲက အတိုင်း ပက်လက်လှန် လိုက်ပါ။ ပြီးတော့ ပက်လက်အတိုင်းပဲ ကျန်တဲ့နှစ်ပုံထဲက ကြိုက်တဲ့အပုံတစ်ပုံ ပေါ်ကိုပုံ (၄)အတိုင်း တင်လိုက်ပါ။ ပုံ (၅) အတိုင်း ကျန်တဲ့အပုံနဲ့ အပေါ်က ထပ်အုပ်လိုက်ပါ။ ပုံ (၆) (၇) အတိုင်းတစ်ဝက်ခွဲပြီး ကုလားဖန်ထိုးပါ။ ပြီးရင် ဖဲထပ်ကို အပေါ် အောက်ပြောင်းပြန်လှန်လိုက်ပါ။ ပုံ (၈) အတိုင်းဖဲချပ်တွေကို ဖြန့်လိုက်ပါ။ ပက်လက်ဖဲချပ်များပြီးရင် ပထမဦးဆုံးတွေ့ရတဲ့မှောက်လျက် ဖဲချပ်ဟာ

စောစောကမှတ်ထားတဲ့ဖဲချပ်ပဲဖြစ်ပါတယ်။ ပုံ (၉)

အဲဒီအဆင့်ဆင့်တွေကို ကိုယ်တိုင် ၃ ၄ ကြိမ်လောက်စမ်းသပ်ပြီးသွားပြီ ကိုယ့်ဖက်သေချာပြီဆိုရင်တော့ ပြလို့ရပါပြီ။




(၁)




(၂)




(၃)



(၄)




(၅)




(၆)


စက္ကောမ စီစဉ်သည်



(၇)

(၈)





(၉)

ပြန်လည်တင်ပြသူ - ထွန်းဘကြူး

# ဂိမ်း(၁)


ပြန်လည်တင်ပြသူ - ထွန်းဘကြူး

မျက်လှည့်ဆရာကပြောပါတယ်။ "မိတ်ဆွေ ဖဲထုပ်ထဲကကြိုက်တဲ့ ဖဲချပ်တစ်ချပ် ယူကြည့်ပြီးတော့ မှတ်ထားလိုက် ပြီးရင်ဖဲထုပ်ထဲကို ပြန်ထည့်ပြီးတော့ ထားလိုက် မိတ်ဆွေမှတ်ထားတဲ့ ဖဲချပ်ဟာ ဘာဖဲလဲဆိုတာ (ဂိုစ်) သူ့ရဲ့က ပြန်ပြီးတော့ ရှာပေးလိမ့်မယ်" တဲ့ သူပြောတဲ့အတိုင်း ပရိသတ်ကဖဲထုပ်ထဲက ဖဲချပ်တစ်ချပ်ကို ယူပြီးတော့ ကြည့်တယ်ဘာဖဲလဲဆိုတာ စိတ်ထဲမှာ မှတ်ထားတယ်။ မျက်လှည့်ဆရာကို မပြဘူး။ နောက်တော့ ဖဲထုပ်ထဲကို ပြန်ထည့်လိုက်တယ်။ မျက်လှည့်ဆရာက အဲဒီဖဲထုပ်ကို သူ့လက်ဝါးပေါ်မှာတင်ထားပြီးတော့ သူရဲကိုခေါ်တယ်။ သိပ်မကြာလိုက်ပါဘူး။ မျက်လှည့်ဆရာရဲ့လက်ထဲက ဖဲထုပ်ဟာနှစ်ပုံကွဲသွားပြီးတော့ အောက်ဖက်အပုံရဲ့ အပေါ်ဖဲကို လှန်ကြည့်လိုက်တဲ့အခါမှာ ပရိသတ်မှတ်ထားတဲ့ဖဲချပ် ဖြစ်နေတာကိုတွေ့ရပါတယ်။ တကယ်ပဲ သူရဲက လာပြီးရွေးပေးတာလား။

တကယ်ကတော့ ဖဲထုပ်ရဲ့ ခုံးနေတဲ့ ဖဲအထပ်နဲ့ ကော့နေတဲ့ဖဲအထပ် အဲဒီနှစ်ထပ်ကြားက ကွဲထွက်သွားတာပါ။ လက်ကလည်း အလိုက်သင့်လေး လိုက်ပေးလိုက်လို့ပါ။ မပြခင်မှာ ပုံ (၁)ထဲက အတိုင်းဖဲထုပ်ကို နဲနဲ ခုံးနေအောင် လုပ်ထားပါ။ ပုံ (၂) ထဲကအတိုင်း သူတို့ကို တစ်ချပ်ရွေးခိုင်းပါ။ ပုံ (၃) အတိုင်းသူတို့မှတ်ပြီးရင်ပြန်တင်ခိုင်းပါ။ ပြန်တင်ဖို့အတွက် ဖဲထုပ်တစ်ဝက်ခွဲ ပေးလိုက်ပါ။ အဲဒီအချိန်မှာ ညာဖက်လက်ကဖဲထပ်ကို ပုံ (၃) ထဲက အတိုင်း ဆွဲပြီးတော့ ကော့လိုက်ပါ။ သူဖဲတင်ပြီးသွားရင် ညာလက်ထဲက ဖဲထပ်ကို အပေါ်ကထပ်ပြီးအုပ်လိုက်ပါ။ ဖဲထုပ်ကို ပုံ (၄) အနေအထားမှာထားပါ။ အမူအရာ လုပ်ရင်းဖဲထုပ်တင်ထားတဲ့လက်ကို မသိမသာဖြေးဖြေးငိုက်ပါ။ အောက်ဖက်ဖဲထပ်ကခုံးနေတာနဲ့ အပေါ်ဖက်ဖဲထပ်က ကော့နေတာကြောင့်


စက္ကောမ စီစဉ်သည်

အပေါ်ကဖဲအထပ်ဟာ တဖြေးဖြေးကွဲပြီး ရှေ့ဖက်ကို ထွက်လာပါလိမ့်မယ်။
အဲဒီအောက်ဖက်ဖဲထပ်ရဲ့ အပေါ်ဆုံးဖဲချပ်ဟာ သူတို့ဖဲချပ်ပါပဲ။





(၁)

(၂)




(၃)





(၄)



ပြန်လည်တင်ပြသူ - ထွန်းဘကြူး

## အရာအားလုံးကိုကြိုတင်ပြီးတော့ သိနေပါတယ်ဆိုရင်

ပြန်လည်တင်ပြသူ - လင်းအောင်ဦး

နည်းကောင်းလေးတစ်နည်းဖြစ်ပါတယ်။ လွယ်လွယ်ကူကူလည်း လူတိုင်း ပြန်ပြနိုင်ပါတယ်။ ပြကွက်ရဲ့သဘောကတော့ ဖဲထုပ်နှစ်ထုပ်နဲ့ မျက်လှည့် ပြတဲ့သူက သူ့သူငယ်ချင်းကို ဖဲထုပ်တစ်ထုပ်ပေးတယ်။ မင်းကြိုက်သလိုရော လို့ပြောတယ်။ ပြီးတော့ မင်းကအဲဒီဖဲထုပ်ထဲက ကြိုက်တဲ့ဖဲတစ်ချပ်ထုတ် ငါကလည်း ငါ့ဖဲထုပ်ထဲက ဖဲတစ်ချပ်ထုတ်မယ်။ ဆိုပြီးတော့ တစ်ယောက် တစ်ချပ်စီ ကိုယ်ကြိုက်တာကိုယ်ထုတ်ကြ တယ်ပြီးတော့မှ အဲဒီကိုယ်ကြိုက်တာ ကိုယ်ထုတ်ထားတဲ့ဖဲချပ်တွေကို ပြိုင်တူ လှန်လိုက်တာ အတူတူဖြစ်နေတယ်။ နဲနဲလေးတောင်မှ မလွဲဘူး။ မျက်လှည့် ပြတဲ့သူက သူ့သူငယ်ချင်းကိုပြောတယ်။ မင်းဘယ်ဖဲချပ်ကိုရွေးမယ်ဆိုတာ ငါကြိုသိနေတယ်။ ဒါတင်မကဘူး အရာအားလုံးကို ကြိုတင်ပြီးတော့ သိနေပါတယ်ဆိုရင်။

ပြဖို့လိုအပ်တာက အရောင်ကွဲဖဲထုပ်နှစ်ထုပ် ကြိုတင်ပြင်ဆင်ထားရမှာက သူငယ်ချင်းကိုပေးမယ့်အထုပ်ထဲက ကြိုက်တဲ့ဖဲချပ်တစ်ချပ်ကိုယူထား ကိုယ့်ဖဲထုပ်ထဲကလည်း သူ့ဖဲနဲ့တူတဲ့ဖဲချပ်တစ်ချပ်ကို ထုတ်ပြီးတော့အပြင်မှာ ခဏချထား ကိုယ့်ရဲ့ဖဲထုပ်ကို အောက်ဖက်သုံးပုံတစ်ပုံလောက်ကနေ ပြီးတော့ ပြောင်းပြန်ပြန်ကပ်။ အဲဒီပြောင်းပြန်ပြန်ကပ်တဲ့ ဖဲအထပ်ရဲ့ အပေါ်ဆုံးမှာ အရောင်ကွဲသူ့အထဲက ထုတ်ထားတဲ့ ဖဲချပ်ကိုတင်လိုက်။ ပုံ (၁) (၂) ကိုကြည့် ပါ။ ပြီးရင် ဖဲထုပ်ကိုပြန်ပြီးမှောက်လိုက်ပါ။ ပုံ (၃) ထဲကအတိုင်း ကိုယ့်အထဲက ထုတ်ထားတဲ့ သူနဲ့အပွင့်တူနံပါတ်တူ ဖဲချပ်ကို အပေါ်ကနေ စပြီးရေရင် ၆ ချပ်မြောက်နေရာမှာထားပါ။ အဲဒီလိုစဉ်ပြီးရင် ကိုယ့်ဖဲဘူးထဲကို ပြန်ထည့်ထား ပါ။ သူ့ရဲ့ဖဲဘူးကိုတော့ ဘာမှပြင်ဆင်ထားစရာ မလိုပါဘူး။ သူ့အထဲက တစ်ချပ်ပဲထုတ်ပြီးတော့ ကိုယ့်ဖဲဘူးထဲကို ထည့်ထားတာပါ။ သူ့ဆီကထုတ်


ထားတဲ့ဖဲချပ်က ကိုယ့်ဖဲဘူးထဲက ဖဲထပ်ရဲ့ အောက်ဆုံးမှာ ပက်လက်လှန်ပြီး တော့ထည့်ထားပါ ကြိုတင်ပြင်ဆင်ထားတာကိုပြန်ပြီးတော့ ရှင်းပြပါမယ်။ အဆင့် ၄ ဆင့်ရှိပါတယ်။

အဆင့် (၁) သူ့ဆီကဖဲတစ်ချပ် ကိုယ့်ဆီကဖဲတစ်ချပ်ဆင်တူ ထုတ်ထားပါ။ ပုံ (၁)


အဆင့် (၂) ကိုယ့်ဖဲထုပ်ရဲ့ အောက်ဖက်သုံးပုံတစ်ပုံက ဖဲချပ်တွေကို ပြောင်းပြန်လှန်ပြီးတော့ အောက်ဖက်မှာ ပြန်ထပ်ပါ။ အဲဒီပြောင်းပြန်ဖဲတွေရဲ့ အပေါ်ဆုံးမှာ သူ့ဖဲထုပ်ထဲက ထုတ်ထားတဲ့ ဖဲချပ်ကိုထားပါ။ ပုံ (၂) ပြီးရင် အဲဒီဖဲထုပ်ကို ပြန်မှောက်လိုက်ပါ။

အဆင့် (၃) ကိုယ့်ဖဲထုပ်ထဲက ထုတ်ထားတဲ့ သူ့ဖဲနဲ့ အပွင့်တူနံပါတ်တူဖဲချပ်ကို ကိုယ့်ဖဲထုပ်ရဲ့ အပေါ်ဖက် ၆ ချပ် မြောက်နေရာမှာထားပါ။ ပုံ (၃)

အဆင့် (၄) ပြင်ဆင်ထားသော ကိုယ့်ဖဲထုပ်ကို ကိုယ့်ဘူးထဲပြန်ထည့်ထားပါ။ သူ့ဖဲထုပ်ကို သူ့ဘူးထဲပြန်ထည့်ထားပါ။ ပုံ (၄)



ကိုယ့်ဖဲထုပ်ထဲက တစ်ချပ်နဲ့သူ့ဖဲထုပ်ထဲက တစ်ချပ်(နှစ်ချပ်ဆင်တူ)




ဖဲထုပ်ရဲ့အောက်ဆုံးဖက် သုံးပုံတစ်ပုံလောက်ကို ပြောင်းပြန်လှန်ပြီးပြန်ထပ်။ သူ့ဖဲဗူးထဲက ထုတ်ထားတဲ့ဖဲချပ်ကို အပေါ်ဆုံးမှာထားပါ။



ဖဲထုပ်ကိုပြန်မှောက်ပြီး ကိုယ့်ဗူးထဲက ထုတ်ထားတဲ့ သူနဲ့ဆင်တူဖဲချပ်ကို အပေါ် မှ ၆ ချပ်မြောက်နေရာမှာ ထားပါ။

ပြင်ပြီးသွားပြီဆိုရင် ဖဲဘူးတွေထဲကို ပြန်ထည့်ထားပါ။ ပြတဲ့အခါမှာ ပြင်ထားတဲ့ဘူးကို ကိုယ်ကကိုင်ရမှာ ဖြစ်ပါတယ်။





(၅)

(၆)



စပြီးတော့ပြပြီဆိုရင် သူ့ကို သူ့အထုပ်ကိုပေးပြီးတော့ ရောမွှေခိုင်းပါ။ ကိုယ်က ကိုယ့်အထုပ်ကိုကိုယ် ဂရုစိုက်ထုတ်ပါ။ ကြိုတင်ပြင်ဆင်ထားတဲ့ အောက်ဖက်မှာ ပက်လက်လန်နေတဲ့ ဖဲချပ်တွေကို မမြင်ပါစေနဲ့။ သူက သူ့အထုပ်ကို သူရောမွှေနေတဲ့အချိန်မှာ ကိုယ်က ကိုယ့်အထုပ်ရဲ့ ၆ ချပ်မြောက် ဖဲချပ်ကို ရွေးထုတ်လိုက်ပါ။ သူ့ကိုလည်းပြောပါ။ "မင်းစိတ်ကြိုက်တစ်ချပ်ကို မှောက်လျှက်သားရွေးပြီးချလိုက်ပါ" လို့

"ဖဲချပ်ချင်းလဲကြရအောင်" လို့ပြောပြီးတော့ ဖဲချပ်ချင်းလဲလိုက်ပါ။

စက္ကောမ စီစဉ်သည်



(၇)

(၈)



သူ့ဆီကဖဲချပ်ကို ကိုယ့်ဖဲထုပ်ပေါ်မှောက်ပြီးတင်လိုက်ပါ။ သူ့ကိုလည်း ဒီအတိုင်း လုပ်ဖို့ပြောပါ။

ဖဲဘူးကို နေရာရွှေ့တဲ့ဟန်နဲ့လက်ထဲကဖဲထုပ်ကို အပေါ်အောက် လှည့်လိုက်ပါ။



(၉)

(၁၀)



ဖဲထုပ်ကိုစားပွဲပေါ်ကိုချလိုက်ပါ။ သူ့ကိုလည်းချခိုင်းပါ။ အပေါ်ကလဲထားတဲ့ ဖဲချပ်ကိုကိုင်လိုက်ပါ။ သူ့ကိုလည်း ကိုင်ခိုင်းပါ။

တစ်၊ နှစ်၊ သုံး ခေါ်ပြီးပြိုင်တူလှန်လိုက်ပါ။ ဖဲချပ်နှစ်ချပ် အတူတူဖြစ်နေလိမ့်မည်။ ကိုယ့်ဖဲထုပ်ကို သူယူပြီး မကြည့်ခင်သိမ်းလိုက်ပါ။

ပြန်လည်တင်ပြသူ - လင်းအောင်ဦး


ဖဲမျက်လှည့်ပြနည်းများ


## အပိန့်အပိန့်နဲ့ နမိတ်ဖတ်ကြည့်ရအောင်


ပြန်လည်တင်ပြသူ - စက္ကောမ


တချို့တချို့ မျက်လှည့်ပြကွက်တွေက လေ့ကျင့်ခန်းလုပ်စရာမလိုပဲ အဖိန့်ဖိန့် ကောင်းကောင်းနဲ့ပြတတ်ဖို့ လိုပါတယ်။ မျက်လှည့်ဝါသနာရှင်တချို့က အဲဒါ မျိုးနည်းတွေကိုကြိုက်ကြတာတွေ့ရပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ဖိန့်တာ ကို တဖက်လူမသိဘူးဆိုရင် သိပ်သဘောကျကြတယ်။ ခပ်တည်တည်နဲ့ ဖိန့် ကြတယ်။ သူများထိခိုက်အောင် လုပ်တာမျိုးတော့မဟုတ်ကြပါဘူး။ နည်းနည်း ဖိန့်ကြည့်ရအောင်၊ အရင်တုန်းက ကျွန်တော့်မှာ ဆရာတစ်ယောက်ရှိတယ် ဖဲထုပ်မှာရှိတဲ့ ဖဲချပ်တွေကို ကြိုက်တဲ့လူက ကြိုက်သလိုရောမွှေပြီး အဲဒီဆရာက ဖဲတွေကို လှန်မကြည့်ပဲနဲ့ ဘာဖဲပြီးရင်ဘာဖဲလာမယ်ဆိုတာ တထုပ်လုံး ကုန်အောင်ပြောနိုင်တယ်။ အဲဒီလောက်အထိတော့ ဆရာရဲ့ ပညာကို ကျွန်တော်ကမရလိုက်ပါဘူး။ ဒါပေမယ့် တချို့လန်နေတဲ့ဖဲတွေကိုကြည့်ပြီးတော့ တချို့မလှန်ရသေးတဲ့ ဖဲတွေကို လှန်မကြည့်ပဲတွက်ပြီးတော့ နမိတ်ကောက်ပြီး တော့ပြောပြနိုင်တယ်။ ကဲကြည့်ရအောင် အဲဒီဖဲထုပ်ကို သုံးပုံပုံလိုက် ပြီးရင် ဒီဖက်ကအပုံနှစ်ပုံက အပေါ်ဖဲတွေကိုလှန်လိုက် ဘာတွေလဲ ဟာကုလားနှစ် ကောင်ပါလား ဟုတ်ပြီ ဒါဆိုရင် နောက်ဆုံးကျန်တဲ့အပုံက ကုလားနှစ်ကောင် ထွက်လာတဲ့အတွက် နံပါတ် (၂)ဖဲ ဖြစ်လိမ့်မယ်။ မယုံရင် လှန်ကြည့်လိုက် ဟားဟား တွေ့တယ်မဟုတ်လား။မယုံနဲ့ဦး ထပ်ပြီးတော့စမ်းကြည့်ကြရအောင်၊ အဲဒီဖဲချပ်တွေကိုဘေးဖယ်ထား၊ နောက်ထပ်စမ်းကြည့်ဦးမယ်၊ ဒီဖက်အပုံတွေ အပေါ်က ဖဲနှစ်ချပ်ကိုထပ်ပြီးတော့ လှန်လိုက် ဘာတဲ့ ၅ တစ်ချပ်၊ ၂ တစ်ချပ် ဟုတ်ပြီ ဟုတ်ပြီ အဲဒီနောက်ဆုံးအပုံပေါ်က ဖဲချပ်ဟာ ဘာဖြစ်မလဲဆိုတော့ ၅ နဲ့ ၂ နဲ့ ပေါင်းတော့ (၇) ဟုတ်ပြီ အဲဒီဖဲချပ်ဟာ (၇) ဖဲဖြစ်လိမ့်မယ်။ မယုံရင် လှန်ကြည့်လိုက်။ မလွဲစေရဘူး။

ပြကွက်ရဲ့သဘောကတော့ ဒါပါပဲ၊ တောက်လျှောက်တွက်ပြီးတော့ ပြောသွားလို့ရတယ်ပေါ့။ ကြည့်တဲ့သူတွေ ယုံကြည်မှုရှိအောင် ငါးချပ်ခြောက်ချပ်လောက်အထိ အဲဒီအတိုင်းတွက်ပြီးတော့ ပြောပြလိုက်ပါ။









ပြကွက်ရဲ့လျှို့ဝှက်ချက်ကတော့ လွယ်လွယ်လေးပါ။ ဖဲထုပ်ရဲ့အပေါ်ဆုံးဖဲ ၆ ချပ်လောက်ကို အလွတ်မှတ်လိုက်ပါ။ ဥပမာ - ၂၊ ၇၊ ၅၊ ၄ ၊ ၆ အဲဒါကို မှတ်ထားလိုက်။ ဖဲထုပ်ကို သုံးပုံပုံခိုင်းလိုက်။ ကိုယ်မှတ်ထားတဲ့ ဖဲတွေဘယ်အပုံပေါ်မှာလဲဆိုတာသတိထား။ ကျန်တဲ့အပုံနှစ်ပုံက ဖဲတစ်ချပ်စီလှန်ခိုင်း ပြီးတော့မှ အဲဒီလှန်လိုက်တဲ့ ဖဲတွေကိုကြည့်ပြီးတော့ ကိုယ်သိထားတဲ့ ဖဲနဲ့ဆီလျော်အောင်ပြောပေါ့။ အပေါ်ဆုံးဖဲခြောက်ချပ်လောက်မှတ်ထားပြီး ခြောက်ကြိမ်လောက် တွက်ပြီးပြောသလိုလိုနမိတ်ဖတ်ပြီးပြောသလိုလိုနဲ့ ဖိန့် လိုက်ရင် -

ပြန်လည်တင်ပြသူ - စက္ကောမ

ဖဲမျက်လှည့်ပြနည်းများ

## နာမည်ခေါ်ရင် ထွက်လာသော ဖဲချပ်များ


ပြန်လည်တင်ပြသူ - သက်ထက်ကောင်း

သူငယ်ချင်းနဲ့ ပြမယ်ဆိုရင် ဆိုရင်ဖဲထုပ်ထဲက သူကြိုက်တဲ့ဖဲချပ် (၉)ချပ် ယူခိုင်းလိုက်ပါ။ အဲဒီဖဲချပ် (၉) ချပ်ကို ၃ ပုံ ပုံလိုက်ပါ။ သူကြိုက်တဲ့ အပုံထဲက ကြိုက်တဲ့ဖဲ ယူပါလို့ပြောပါ။ဥပမာသူယူလိုက်တာက two of diamonds ဆိုပါစို့ သူရွေးထားတဲ့ဖဲချပ် (၉)ချပ်ကို လက်ထဲမှာကိုင်ပြီးတော့ two of diamonds စာလုံးပေါင်းကို ရွတ်ဆိုရမှာဖြစ်ပါတယ်။ ရွတ်ဆိုရမယ့်ပုံစံကတော့ "t" ဆိုပြီးတော့ လက်ထဲမှာ ကိုင်ထားတဲ့ဖဲချပ်တွေထဲက အပေါ်ဖဲတစ်ချပ်ကို အောက်ကိုချ "w" ဆိုပြီးတော့ နောက်တစ်ချပ်ကို အောက်ကိုချ "o" ဆိုပြီးတော့ နောက်တစ်ချပ်ကိုအောက်ကိုချ၊ "two" ဆိုတဲ့အသံထွက်တစ်ခုရပြီဆိုရင် အောက်မှာချထားတဲ့ဖဲတွေကို ကောက်ပြီးတော့ လက်ထဲကဖဲထပ်ရဲ့အောက်ထဲကိုထည့် နောက်ပြီးတော့ ဆက်ပြီးတော့ပေါင်း "o" ဆိုပြီး နောက်တစ်ချပ်အောက်ကိုချ။ "f" ဆိုပြီးနောက်တစ်ချပ်အောက်ကိုချ။ "of" ဆိုတဲ့စာလုံးပေါင်းတစ်ခုရတဲ့အခါမှာ အောက်မှာရှိတဲ့ဖဲချပ်တွေကိုကောက်ပြီးတော့ လက်ထဲကဖဲအထပ်ရဲ့အောက်ထဲကိုထည့်။ နောက်ပြီးတော့ဆက်ပြီးပေါင်း "d" ဆိုပြီးတော့ နောက်တစ်ချပ်အောက် ကိုချ။ အဲဒီအတိုင်း တစ်လုံးချင်းဆိုပြီးတော့ "dia-monds" ဆိုတဲ့ စာလုံးကို ဆက်ပြီးပေါင်းပါ။ ပြီးရင်ခါတိုင်းလိုပဲ အောက်မှာချထားတဲ့ဖဲတွေကို ကောက် ပြီးတော့ လက်ထဲကဖဲထပ်ရဲ့ အောက်ထဲကိုထည့်။ အဲဒီအဆင့်အထိရပြီဆိုရင် သူငယ်ချင်းကိုပြော "သူက အဲဒီစကားကို သိပ်ပြီးတော့ နားမလည်ဘူး။ သူနားလည်တဲ့စကားလုံးနဲ့ခေါ်မှဖြစ်မယ်" လို့ပြောပြီးတော့ "Magic" ဆိုတဲ့ စာလုံးပေါင်းကို စောစောကလိုပဲ တစ်လုံးချင်းပေါင်းပြီးတော့ ဖဲချပ်တွေကို အောက်ကိုချနောက်ဆုံးအလုံး "C" မှာကျတဲ့ဖဲချပ်ကို လှန်ပြလိုက်။ အဲဒါသူ ရဲ့ဖဲချပ်ပဲ အဲဒီပြကွက်မှာ တစ်ခုသတိထား

ရမှာက စာလုံးပေါင်းတဲ့အခါမှာ ဖဲရဲ့အပွင့်စာလုံးပေါင်းရဲ့နောက်မှာ အမြဲတမ်း "S" ထည့်ပြီးတော့ ပေါင်းရမှာ ဖြစ်ပါတယ်။ ဥပမာ "diamond" ဆိုရင် နောက်က "s" ထည့်ပြီးတော့ "diamonds"လို့ပေါင်းရမှာပါ။



ဖဲထုပ်ထဲက ကြိုက်တဲ့ဖဲချပ် ၉ ချပ်ကိုယူပါ။ သုံးပုံ ပုံပါ။




ပုံ(၂)

ပုံ(၃)




အဲဒီသုံးပုံထဲက ကြိုက်တဲ့အပုံထဲက ကြိုက်တဲ့ဖဲတစ်ချပ်ကိုရွေးပါ။

ရွေးထားသောဖဲချပ်ကို ဖဲချပ် ၉ ချပ်ရဲ့ တတိယနေရာမှာထားပါ။ ပုံထဲက အတိုင်း ဖဲချပ်ကိုလှန်ထားဖို့မလိုပါ။ စာဖတ်ပရိသတ်အမြင်ရှင်းစေရန် လှန်ပြထား ခြင်းဖြစ်သည်။



ပုံ(၄)



ပုံ(၅)

ဖဲချပ်ရဲ့ နာမည်ကို စာလုံးပေါင်းပြီး ဖဲချပ်တစ်ချပ်ချင်းစီ အောက်ကိုချပါ။

ဖဲချပ်နာမည် စာလုံးပေါင်းအတိုင်း ဖဲချပ်တွေကို တစ်ချပ်ချင်း ချပြီးရင် နောက်ဆုံးစားလုံးပေါင်း "Magic" ကို စာလုံးပေါင်းပြီး ဖဲချပ်တွေကိုတစ်ချပ်ချင်း ချပါ။ နောက်ဆုံး အက္ခရာ " c "ကျသော ဖဲချပ်ကို လှန်ပြပါ။ စာလုံးပေါင်းပြီး ခေါ်ထားသော ရွေးထားသော ဖဲချပ်ပင်ဖြစ်သည်။

ပြန်လည်တင်ပြသူ - သက်ထက်ကောင်း

ဖဲမျက်လှည့်ပြနည်းများ

# ပရိသတ်ရွေးတဲ့ဖဲ ၃ ချပ်

ပြန်လည်တင်ပြသူ - ဇွဲဟိန်းအောင်

ပြကွက်ရဲ့သဘောကတော့ သင်္ချာနည်းနဲ့ သူအလိုအလျောက်ဖြစ်သွားတဲ့ ပြကွက်အမျိုးအစားဖြစ်ပါတယ်။ မျက်လှည့်ဆရာက ပရိသတ်ကို ဖဲထုပ်ထဲက ကြိုက်ရာ ဖဲချပ် ၃ ချပ်ယူခိုင်းပါတယ်။ ပရိသတ်ကို အဲဒီဖဲတွေကို မှတ်ထားဖို့လည်းပြောပါတယ်။ သူကိုတော့ မပြပါနဲ့တဲ့နောက်တော့ ကျန်တဲ့ဖဲထုပ်ထဲက ဖဲတွေကို အပုံ ၃ပုံ ပုံပြီးတော့ ပရိသတ်မှတ်ထားတဲ့ဖဲချပ် ၃ချပ်ကို အဲဒီအပုံတွေကြားထဲတွေကိုထည့်လိုက်ပါတယ်။ ပြီးတော့ အဲဒီအပုံတွေကို ထပ်လိုက်တယ်။ နောက်တော့ ဖဲထုပ်တစ်ထုပ်လုံးက ဖဲချပ်တွေကို နှစ်ပုံဝေ လိုက်တယ်။ တစ်ပုံကိုလှန်ထားပြီးတော့ တစ်ပုံကိုမှောက်ထားတယ်။ သူကပြော တယ် " လန်နေတဲ့ဖဲချပ်တွေထဲမှာ ပရိသတ်မှတ်ထားတဲ့ဖဲချပ် ၃ ချပ်မရှိဘူး" တဲ့ သူပြောတာဟုတ်တယ်။ လန်နေတဲ့ဖဲတွေထဲမှာ စောစောကမှတ်ခိုင်းထားတဲ့ ဖဲချပ် ၃ ချပ်မပါဘူး။ လန်နေတဲ့ဖဲတွေကိုဘေးဖက်ကိုပို့ပြီးတော့ မှောက်ထားတဲ့ ဖဲတွေကိုကိုင်ပြီး နှစ်ပုံဖြစ်အောင်ဆက်ပြီးတော့ ဝေပြန်တယ်။ ဝေတာကလည်း စောစောကလိုပဲ တစ်ပုံကို လှန်ပြီးတော့ဝေတယ်။ တစ်ပုံကို မှောက်ပြီးတော့ ဝေတယ်။ သူကပြောပြန်တယ်။ "လန်နေတဲ့ဖဲချပ်တွေထဲမှာ ပရိသတ်မှတ်ထား တဲ့ဖဲချပ် ၃ ချပ် မပါဘူး" တဲ့။ စောစောက လုပ်တဲ့အတိုင်းပဲ လှန်ထားတဲ့ ဖဲချပ်တွေကို ဘေးမှာဖယ်ထားပြီး မှောက်ထားတဲ့ဖဲတွေကိုကိုင်ပြီး နှစ်ပုံဝေ ပြန်တယ်။ တစ်ပုံကိုလှန်ထားတယ်။ တစ်ပုံကို မှောက်ထားတယ်။ ခါတိုင်းလိုပဲ ပြောပြန်တယ်။ "လန်နေတဲ့ဖဲချပ်တွေထဲမှာ ပရိသတ်မှတ်ထားတဲ့ဖဲချပ် ၃ ချပ် မပါဘူး" တဲ့။ စောစောက လုပ်တဲ့အတိုင်းပဲ လှန်ထားတဲ့ဖဲချပ်တွေကို ဘေးမှာ ဖယ်ထားပြီး မှောက်ထားတဲ့ဖဲတွေကိုကိုင်ပြီး နှစ်ပုံဝေပြန်တယ်။ တစ်ပုံကိုလှန် ထားတယ်။ တစ်ပုံကိုမှောက်ထားတယ်။ ခါတိုင်းလိုပဲပြောပြန်တယ် "လန်နေတဲ့


ဖဲချပ်တွေထဲမှာ ပရိသတ်မှတ်ထားတဲ့ဖဲချပ် ၃ ချပ်မပါဘူး" တဲ့ ဒီလိုလုပ်တာ ၄ ကြိမ်မြောက်ရှိသွားပြီ ဖဲချပ်ကလည်း လန်နေတာက ၃ ချပ် မှောက်နေတာက ၃ ချပ်ပဲရှိတော့တယ်။ သူကပြောပြန်တယ်။ "လန်နေတဲ့ဖဲချပ်တွေထဲမှာ ပရိသတ်မှတ်ထားတဲ့ ဖဲချပ် ၃ချပ်မပါဘူး" တဲ့ ဟုတ်လည်းဟုတ်နေတယ်၊ နောက်တော့မှ မှောက်နေတဲ့နောက်ဆုံး ဖဲချပ် ၃ ချပ် ကိုလှန်ပြီးတော့ပြလိုက်တယ်။ ဟုတ်ပါတယ်။ အဲဒီနောက်ဆုံးကျန်တဲ့ ဖဲချပ် ၃ ချပ်ဟာ ပရိသတ်ရွေးပြီးမှတ်ထားတဲ့ ဖဲချပ် ၃ ချပ်ပါပဲ။

အဲဒီနည်းကိုပြဖို့က သီးခြားကြိုတင်ပြင်ဆင်စရာမလိုပါဘူး။ ဒါပေမယ့် တစ်ချို့ဟာလေးတွေကို ပြရင်းနဲ့လုပ်သွားရမှာဖြစ်ပါတယ်။ အရေးကြီးတာက ဖဲထုပ်မှာ အချပ်ရေစေ့ရမယ်။ ဂျိုကာဖဲချပ်တွေကို ထုတ်ထားရမယ်။




ဖဲထုပ်ထဲက ကြိုက်ရာ ၃ ချပ်ကို ယူခိုင်းပါ။


ဖဲချပ် ၃ ချပ်ကို စိတ်ထဲမှာ မှတ်ထားခိုင်းပါ။




ပရိသတ်မှ ဖဲချပ် ၃ ချပ်ကို မှတ်သားနေချိန်မှာ ကျန်ဖဲချပ်များကို ၃ ပုံ ပုံပါ။ (အရေအတွက်နဲ့ ပုံရမှာ ဖြစ်ပါတယ်) ပထမအပုံ (၁၀) ချပ်၊ ဒုတိယ အပုံ (၁၅)ချပ်၊ တတိယအပုံ (၁၅)ချပ်၊ ရေတွက်ပြီး ပုံသည်ကို ပရိသတ်မှ မသိပါစေနဲ့၊ ကျန် (၉) ချပ်ကို ကိုင်ထားပါ။





ပရိသတ်မှ ဖဲချပ် ၃ ချပ်ကို မှတ်သား နေချိန်မှာ ကျန်ဖဲချပ်များကို ၃ ပုံ ပုံပါ (အရေအတွက်နဲ့ ပုံရမှာ ဖြစ်ပါတယ်)
ပထမအပုံ (၁၀)ချပ်
ဒုတိယအပုံ(၁၅) ချပ်
တတိယအပုံ (၁၅)ချပ်
ရေတွက်ပြီး ပုံသည်ကို ပရိသတ်မှ မသိပါစေနဲ့ ကျန် (၉)ချပ်ကို ကိုင်ထားပါ။



ပရိသတ် ၃ ချပ်ထဲမှ ကြိုက်ရာ တစ်ချပ်ကို (၁၀) ချပ်အပုံပေါ် ကိုတင်ခိုင်းပါ။




အလယ်ပုံမှ တဝက်လောက်ကိုယူ၍ ပရိသတ်တင်သောဖဲချပ်ပေါ်ကို တင်လိုက်ပါ။




ပရိသတ်ကရွေးထားတဲ့ဖဲ နောက်တစ်ချ
ကို အလယ်ပုံပေါ်ကိုတင် ခိုင်းပါ။



နောက်ဆုံးအပုံက တစ်ဝက်လောက်
အလယ်ပုံကသူ့ဖဲချပ်ပေါ်ကို တင်ပါ။





ပရိသတ်ရွေးထားတဲ့ဖဲ နောက်ဆုံးတစ်ချ
ကို နောက်ဆုံးအပုံပေါ်ကို တင်ခိုင်းပါ။




လက်ထဲမှာကိုင်ထားတဲ့ ဖဲချပ် (၉)ချပ်
နောက်ဆုံးအပုံပေါ်က သူ့ဖဲချပ် ပေါ်
ထပ်လိုက်ပါ။

ဖဲအပုံ ၃ ပုံကို ပုံ (၁၀) (၁၁) မှာ ပြထားတဲ့ အတိုင်း ထပ်လိုက်ပါ။






ဖဲမျက်လှည့်ပြနည်းများ



အပေါ်ဆုံးဖဲချပ် ၄ ချပ်ကို အောက်ကို ပို့ပါ။



ဖဲချပ်များကို အပေါ်ဖက်ဖဲချပ်များမှ စတင်၍ နှစ်ပုံဝေပါ။ တစ်ပုံကို လှန်ထားပါ။ တစ်ပုံကိုမှောက်ထားပါ။ လှန် မယ့်အပုံက စပြီးဝေပါ။



"လှန်ထားတဲ့ဖဲချပ်တွေမှာ ပရိသတ်မှတ်ထားတဲ့ဖဲချပ် ၃ ချပ် မပါဘူး" လို့ပြောပါ။ အဲဒီလှန်ထားတဲ့ဖဲချပ်တွေကို ဘေးကိုဖယ်လိုက်ပါ။

မှောက်ထားတဲ့ဖဲချပ်တွေကိုကိုင်ပြီး စောစောကအတိုင်း နှစ်ပုံပြန်ပြီးဝေပါ။ တစ်ပုံကိုလှန်ထားပါ။ တစ်ပုံကိုမှောက်ထားပါ။ အလှန်ပုံကပဲ စပြီးဝေပါ။

အဲဒီအတိုင်း ၄ ကြိမ်ပြုလုပ်ပါ။ တစ်ပုံမှာ ဖဲချပ် ၃ ချပ်စီပဲကျန်ပါလိမ့်မယ်။ "လှန်ထားတဲ့ဖဲ ၃ ချပ်ထဲမှာတော့ ပရိသတ်မှတ်ထားတဲ့ ဖဲချပ် ၃ ချပ် မပါဘူး" လို့ပြောပြီး မှောက်ထားတဲ့ ဖဲချပ် ၃ ချပ်ကို လှန်ပြလိုက်ပါ။ အဲဒါ ပရိသတ်မှတ်ထားတဲ့ ဖဲချပ် ၃ ချပ်ပါပဲ။

မှတ်ချက် - ဖဲထုပ်သည်အချပ်ရေပြည့်ရမည်။ ဂျိုကာဖဲချပ်များကို ထုတ်ထားရမည်။ မိမိကိုယ်တိုင် အကြိမ်ကြိမ်ပြုလုပ်ကြည့်ပြီးမှ သူများကိုပြပါ။

ပြန်လည်တင်ပြသူ - ဖွဲ့ဟိန်းအောင်

ဖဲမျက်လှည့်ပြနည်းများ

## ဆန်းဒွစ်

ပြန်လည်တင်ပြသူ - သက်ထက်ကောင်း


ပေါင်မုန့်နှစ်ချပ်ကြားထဲမှာ အသားဖြစ်စေ ထောပတ်ဖြစ်စေ ညှပ်ပြီးတော့ ထားတဲ့စားစရာကို ဆန်းဒွစ်လို့ ခေါ်ပါတယ်။ အခုပြကွက်ကလည်း ဖဲချပ်နှစ်ချပ် ကြားထဲမှာ ညှပ်ထားတဲ့အလယ်ကဖဲချပ်တစ်ချပ်ရဲ့ အပြောင်းအလဲ ပြကွက် ပါပဲ။ ဒါကြောင့် သူ့ကိုလွယ်လွယ်ကူကူ ဆန်းဒွစ်လို့ပဲ နာမည်ပေးလိုက်ရအောင်။

မျက်လှည့်ဆရာက ပရိသတ်ကို ဖဲထုပ်ထဲက ကြိုက်ရာဖဲနှစ်ချပ်ကို ရွေးချယ်ခိုင်းပါတယ်။ သူရွေးထားတဲ့နှစ်ချပ်ထဲက တစ်ချပ်ကို ပြန်တောင်းပြီးတော့ တစ်ဖဲနှစ်ချပ်ကြားထဲကိုထည့်လိုက်ပါတယ်။ အဲဒီ ၃ ချပ်စလုံးကို ဖဲထုပ်ထဲကို ထည့်ပြီးတော့ ရောလိုက်ပါတယ်။ ပြီးတော့ ပရိသတ်ရွေးထားတဲ့ နောက်တစ်ချပ်ကို ထပ်တောင်းပြီးတော့ ဖဲထုပ်အောက်ဆုံးမှာထားပြီး ရောလိုက်ပြန်ပါတယ်။ အဲဒီလိုရောပြီးတဲ့ အခါမှာ ဖဲထုပ်ရဲ့အပေါ်ဆုံးဖဲချပ်ကို ကြည့်လိုက်တော့ စောစောက တစ်ဖဲနှစ်ချပ်ကြားထဲမှာထည့်ထားတဲ့ ဖဲချပ်ဟာ ဖဲထုပ်ရဲ့ အပေါ်ကို ရောက်နေပြီး ဖဲထုပ်ရဲ့အလယ်ထဲ တစ်ဖဲနှစ်ချပ်ကြားမှာတော့ နောက်မှ ထည့်ပြီးရောလိုက်တဲ့ဖဲချပ်ရောက်နေတာ တွေ့ရပါတယ်။ ပြကွက်ရဲ့ သဘောကတော့ တစ်ဖဲနှစ်ချပ်ကြားမှာ ပထမထည့်ထားတဲ့ဖဲချပ်နဲ့ ကျန်တဲ့ နောက်တစ်ချပ် နေရာချင်းလဲပြတဲ့ပြကွက်ဖြစ်ပါတယ်။ ပြကွက်ရဲ့သဘော လေးကို အကြမ်းလောက်သိပြီဆိုရင် အောက်မှာပြထားတဲ့အတိုင်း အဆင့်ဆင့် လုပ်ကြည့်ပါ။ ကိုယ်ကိုတိုင် လုပ်ကြည့်ပြီး အဆင်ပြေပြီဆိုရင် အဲဒီပြကွက် လေးကို ဘယ်လိုပြရင်ကောင်းမလဲ။ ဘယ်လိုစကားတွေပြောရင် သင့်လျော် မလဲစဉ်းစားပေ့ါ။ ကိုယ်ပိုင်ဟန်လေးနဲ့ပြကြည့်ပါ။

ဖဲထုပ်ထဲက တစ်ဖဲနှစ်ချပ်ကို ကြိုတင်ထုတ်ပြီးချထားပါ။ ပရိသတ်ကို ကြိုက်ရာဖဲချပ် နှစ်ချပ်ယူခိုင်းပါ။ ကြည့်ခိုင်းပါ။ မှတ်ထားခိုင်းပါ။



(၁)




(၂)

ပရိသတ်ရွေးထားသော နှစ်ချပ်မှ တစ်ချပ်ကို တစ်နှစ်လုံးကြားထဲကို မှောက်လျှက်ထည့်ခိုင်းပါ။ တစ်နှစ်လုံးကြားထဲ ဘာဖဲချပ်ထည့်ထားတယ် ဆိုတာလည်းမှတ်ထားခိုင်းပါ။



(၃)




(၄)

တစ်ဖဲနှစ်ချပ်နဲ့ကြားထဲတွင် ညှပ်ထားသော ဖဲချပ်တစ်ချပ် စုစုပေါင်း ၃ ချပ်ကို ဆန်းဒွစ်လုပ်ထားတဲ့အတိုင်းဖဲထုပ်ရဲ့ အပေါ်ကိုတင်လိုက်ပါ။ ပြီးရင် အပေါ်ဖဲချပ်တစ်ချပ်ထဲကို လက်မနဲ့မထားလိုက်ပါ။ ထိုသို့မထားသည်ကို ပရိသတ် မသိပါစေနှင့်။


## ဖဲမျက်လှည့်ပြနည်းများ

ပုံထဲမှာပြထားတဲ့အတိုင်း ဖဲထုပ်ကို တဝက်ခွဲလိုက်ပါ။




(၅)

(၆)




တဝက်ခွဲလိုက်သောဖဲအထပ်ကို အောက်ဖက်ကို ပို့လိုက်ပါ။

လက်ထဲတွင် ပုံထဲမှာ ပြထားတဲ့အတိုင်းရှိနေရပါမည်။



(၇)

(၈)




အဲဒီဖဲအထပ်ကို အောက်လက်ခံပြီး တဝက်ထပ်ပြီးတော့ ခွဲပါ။ ပုံ (၆) တွင် မြှားပြထားသောနေရာမှခွဲပါ။

ခွဲယူလိုက်သောအပေါ်မှ ဖဲအထပ်ကို ပုံထဲကအတိုင်း အောက်ဖက်ထဲကို ထည့်ပါ။

ပရိသတ်မှ ရွေးထားသော နောက်တစ်ချပ်ကို ဖဲထုပ်ရဲ့ အောက်ဆုံးမှာ ထားလိုက်ပါ။


စက္ကောမ စီစဉ်သည်

(၉)



ပရိသတ်မှရွေးထားသော ဖဲချပ်နှစ်ချပ်မှ နောက်တစ်ချပ်။

(၁၀)




ပရိသတ်မှရွေးထားသော ဖဲချပ်နှစ်ချပ်မှ နောက်တစ်ချပ်။

လက်သန်းနဲ့ဆွဲထားသော အောက်ဆုံးဖဲချပ်။

ဖဲထုပ်ကိုပြောင်းပြန်လှန်လိုက်ပါ။ အောက်ဆုံးဖဲချပ်တစ်ချပ်ကို ပုံထဲက အတိုင်း လက်သန်းနဲ့ဆွဲပြီး အုပ်စုခွဲထားပါ။





ဖဲထပ်တစ်ဝက် လောက်ဆွဲထုတ်ပါ။

အောက်ဆုံး တစ်ချပ်ချန်ထားပါ။

ပြောင်းသွားသော ဖဲချပ်နှစ်ချပ်

ပုံ (၁၁) မှာပြထားတဲ့အတိုင်း အောက်ဆုံးကလက်သန်းနဲ့ ဆွဲထားတဲ့ ဖဲချပ်ကို ချန်ထားပြီး ဖဲထုပ်အောက်ထဲက ဖဲထပ်တစ်ဝက်လောက်ကိုဆွဲပြီး အပေါ်ကိုထပ်လိုက်ပါ။ ပြီးရင် ဖဲထုပ်ကိုပြန်ပြီးတော့ မှောက်လိုက်ပါ။ အားလုံး ပြီးသွားပါပြီ။ နောက်မှထည့်တဲ့ဖဲချပ်က ဆန်းဒွစ်ထဲကို ရောက်နေပြီး ဆန်းဒွစ်ထဲကိုထည့်ထားတဲ့ ဖဲချပ်က အပေါ်ဆုံးကို ရောက်နေတာတွေ့ရပါလိမ့်မယ်။

ပြန်လည်တင်ပြသူ - သက်ထက်ကောင်း

ဖဲမျက်လှည့်ပြနည်းများ


## သူကဘာလို့မှန်းတာလဲ

ပြန်လည်တင်ပြသူ - သက်ထက်ကောင်း


မျက်လှည့်ပြကွက်တော်တော်များများဟာ လူအများရဲ့ ဦးနှောက်ထဲမှာ တရားသေမှတ်ထားတဲ့ မြင်တွေ့နေကျအကြောင်းအရာများ ရုပ်ဝတ္ထုများကို အခြေခံပြီးတော့ တီထွင်ထားတာဖြစ်ပါတယ်။ ဥပမာ မျက်လှည့်ဆရာက သူ့လက်ထဲမှာ ဖဲထုပ်တစ်ထုပ်ကိုမှောက်ပြီးတော့ ကိုင်ထားတယ်လို့ ပရိသတ်က မြင်တယ်။ အဲဒီလို မြင်အောင်လည်း မျက်လှည့်ဆရာကပြထားတယ်၊ အဲဒါ တကယ်လား၊ ဖဲထုပ်ကိုမှောက်ပြီးတော့ ကိုင်ထားတာကို ပရိသတ်အားလုံး တွေ့နေရတာပဲ၊ တကယ်ပေါ့ အဲဒီမှာ ပရိသတ်က မျက်စိလည်သွားပြီ၊ ပရိသတ်အထင်အမြင်မှားသွားပြီ၊ တကယ်တော့ မျက်လှည့်ဆရာက ဖဲထုပ်ကို မှောက်ပြီးတော့ ကိုင်ထားတာမဟုတ်ဘူး။ ဖဲထုပ်ကိုပက်လက်လှန်ပြီးကိုင် ထားတာ။ အပေါ်ကဖဲချပ်တစ်ချပ်ပဲ မှောက်ထားတာ။ ပရိသတ်အမြင်မှာ တော့ တစ်ထုပ်လုံးမှောက်ပြီးတော့ ကိုင်တားတယ်ပေါ့။ ပရိသတ်က အမှန်ကို မမြင်နိုင်ပဲ မျက်စိလည်ပြီပေါ့။ လူတွေ့ရဲ့မြင်တွေ့နေကျ ရုပ်ဝတ္ထု ပစ္စည်းတွေ အပေါ်မှာတရားသေမှတ်ထားတဲ့မှတ်ဉာဏ်တွေကလည်း သိပ်ပြီးတော့ မစဉ်းစားနိုင်းဘူး။ သူမြင်တွေ့နေကျအတိုင်း ဖဲထုပ်တစ်ထုပ်လုံးကို မှောက်ပြီး တော့ ကိုင်ထားတာပဲလို့ ပေးသိလိုက်တယ်။ အဲဒီတော့ မျက်စိလည်သွားပြီ အမှန်ကတော့ မျက်စိကလည်တာမဟုတ်ပါဘူး။ မြင်နေကျတွေ့နေကျတွေကို ပုံသေမှတ် ထားတဲ့ လူတွေရဲ့ မှတ်ဉာဏ်က ပုံမှန်ပေးသိလိုက်တဲ့အသိကြောင့်ပါ။ ထားပါတော့လေ အခုပြကွက်က အဲဒါမျိုး သဘောလေးနဲ့ လှည့်ထားတာကြောင့် ထည့်ပြီးတော့ ပြောဖြစ်တာပါ။

ပြတော့ မျက်လှည့်ဆရာက ပရိသတ်ကို ဖဲထုပ်ထဲက ဖဲချပ်တစ်ချပ် ယူပြီးတော့မှတ်ခိုင်းထားတယ်။ ပြီးတော့ လုပ်ရိုးလုပ်စဉ်အတိုင်း ဖဲထုပ်ရဲ့

အလယ်ထဲကြိုက်တဲ့နေရာမှာ ပြန်ထည့်ခိုင်းတယ်။ ပြီးတော့ ပြန်ရှာပြတယ်ပေါ့။ ဒါပမယ့် ပြကွက်မှာ ပရိသတ်ရဲ့ ဖဲချပ်ကို ဖဲထုပ်ထဲကနေ ပြန်ရှာပေးတာကလှ တယ်။ ဘယ်လိုရှာသလဲဆိုတော့ ဖဲထုပ်ကိုပက်လက်လှန်ပြီးတော့ စားပွဲပေါ် ဖြန့်လိုက်တယ်။ အဲဒီမှာ ကျန်တဲ့ဖဲအားလုံးက ပက်လက်လန်နေပေမယ့် ဖဲတစ်ချပ်ထဲမှောက်နေတယ်။ အဲဒီဖဲကိုလှန်ပြလိုက်တယ်။ ပရိသတ်ရွေးထားတဲ့ ဖဲဖြစ်နေတယ်။ ကြည့်လို့ကောင်းတဲ့နည်းလေးတစ်နည်းပါပဲ။ သိပ်လည်းပဲ လေ့ကျင့်ဖို့မလိုပါဘူး။ ပြမယ်ဆိုရင်တော့ ကြိုတင်ပြင်ဆင်ရမှာက ဖဲထုပ်ရဲ့ အောက်ဆုံးဖဲချပ်တစ်ချပ်ကိုပုံ (၁)ထဲကအတိုင်း ပက်လက်လှန်ထားပါ။ ပြင်ပြီးပြီ ဆိုရင်တော့ ပြလို့ရပါပြီ။ ပုံ (၂) ထဲကအတိုင်း ပရိသတ်ကို ကြိုက်နှစ်သက်ရာ ဖဲတစ်ချပ်ကို ယူခိုင်းပါ။ သူက သူ့ဖဲကို သူကြည့်နေတဲ့အချိန်မှာ ပုံ (၃) အတိုင်း ဖဲထုပ်ကို ပရိသတ်မသိအောင် အထက်အောက်လှည့်လိုက်ပါ။ ဖဲထုပ်ဟာ ပုံ (၄) ထဲကအတိုင်း ပက်လက်လန်နေပါလိမ့်မယ်။ အပေါ်တစ်ချပ်ထဲသာ မှောက်နေတာဖြစ်ပါသည်။




(၁)



(၂)




(၃)




(၄)

ဖဲမျက်လှည့်ပြနည်းများ



(၅)




(၆)

ပုံ(၅)မှာပြထားတဲ့အတိုင်း ဖဲထုပ်တစ်ထုပ်လုံးမှောက်ထားတဲ့ ဟန်နဲ့ကိုင်ပြီး သူ့ရဲ့ဖဲချပ်ကို ဖဲထုပ်ရဲ့ကြားထဲထည့်ခိုင်းပါ။

သူရဲ့ဖဲတစ်ချပ်ထဲ ဖဲထုပ်ထဲမှာ မှောက်လျက်ဝင်သွားတာပါ။ အပေါ်ဆုံး ဖဲချပ်ကလွဲရင် အထဲကဖဲတွေအားလုံးဟာ ပက်လက်တွေချည်းပါပဲ။ ပုံ (၆) အပေါ် ဆုံးဖဲချပ်တစ်ချပ်မှောက်လျက်သားရှိနေသေးလို့ အဲဒီအတိုင်း ဖြန့်မပြပါနဲ့ဦး။




(၇)




(၈)

ပုံ(၇)ထဲကအတိုင်းဖဲထုပ်ကို ကိုယ့်ရဲ့နောက်ကျောဖက်မှာထားလိုက်ပါ။
ပုံ (၈) ဖဲထုပ်ရဲ့ အပေါ်ဆုံးဖဲကိုပြန်ပြီးတော့ လှန်လိုက်ပါ။



(၉)



(၁၀)

စက္ကောမ စီစဉ်သည်


ပုံ (၉) ထဲကအတိုင်း ဖဲထုပ်တစ်ထုပ်လုံးကို လှည့်လိုက်ပါ။ ပြီးတော့မှ ဖဲထုပ်ကိုရှေ့ဖက်ပြန်ထုတ်ပါ။ ပုံ (၁၀) အတိုင်း ဖဲထုပ်ကို ပက်လက်လှန်ပြီးတော့ ဖြန့်ပြလိုက်ပါ။ မှောက်နေတဲ့ဖဲချပ်လေးကို မေးလိုက်ပါ။ ဘာလို့ပုန်းနေတာလဲလို့ ပြီးတော့မှ လှန်ပြလိုက်ပါ။ သေချာပါတယ် အဲဒါသူတို့မှတ်ထားတဲ့ဖဲချပ်ပါပဲ။

ပြန်လည်တင်ပြသူ - သက်ထက်ကောင်း

## ပေါ်ထွက်လာသောဖဲချပ်


ပြန်လည်တင်ပြသူ - သက်ထက်ကောင်း

မျက်လှည့်ဆရာတော်တော်များများပြလေ့ရှိတဲ့ ပေါ်ထွက်လာသော ဖဲချပ်နည်းတွေထဲကတစ်နည်းဖြစ်ပါတယ်။ မျက်လှည့်ဆရာတွေဟာ ပရိသတ်ကို ဖဲချပ်တွေရွေးခိုင်းမှတ်ခိုင်းပြီးတဲ့အခါမှာ ဖဲထုပ်ထဲကို ပြန်ထည့် ပြန်ရောပြီးတော့နည်းမျိုးစုံနဲ့ ပြန်လည်ဖော်ထုတ်ကြပါတယ်။ အဲဒီအထဲမှာ တစ်ချို့က ပရိသတ်မှတ်ထားတဲ့ဖဲချပ်ကို သူ့အလိုအလျောက်ဖဲထုပ်ထဲက ပြန်ထွက်စေပါတယ်။ အဲဒီမှာလည်း တယောက်နဲ့တယောက် တနည်းနဲ့တနည်းမတူကြပါဘူး။ အခုနည်းကတော့ ရိုးရိုးရှင်းရှင်းလေးပါပဲ။ ပရိသတ်ကို ဖဲထုပ်ထဲက ဖဲတစ်ချပ်ယူခိုင်းပါ။ မှတ်ခိုင်းပါ။ ဖဲထုပ်ထဲကို ပြန်ထည့်ပြန်ရောပြီးတော့ ဖဲထုပ်ထဲကနေပြီး သူ့တစ်ချပ်ထဲ တဖြေးဖြေးအပေါ်ကို တက်လာစေတဲ့နည်းဖြစ်ပါတယ်။



ပရိသတ်ကိုဖဲထုပ်ထဲက ဖဲချပ်တစ်ချပ်ရွေးခိုင်းပြီးတော့ ဖဲထုပ်ထဲကိုထည့်ပြီး ပြန်ရော ပြန်ရှာတဲ့နည်းတွေအများကြီးထဲက ကြိုက်တဲ့နည်းတစ်နည်းကို သုံးပြီးတော့ ပရိသတ်မှတ်ထားတဲ့ဖဲချပ်ကို ဖဲထုပ်ရဲ့ အပေါ်ဆုံးမှာ ထားလိုက်ပါ။ (စာအုပ်ထဲမှ မှတ်ထားသော ဖဲပြန်ရှာသောနည်း များကိုကြည့်ပါ။)

ပြီးတော့ ပုံထဲကအတိုင်းကိုင်တွယ်ပြီးတော့ တဖြေးဖြေးချင်း အပေါ်ကို တက်လာခိုင်းပါ။



ဖဲချပ်အပေါ်ကိုတက်လာတာကတော့ ပုံထဲမှာပြထားတဲ့အတိုင်း နောက်ဖက်ကနေ လက်သန်းနဲ့ ထောက်ပြီးတွန်းတင်တာပါ။ ဟန်ကတော့ ဖဲချပ်ထွက်လာတာ အရှိန်လွန်သွားမှာစိုးလို့ လက်ညှိုးနဲ့ဖိထားတဲ့ ဟန်ကို လုပ်ပါ။


ပြန်လည်တင်ပြသူ - သက်ထက်ကောင်း

ဖဲမျက်လှည့်ပြနည်းများ

## ကိုယ့်ဟာကိုယ်ရှာ

ပြန်လည်တင်ပြသူ - ဇွဲဟိန်းအောင်

မျက်လှည့်ဆရာက ထုံးစံအတိုင်း ပရိသတ်ကို ဖဲတစ်ချပ်ယူခိုင်းလိုက်တယ်။ ပြီးတော့ ပြောလိုက်သေးတယ် ကိုယ်ကြိုက်တာကိုယ်ယူ ပြီးရင်လည်း ကိုယ့်ဟာကိုယ်ပဲရှာရမှာတဲ့။ ပရိသတ်ကဖဲတစ်ချပ်ယူလိုက်တယ်။ မျက်လှည့်ဆရာမမြင်အောင်ဖွက်ပြီးတော့ သူ့နံပါတ်ကိုသူကြည့်တယ်။ နောက်တော့ မျက်လှည့်ဆရာက အဲဒီဖဲချပ်ကိုမှောက်လျက်သားပြန်ယူတယ်။ တစ်ဝက်ချိုးထားတဲ့ဖဲထုပ်ထဲကိုထည့်လိုက်တယ်။ ပြီးတော့ မျက်လှည့်ဆရာက ဖဲတွေကိုဖြန့်ကြည့်ပြီး အစဉ်မပြေတဲ့ အမူအရာနဲ့ ခင်ဗျားတို့ဖဲဘာဖဲလဲဆိုတာ ကျွန်တော်ရှာရခက်နေတယ်။ အဲဒီတော့ ခင်ဗျားတို့ဖဲကို ခင်ဗျားတို့ပဲ ပြန်ရှာခိုင်းရမှာပဲ။ နံပါတ် (၅)ကနေ (၁၀)ကြားက ကြိုက်တဲ့နံပါတ်တစ်ခုပြောဗျာ။ ခင်ဗျားတို့ကြိုက်တဲ့နံပါတ်ကိုပြော ခင်ဗျားတို့ပြောတဲ့နံပါတ်အတိုင်း ဖဲထုပ်ရဲ့အပေါ်ကနေ ဖဲတွေရေပြီးအောက်ကိုချမယ်။ အဲဒီနံပါတ်အရေအတွက်မှာ ခင်ဗျားတို့ရဲ့ ဖဲချပ်ရှိဖို့များတယ်။ ကဲကဲ (၅)နဲ့ (၁၀)ကြားက နံပါတ်တစ်ခုပြော။ ပရိသတ်က (၇) လို့ပြောတယ်။ မျက်လှည့်ဆရာက ဖဲထုပ်ရဲ့ အပေါ်ကနေစပြီး ဖဲချပ် (၇)ချပ်ရေပြီး ချလိုက်တယ်။ (၇)ချပ်မြောက်ဖဲကို လှန်ပြလိုက်တယ်။ အဲဒီဖဲဟာ ပရိသတ်ရွေးထားတဲ့ဖဲဖြစ်နေတယ်။




(၁)

(၂)




ပုံ(၁)အတိုင်းပရိသတ်ကို ကြိုက်ရာဖဲချပ်တစ်ချပ်ယူခိုင်းပါ။ သူ့ဟာသူကြည့်ပါစေ။ မှတ်ထားခိုင်းပါ။

ပုံ(၂)ပရိသတ်က သူ့ဖဲချပ်ကိုသူကြည့်နေတဲ့အချိန်မှာ ဖဲထုပ်ရဲ့အောက်ဆုံး ဖဲချပ်ကို အမှတ်တမဲ့ကြည့်ထားလိုက်ပါ။



(၃)



(၄)

ပုံ(၃)အတိုင်းဖဲထုပ်ကို တစ်ဝက်ချိုးပြီး ပရိသတ်မှတ်ထားသော ဖဲချပ်ကို ပြန်တင်ခိုင်းပါ။ ပရိသတ်ပြန်တင်လိုက်သော ဖဲချပ်အပေါ်ကို ကိုယ်ကြည့်ထားတဲ့ ဖဲချပ်ပါသောဖဲထပ်နဲ့အုပ်လိုက်ပါ။

ဖဲများကို ပက်လက်လှန်ပြီး ဖြန့်ကြည့်ပါ။ ကိုယ်မှတ်ထားတဲ့ ဖဲနဲ့ကပ်လျက် အပေါ်ဖက်ကဖဲဟာ ပရိသတ်ရဲ့ဖဲချပ်ဖြစ်ပါတယ်။ ဒါပေမယ့် ချက်ချင်းမပြော ပါနဲ့ဦး ပုံ (၄)ကိုကြည့်ပါ။



(၅)




(၆)

သူ့ဖဲချပ်ကို ကိုယ်ကသိနေပြီဆိုရင် ဖဲရှာသလိုလိုနဲ့ သူ့ဖဲကို ဖဲထုပ်ရဲ့ အပေါ်ဘက် (၇) ချပ်မြောက် နေရာမှာထားလိုက်ပါ။ ပုံ(၅)


၅ နဲ့ ၁၀ ကြားမှာ သူပြောလို့ရတဲ့ နံပါတ်တွေက ၆-၇-၈-၉ အဲဒါတွေ တကယ်လို့သူက နံပါတ် ၆ လို့ပြောရင် ဖဲထုပ်ရဲ့အပေါ်ကနေ ၆ ချပ်ရေပြီးချ ၇ ချပ်မြောက်ဖဲချပ်ကိုပြ။ တကယ်လို့ သူက ၇ လို့ပြောရင် ၇ ချပ်မြောက်

ဖဲချပ် ကိုပြ။ ပုံ (၆) ကိုကြည့်ပါ။ ဖဲတွေကို တစ်ချပ်ချင်းရေပြီးချပါ။ တကယ်လို့သူကနံပါတ် ၈ ကိုပြောရင် ဖဲချပ်တွေကို နှစ်ချပ်ပူးစီကိုင်ပြီး နှစ်ချပ် လေးချပ် ခြောက်ချပ် ရှစ်ချပ် ဆိုပြီးတော့ ရေတွက်ပြီးချပါ။ ပြီးတော့မှ ချထားတဲ့ဖဲတွေထဲက အပေါ်ဆုံးဖဲချပ်ကို လှန်ပြပါ။ ပုံ (၇) ကိုကြည့်ပါ။



(၇)

(၈)



တကယ်လို့ သူကနံပါတ် ၉ ကိုပြောရင် ဖဲချပ်တွေကို သုံးချပ်ပူးစီကိုင်ပြီး သုံးချပ် ခြောက်ချပ် ကိုးချပ်ဆိုပြီး ရေတွက်ပြီးအောက်ကိုချပါ။ ပြီးတော့မှ ချထားတဲ့ဖဲချပ်တွေထဲက အပေါ်ဆုံးဖဲချပ်ကို လှန်ပြလိုက်ပါ။ ပုံ(၈)ကိုကြည့်ပါ။



(၉)

မှတ်ချက် - သူ့ဖဲကိုကိုယ်ကသိပြီဆိုရင် ၇ချပ်မြောက်နေရာမှာသာ ထားလိုက်ပါ။ ဘယ်နံပါတ်ပဲပြောပြော သူ့ဖဲချပ်ပဲထွက်လာမှာပါပဲ၊


**ပြန်လည်တင်ပြသူ - ဖွဲ့ဟိန်းအောင်**

ဖဲမျက်လှည့်ပြနည်းများ

## အမိန့်နာခံသော ကင်းဖဲ (၄)ချပ်

ပြန်လည်တင်ပြသူ - လင်းအောင်ဦး

မျက်လှည့်ဆရာကပြောပါတယ်။ ကျွန်တော့်မှာ ကျွန်တော့်ရဲ့အမိန့်ကို နာခံတဲ့ကင်းဖဲ (၄) ချပ်ရှိပါတယ်တဲ့။ ပြောပြောဆိုဆို ဖဲထုပ်ကိုကောက်ကိုင်ပြီး အဲဒီဖဲထုပ်ကိုညာဖက်လက်ကနေ ဘယ်ဖက်လက်ထဲကို တစ်ချက်ပြစ်တယ်။ ပြီးတော့ ဆက်တိုက်ပဲ ဘယ်ဖက်လက်ကနေ စားပွဲပေါ်ကိုပြစ်ချလိုက်တယ်။ ဖဲထုပ်ကတော့ စားပွဲပေါ်ကိုရောက်သွားပါပြီ။ ဒါပေမယ့် သူ့ရဲ့လက်ထဲမှာ ဖဲချပ် (၄)ချပ်ကျန်နေတယ်။ အဲဒါကို သူက လှန်ချလိုက်တယ်။ ကင်းဖဲ (၄)ချပ် တော်တော်လက်မြန်တာပဲ။ နောက်တော့ အဲဒီကင်းဖဲ (၄)ချပ်ကို စားပွဲပေါ်မှာ တစ်ချပ်စီမှောက်ပြီးတော့ ချလိုက်တယ်။ တချပ်စီခွဲထားတယ်။ ပြီးတော့ အဲဒီကင်းဖဲတွေ တစ်ချပ်ချင်းစီရဲ့အပေါ်ကို တခြားဖဲ (၃)ချပ်စီလိုက်တင်လိုက်တယ်။ အပုံ (၄)ပုံဖြစ်သွားတယ်။ တစ်ပုံချင်းစီမှာ ကင်းဖဲတစ်ချပ်စီရှိနေတယ်။ မျက်လှည့်ဆရာက ပရိသတ်တယောက်ကို အဲဒီအပုံတွေထဲက တစ်ပုံ ရွေးခိုင်းတယ်။ ပရိသတ်ရွေးတဲ့အပုံပေါ်ကို လက်ချောင်းလေးတွေနဲ့ ဝှေ့ရမ်းပြီးတော့ အားလုံးဒီကိုလာခဲ့ကြလို့ပြောလိုက်တယ်။ ပြီးတော့ အဲဒီအပုံကိုလှန်ပြလိုက်တယ်။ အဲဒီအပုံကဖဲတွေအားလုံးဟာ ကင်းဖဲတွေချည်းပဲ ဖြစ်နေတာ တွေ့ရတယ်။ အဲဒီကင်းဖဲတွေက သူ့ဆရာစကားကို တကယ်နားထောင်တာလား။ တကယ်နားလည်တာလား။ ဟုတ်ရောဟုတ်ရဲ့လား။




(၁)




(၂)


စက္ကောမ စီစဉ်သည်

မပြသခင်ကြိုတင်ပြင်ဆင်ရမှာက ကင်းဖဲ (၄)ချပ်ကို ဖဲထုပ်ထဲကထုတ်ပြီး တော့ ဖဲထုပ်ရဲ့အပေါ်မှာ (၂)ချပ် အောက်မှာ (၂)ချပ် ကြိုတင်ထည့်ထားပါ။ ပုံ (၁) ပုံ (၂) တို့ကိုကြည့်ပါ။


(၃)

(၄)



ပြပြီးဆိုရင် ဖဲထုပ်ကို ညာဖက်လက်နဲ့ကိုင်ပြီးတော့ ဘယ်ဖက်လက်ထဲကို ပြစ်ရမှာဖြစ်ပါတယ်။ ပြစ်တဲ့အခါမှာ ဖဲထုပ်ရဲ့အပေါ်ဆုံးဖဲတစ်ချပ်နဲ့ အောက်ဆုံး ဖဲချပ် ညာလက်ထဲမှာ ကျန်နေအောင်ထိန်းပြီးတော့ပြစ်ရပါမယ်။ ဖဲထုပ်ကိုကိုင် ထားတဲ့ ညာလက်ရဲ့အပေါ်မှာရှိနေတဲ့လက်မနဲ့ အောက်ဖက်ကလက်ချောင်း များကို အသုံးပြုပြီးတော့ ဖဲချပ် (၂)ချပ် (အပေါ်ကတစ်ချပ် အောက်ကတစ် ချပ်) ကျန်အောင်ပြစ်ရပါမယ်။ ပုံ (၃) ပုံ (၄) ကိုကြည့်ပါ။


(၅)

(၆)



ပုံ (၅)အတိုင်း ဘယ်ဖက်လက်ထဲကိုရောက်လာတဲ့ဖဲထုပ်ကို စားပွဲပေါ်သို့ ထပ်ပြစ်ပါ။ ပထမနည်းအတိုင်း လက်ထဲမှာ နှစ်ချပ်ကျန်အောင်ပြစ်ပါ။

ပုံ (၆) အတိုင်း လက်ထဲမှာရထားသော ကင်းဖဲ (၄) ချပ်ကို လှန်ပြလိုက်ပါ။



(၇)

(၈)



ကင်းဖဲ (၄)ချပ်ကို ဖဲထုပ်ပေါ် ပက်လက်တင်ပါ။ ကင်းဖဲမဟုတ်တဲ့ ဖဲထုပ်ရဲ့အပေါ် ဖဲ(၃)ချပ်ကို ဖြန့်လိုက်ပါ။ ဖြန့်ထားသော ဖဲချပ်များကိုပြန်ပိတ်ပါ။ ပြန်ပိတ်တဲ့အခါ ကင်းဖဲ(၄)ချပ်နဲ့ ဖဲထုပ်ရဲ့အပေါ် ဖဲ (၃)ချပ် စုစုပေါင်း (၇) ချပ်ကို အောက်ဖက်ဖဲထုပ်နဲ့ မရောအောင် လက်သန်းနဲ့ ထောက်ပြီးအုပ်စုခွဲထားပါ။ ပုံ (၇) နဲ့ ပုံ (၈) ကိုကြည့်ပါ။



(၉)


(၁၀)



အုပ်စုခွဲထားသော ဖဲချပ် (၇)ချပ်ကို ညာဖက်လက်နဲ့ခွပြီးကိုင်လိုက်ပါ။ ပြီးရင် ကင်းဖဲတွေကို ဘယ်ဖက်လက်မနဲ့ဖိဆွဲပြီး ဖဲထုပ်ပေါ် ကို မှောက်ချပါ။ ပုံ (၉) ကိုကြည့်ပါ။ နောက်ဆုံးကင်းဖဲကို ဆွဲမချခင် ဖဲထုပ်ပေါ် ကို အရင်တင်လိုက်ပါ။ အဲဒီဖဲရဲ့အောက်မှာ တခြားဖဲ (၃)ချပ်ရှိနေတာကို မသိပါစေနဲ့။ ပုံ (၁၀) ကိုကြည့်ပါ။ ပြီးရင်နောက်ဆုံးကင်းဖဲကိုပါဖဲထုပ်ပေါ် ကို မှောက်လိုက်ပါ။ ပရိသတ်အမြင်မှာတော့ ဖဲထုပ်ပေါ် ကင်းဖဲ (၄)ချပ်ပဲ မှောက်ချ လိုက်တယ်လို့မြင်ပါစေ။ အမှန်ကတော့ ဖဲထုပ်ရဲ့အပေါ် မှာ ကင်းဖဲ (၁)ချပ်ပြီး ရင်တခြားဖဲ (၃)ချပ်ပြီးမှ နောက်ကင်းဖဲ (၃)ချပ် အဲဒီလိုရှိနေမှာပါ။




(၁၁)




(၁၂)

နောက်ဆုံးကင်းဖဲကိုလည်း ဖဲထုပ်ပေါ်ကို မှောက်ချလိုက်ပါ။ ပုံ (၁၁) ပရိသတ်က ဖဲထုပ်ရဲ့အပေါ်ဆုံးဖဲတွေဟာ ကင်းဖဲ (၄)ချပ်လို့ထင်နေပါလိမ့်မယ်။ အပေါ်ဖဲ (၄)ချပ်ကို ပုံ (၁၂)ထဲကအတိုင်း တစ်ချပ်စီခွဲချလိုက်ပါ။ ပါးစပ်ကလည်းပြောပါ။ ဒီမှာကင်းတစ်ချပ်၊ ဒီမှာကင်းတစ်ချပ်ဆိုပြီး ဖဲချပ်များကိုချပါ။ အမှန်ကတော့ထိပ်ဆုံးတစ်ချပ်မှာပဲ ကင်းရှိပါတယ်။ ကျန်တဲ့ (၃)ချပ်က တခြားဖဲတွေပါ။




(၁၃)



(၁၄)

နောက်တော့ ပရိသတ်ကိုပြောပါ။ ဒီကင်း (၄)ချပ်ရဲ့အပေါ်ကို တခြားဖဲ (၃)ချပ်စီ တင်လိုက်မယ်ဆိုပြီး ဖဲထုပ်ရဲ့ အပေါ်ဆုံးက (၃)ချပ်ရေတွက်ပြီး ထိပ်ဆုံးအပုံကစပြီးတင်ပါ။ အဲဒီမှာ စောစောကချန်ထားတဲ့ ကင်းဖဲ (၃)ချပ်ကျသွားပါလိမ့်မယ်။ နောက်ဖဲချပ်တွေကိုလည်း အဲဒီအတိုင်းပဲ ဖဲချပ် (၃)ချပ်စီလိုက်တင်လိုက်ပါ။ ပုံ (၁၃) ကိုကြည့်ပါ။ ထိပ်ဆုံးအပုံမှာကင်းဖဲ (၄)ချပ်စလုံးရောက်နေပြီဖြစ်ပါတယ်။ ပရိသတ်အမြင်မှာတော့ တစ်ပုံမှာ ကင်းဖဲတစ်ချပ်စီပဲရှိတယ်လို့ထင်ပါလိမ့်မယ်။ ပြီးရင် ပရိသတ်ကိုအပုံ (၄)ပုံထဲက နှစ်ပုံကို လက်နဲ့

ထောက်ခိုင်းပါ။ ပုံ (၁၄) ကိုကြည့်ပါ။ သူကြိုက်တဲ့အပုံတွေထောက်ပါစေ။ သူထောက်တဲ့အပုံတွေကိုကြည့်ပါ။ သူထောက်တဲ့အပုံတွေမှာ ကင်းဖဲတွေပါတဲ့အပုံမပါရင် အဲဒီနှစ်ပုံကို နောက်ကိုဆုတ်လိုက်ပါ။ သူထောက်တဲ့အပုံတွေထဲမှာ ကင်းဖဲတွေပါတဲ့အပုံပါရင် ကျန်တဲ့နှစ်ပုံကိုနောက်ဆုတ်လိုက်ပါ။ ကျန်တဲ့အပုံနှစ်ပုံထဲမှ တစ်ပုံကို ထပ်ပြီးရွေးခိုင်းပါ။ တစ်ဖဲအပုံကို မရွေးရင် အဲ့ဒီအပုံကို နောက်ဆုတ်လိုက်ပါ။ ဆိုလိုချင်တာက သူရွေးချင်တဲ့အပုံရွေးပါစေ။ ကိုယ့်အပုံကို မကျန်ကျန် အောင်ချန်ထားရမှာဖြစ်ပါတယ်။ အမှန်ကတော့ သူရွေးနေတာမဟုတ်ပါဘူး။ ကိုယ်ကဝင်ရွေးနေတာပါ။ နောက်ဆုံးကျတော့ ကင်းဖဲတွေချည်းပဲ ရှိတဲ့အပုံပဲ ကျန်ပါလိမ့်မယ်။ အဲဒီတော့မှ အပုံပေါ်မှာ လက်ချောင်းလေးတွေနဲ့ အိုက်တင် လုပ်ပြီးတော့ အားလုံးဒီကိုလာခဲ့ကြလို့ပြော လိုက်ပါ။ ပြီးတော့ လှန်ပြလိုက်ပါ။ အဲဒီအပုံမှာအားလုံးကင်းဖဲတွေချည်းပဲ၊ အနောက်ကအပုံတွေက ဖဲချပ်တွေကို လည်းလှန်ပြလိုက်ပါ။ ကင်းဖဲတွေ မရှိတော့ပါဘူးလို့။





ပြန်လည်တင်ပြသူ - လင်းအောင်ဦး

စတ္တရာမ စီစဉ်သည်


## မှော်ဝင်နေသောကိန်းဂဏာန်းများ (သို့) ဖဲချပ်ထဲကနံပါတ်များ

ပြန်လည်တင်ပြသူ - ဖွဲ့ဟိန်းအောင်

ဖဲချပ်တွေထဲမှာရှိနေတဲ့ နံပါတ်တွေမှာ ထူးခြားမှုတွေရှိနေတယ်။ မှော်ဝင်နေတယ်လို့ ပြောရင်တစ်ချို့ကလက်ခံမှာမဟုတ်ပါဘူး။ အဲဒီအကြောင်းကိုအသိဆုံးကတော့ လောင်းကစားသမားတစ်ချို့နဲ့ မျက်လှည့်ဆရာတွေပဲဖြစ်ပါတယ်။ လက်တွေ့ကျကျပြောရရင် လောင်းကစားသမားတွေရဲ့ ကံကြမ္မာကို မှော်ဝင်နေတဲ့နံပါတ်တွေက အဆုံးအဖြတ်ပေးခဲ့ကြပါတယ်။ ဖဲမျက်လှည့်ကို လေ့လာတဲ့ မျက်လှည့်ဆရာတွေမှာလည်း တစ်ချို့ပြကွက်တွေဟာ မှော်ဝင်နေတဲ့ဖဲချပ် ထဲက နံပါတ်တွေရဲ့ ဆန်းကြယ်မှုတွေကို တွေ့ရှိပြီး ပြကွက်ကောင်းတွေ တီထွင်ရရှိ ခဲ့ကြပါတယ်။ အခုပြမယ့် ပြကွက်လေးဟာလည်း ပရိသတ်က ရွေးချယ်ပြီးတော့ မှတ်ထားတဲ့ဖဲချပ်ကို ပြန်ရှာပြတဲ့ ပြကွက်ဆိုပေမယ့် အဲဒီပြကွက်မှာ မှော်ဝင်နေတဲ့နံပါတ်တွေရဲ့ ဆန်းကြယ်မှုတွေကို တွေ့ကြရမှာ ဖြစ်ပါတယ်။

ပြကွက်ကိုအတိုချုံးပြီးတော့ပြောရမယ်ဆိုရင် မျက်လှည့်ဆရာက ပရိသတ်ကိုဖဲထုပ်ထဲကကြိုက်ရာ ဖဲချပ် ၉ ချပ်ယူခိုင်းတယ်။ အဲဒီအထဲက ကြိုက်ရာတစ်ချပ်ကိုထပ်ပြီးတော့ ရွေးခိုင်းပြီးစိတ်ထဲမှာ မှတ်ထားပါလို့ပြောတယ်။ သူ့ကိုတော့ မပြပါနဲ့တဲ့။ ပြီးတော့ ဖဲထုပ်ထဲကိုပြန်ထည့်တယ်။ ဖဲထုပ်ထဲကဖဲချပ်တွေကို ပက်လက်လှန်ပြီးတော့ ၄ ပုံ ချတယ်။ လက်ထဲမှာလည်း ဖဲတစ်ချို့ကို ချန်ထားတယ်။ ပက်လက်လန်နေတဲ့ဖဲချပ်က နံပါတ်တွေကိုပေါင်းတယ်။ အဲဒီပေါင်းခြင်း အရေအတွက်အတိုင်း ဖဲချပ်တွေကို ရေတွက်ပြီးတော့ အောက်ကိုချတယ်။ အဲဒီပေါင်းခြင်းနံပါတ်ရောက်တဲ့ဖဲချပ်ကိုလှန်ပြီးပြလိုက် တယ်။ ဟုတ်ပါတယ်။ စောစောကပရိသတ်ရွေးထားတဲ့ဖဲ။ ပြကွက်ရဲ့သဘော ကိုလက်တွေ့ မပါပဲ ရှင်းပြရတာပြောပြရတာ အင်မတန်ခက်ပါတယ်။ အဲဒီတော့ ဖဲထုပ်ကို

သာကိုင်လိုက်ပါ။ အောက်ကပုံတွေကိုကြည့်ပြီး လက်တွေ့ လိုက်လုပ်ကြည့်လိုက်ပါ။ ဖဲထုပ်က အချပ်ရေစေ့ဖို့လိုတယ်။ ဂျိုကာဖဲချပ်တွေကိုတော့ ထုတ်ထားလိုက်ပါ။




ပုံ (၁)

ဖဲထုပ်ထဲကကြိုက်တဲ့ဖဲချပ် ၉ ချပ် ထုတ်ယူလိုက်ပါ။




ပုံ (၂)

အဲဒီဖဲချပ် ၉ ချပ်ထဲက ကြိုက်ရာတစ်ချပ်ကို ထပ်ပြီးရွေးပါ။



ပုံ (၃)

ရွေးလိုက်တဲ့ဖဲချပ်ကို ကျန် ၈ ချပ်ပေါ်ကို တင်လိုက်ပါ။ မှောက်ပြီးတော့ တင်ပါ။ ပုံမှာ ပက်လက်ပြထားတာက ပရိသတ်အမြင်ရှင်းအောင်လို့ပါ။




ပုံ (၄)

ကျန်တဲ့ဖဲချပ်အားလုံးကို အဲဒီဖဲချပ် ၉ ချပ်ပေါ်ကို ထပ်တင်လိုက်ပါ။ ဖဲချပ်များကို ရောဟန်ဆောင်ပါ။ (တကယ်ရောမသွားသော ရောဟန်ဆောင်နည်းများကိုကြည့်ပါ။ လေ့ကျင့်ထားပြီးထည့်သုံးပါ။)



ပုံ (၅)



ပုံ (၆)

၁၅ ချပ်မြောက်ဖဲချပ်

(ပရိသတ်မှ ရွေးထားသောဖဲ)

ပုံ (၅)ထဲကအတိုင်း လက်ထဲကဖဲချပ်တွေကို တစ်ချပ်ချင်း ပက်လက်လှန်ချပါ။ ဖဲချပ်များကိုချ ရင်း စိတ်ထဲမှလည်းလိုက်ပြီးရေတွက်ပါ။ ၁၀၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂ ၁ဆိုပြီး ပြောင်းပြန်ရေတွက်ပါ။ ဥပမာ ပထမတစ်ချပ်ချရင် စိတ်ထဲက ၁၀ လို့ဆိုပြီး နောက်တစ်ချပ်ချရင် စိတ်ထဲ ၉ လို့ဆိုလိုက် နောက်တစ်ချပ်ချရင်

## ဖဲမျက်လှည့်ပြနည်းများ

စိတ်ထဲက ၈ လို့ဆိုလိုက် အဲဒီအတိုင်းစိတ်ထဲကဆိုပြီးချသွားပါ။ ဖဲချပ်တွေကိုလည်း ကြည့်သွားပါ။ စိတ်ထဲကဆိုတဲ့နံပါတ်နဲ့ ဖဲချပ်ကနံပါတ် တူသွားရင်တူတဲ့နေရာ မှာ အဲဒီဖဲချပ်ကို ချပြီး အဲဒီအပုံကိုရပ်လိုက်ပါ။နောက်တစ်ပုံကိုဆက်ပြီးတော့ စောစောက အတိုင်းဆိုပြီးတော့ချပါ။ စိတ်ထဲကနံပါတ်က နံပါတ် ၁ ရောက် တဲ့အထိ မတူဘူးဆိုရင် အဲဒီအပုံကို ပုံထဲမှာပြထားတဲ့အတိုင်း အပေါ်ကတစ်ချပ် မှောက်ချပြီးတော့ ပိတ်ထားလိုက်ပါ။ အားလုံး ၄ ပုံဝေရမှာပါ။ ဝေပြီးသွားရင် ပုံ (၆) မှာပြထားတဲ့အတိုင်း ပက်လက်လှန်ထားတဲ့အပုံတွေက အပေါ်က နံပါတ်တွေကိုပေါင်းပါ။ ဥပမာ ပုံ (၆)ထဲကအတိုင်းဆိုရင် ၈ + ၇ = ၁၅ လက်ထဲကဖဲချပ်တွေကို ၁၅ ချပ်ရေပြီးချပါ။ အဲဒီ ၁၅ ချပ်မြောက်ဖဲချပ်ဟာ သူရွေးတားတဲ့ဖဲချပ်ပါပဲ။

ပြန်လည်တင်ပြသူ - ဇွဲဟိန်းအောင်

ဖဲမျက်လှည့်ပြနည်းများ

## မသိစိတ်


ပြန်လည်တင်ပြသူ - ထွန်းဘကြူ

"လူတွေမှာ မသိစိတ်ဆိုတာရှိတယ်၊ အဲဒီမသိစိတ်ရဲ့အကြောင်းကို စိတ်ပညာဆရာတွေက အမျိုးမျိုးလေ့လာကြတယ်။ အကြမ်းဖျင်းပြောရရင် သတိမထားမိတဲ့ စိတ်ပဲ။ တစ်ချို့ဆိုက်ကိုဆရာတွေက တစ်ဖက်လူရဲ့ အဲဒီစိတ်ကိုအသုံးပြုပြီးတော့ အိပ်မွေ့ချတယ်။ အဲဒီမသိစိတ်က သာမန်စိတ် ထက်ပိုပြီးတော့ စွမ်းအားတွေရှိတယ်လို့ လဲပြောကြတယ်။ ဥပမာကွာ ဟောဒီ ဖဲထုပ်ထဲက ဖဲချပ်တွေကို မှောက်ထားပြီးတော့ ဘယ်ဟာကဘာဖဲလဲဆိုတာ မမြင်ရတဲ့အတွက် မပြောနိုင်သလို စိတ်ကူးနဲ့ စဉ်းစားကြည့်မယ်ဆိုရင်လည်း မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် မသိစိတ်ကို နှိုးဆွနိုင်မယ်ဆိုရင်တော့ အဲဒီစိတ်က သိနိုင်တယ်။ သူ့မှာက စွမ်းအင်ပိုပြီးတော့ရှိတယ်။ ပြောနေတာကြာပါတယ်။ ဟောဒီဖဲထုပ်ကို မင်းကြိုက်သလိုရော ပြီးရင်မင်းပဲမှောက်ပြီးကိုင်ထား ဟုတ်ပြီရပြီလား။ ဒါဆိုရင် ငါကဖဲချပ်တွေကို နံပါတ်ပြောပြီး မင်းဆီကတောင်း မယ် မင်းက ငါတောင်းတဲ့ဖဲချပ်ဟုတ်ဟုတ်မဟုတ်ဟုတ် ရမ်းပြီးတော့သာပေး မင်းရဲ့စိတ်ကဘာဖဲချပ်တွေဆိုတာ သိဖို့လည်းမလိုဘူး။ ကြည့်ဖို့လည်းမလိုဘူး။ ငါက ကုလားဖဲတစ်ချပ်ပေးကွာဆိုရင် မင်းကပေးချင်တဲ့ဖဲချပ်ကို ရော့ကွာ ကုလားဖဲဆိုပြီးပေး။ ငါကတစ်ဖဲတစ်ချပ်ပေးပါဆိုရင် မင်းက ကြိုက်တဲ့တစ်ချပ် ကို ရော့ကွာတစ်ဖဲဆိုပြီးတော့ပေး။ နားလည်ပြီလား။ ငါကမင်းရဲ့မသိစိတ်ကိုနှိုး ဆွပြီးတော့ ငါဖသာငါခိုင်းသွားမှာ မင်းကရမ်းပြီးတော့သာလုပ်။ ကဲဘယ်လို လုပ်ရမယ်ဆိုတာသိရင် ငါတို့စမ်းကြည့်ရအောင် နံပါတ် ၃ ဖဲတစ်ချပ်ပေးကွာ မင်းပေးချင်တဲ့ဖဲချပ်ကိုပေး သိစရာမလိုဘူး။ ကြည့်စရာမလိုဘူး။ မှောက်လျှက် ပေး မင်းပေးချင်တာပေး ဟုတ်ပြီနောက် ၅ တစ်ချပ်ပေးကွာ စောစောကလိုပဲ ရမ်းပြီးသာပေး ဟုတ်ပြီ နောက်ကုလားဖဲတစ်ချပ်ပေးကွာ ရပြီ သူငယ်ချင်း

ဒီမှာကြည့် မင်းဆီကငါတောင်းတာ ၃ တစ်ချပ် ၅ တစ်ချပ် ကုလားတစ်ချပ် အားလုံးကွက်တိပဲတွေ့လား အဲဒါကဘာလဲဆိုတော့ မင်းရဲ့ဆီက မင်းရဲ့ မသိစိတ်ကို နှိုးဆွပြီးတော့ ခိုင်းလိုက်တာပဲ။”

အမှန်ကတော့ ဖဲထုပ်ထဲက အောက်ဆုံးဖဲကို မသိမသာကြည့်ပြီးတော့ မှတ်လိုက်တယ်။ ပြီးတော့ အဲဒီဖဲကို ဝှက်ပြီးတော့ ယူထားလိုက်တယ်။ ဥပမာ အဲဒီအောက်ဆုံးဖဲဟာ နံပါတ် ၃ ဆိုရင် ၃ ဖဲတစ်ချပ်ပေးပါလို့စပြီး တော့တောင်း သူကပေးချင်တဲ့ဖဲပေးလိမ့်မယ်။ သူပေးတဲ့ဖဲကို မသိမသာကြည့် သူပေးလိုက်တာ ၅ ဖဲဆိုရင် ၅ ဖဲတစ်ချပ်ထပ်ပေးပါလို့တောင်း ပြီးရင် သူရမ်းပြီးတော့ထပ်ပေးတဲ့ဖဲကိုကြည့် အဲဒီဖဲဟာ ကုလားဖဲဆိုရင် ကုလားဖဲတစ်ချပ်လောက် ထပ်ပေးပါလို့တောင်း နောက်ဆုံး သူပေးတဲ့ဖဲ ဘာဖဲပဲဖြစ်ဖြစ် အဲဒီဖဲကို စောစောက ၃ ချပ်နောက်မှာ ဝှက်ထားပြီးတော့ စောစောက ၃ ချပ် ၃ ဖဲရယ် ၅ ဖဲရယ် ကုလားဖဲရယ် ကိုပြလိုက် ကိုယ်တောင်းတာနဲ့ သူပေးထားတာနဲ့ကွက်တိပဲ။ ဖဲချပ်ကို ဘယ်လိုဝှက်ထားရမယ်ဆိုတာတော့ အောက်မှာ ပုံတွေကိုကြည့်ပါ။ လေ့ကျင့်ပြီးမှပြပါ။


သူ့ကို ဒုတိယဖဲချပ်တောင်းတဲ့အချိန် သူကဖဲနောက်တစ်ချပ်ပေးဖို့ယူတဲ့အချိန်မှာ လက်ထဲမှာ ဝှက်ထားတဲ့ ဖဲချပ်ကို တောင်းထားတဲ့ ဖဲချပ်နဲ့ ပေါင်းလိုက်ပါ။




(၁)

(၂)






(၃)



(၄)



(၅)




(၆)



(၇)

မျက်နှာက ဖဲချပ်ဝှက်ထားတဲ့ လက်ကိုမကြည့်ပါနဲ့။ ဖဲထုပ်ကိုသာကြည့်ပြီးသူ့ကိုပေးပါ။



(၈)

ပြန်လည်တင်ပြသူ - ထွန်းဘကြူး


စက္ကောမ စီစဉ်သည်

# ဟန်ဆောင်ဖဲရောနည်း

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်


ဖဲပြကွက်တော်တော်များများမှာ လိုအပ်တဲ့ဖဲရောနည်း လေ့ကျင့်ခန်းတစ်ခု ဖြစ်ပါတယ်။ တကယ်ရောသလိုလိုပါပဲ။ အမှန်တကယ်ကတော့ ဖဲတွေရော မသွားပါဘူး။ ကိုယ့်မှာရှိတဲ့ ဖဲအစဉ်တွေ ဖဲအထပ်တွေကို ပရိသတ်သံသယ ကင်းအောင် ရောပြဖို့လည်းလိုအပ်တယ်။ တကယ်လည်းရောမသွားစေချင်တဲ့ အခါ မျိုးမှာအဲဒီနည်းကိုထည့်သုံးရမှာဖြစ်ပါတယ်။ သေသေချာချာလေ့ကျင့် ထားဖို့ လိုအပ်ပါတယ်။ လေ့ကျင့်ခန်းကောင်းမှလည်း ပရိသတ်ကတကယ် ရောနေ တယ်လို့ထင်မှာပါ။


(၁)

(၂)


ပုံ(၁)ထဲကအတိုင်း ကိုင်ပြီး ဖဲထုပ်ကိုလက်ညှိုးနဲ့ သုံးပုံတစ်ပုံလောက်ခွဲ လိုက်ပါ။

အဲဒီအထပ်ကို ဘယ်ဖက်လက်သို့ ပို့လိုက်ပါ။ ဘယ်ဖက်လက်မကြားထဲ မှာ ပုံ (၂) ထဲကအတိုင်း ညှပ်ထားပါ။


(၃)

(၄)


ပုံ (၃) မှာ ပြထားတဲ့အတိုင်း ညာဖက်လက်ထဲကဖဲထပ်ကို လက်ညှိုးနဲ့ နောက်တစ်ပုံထပ်ခွဲပါ။ အဲဒီထပ်ခွဲလိုက်သောဖဲထပ်ကို ဘယ်ဖက်လက်ထဲသို့ ထပ်ပြီးပို့လိုက်ပါ။ ဘယ်လက်မှ ပထမအတိုင်း လက်မနဲ့ ညှပ်ပါ။ ပုံ (၄)ကို ကြည့်ပါ။


(၅)


(၆)


(၇)


(၈)

ဘယ်ဖက်လက်သို့ ပို့လိုက်သော ဖဲထပ်နှစ်ထပ် တစ်ထပ်နဲ့တစ်ထပ် မရောစေရန် ပုံ (၅)ထဲကအတိုင်း လက်သန်းနဲ့ထောက်ထားပါ။ ပြီးလျှင် ပုံ (၇)ထဲကအတိုင်း ဘယ်လက်မှ ဖဲတစ်ထပ်ကိုပြန်ယူပြီး ပထမချထားသော ဖဲထပ်ပေါ်ကိုချပါ။ ပုံ (၈) ထဲကအတိုင်း ဘယ်ဖက်လက်ထဲမှာ နောက်ဆုံး ကျန်နေသောဖဲထပ်ကိုလည်း ပထမဖဲထပ်များပေါ်သို့ချပါ။


ပရိသတ်ကိုပြရမည့်ဟန်မှာ ညာဖက်လက်မှဖဲများကို ဘယ်ဖက်လက်သို့ ခွဲခွဲပြီးရောသည်။ ဘယ်ဖက်လက်သို့ရောက်သွားသောဖဲများကိုလည်း စားပွဲပေါ်သို့ ခွဲခွဲပြီးချသည် ဆိုသည့်ဟန်ပေါက်ရမည်။

ဖဲမျက်လှည့်ပြနည်းများ

## ဟန်ဆောင်ဖဲရောနည်း(၂)

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်


ပရိသတ်အထင်မှာ သူတို့ရွေးလိုက်တဲ့ဖဲချပ်ကို ဖဲထုပ်ထဲကိုပြန်ထည့်ပြီးတော့ ရောလိုက်တယ်။ မွှေလိုက်တယ်လို့ ထင်ရအောင် ဟန်ဆောင်ဖဲရောတဲ့နည်းဖြစ်ပါတယ်။ တကယ်ရောတာ တကယ်မွှေတာမဟုတ်ပါဘူး။ ရောဟန်ဆောင်တာပါ။ ဖဲပြကွက်တော်တော်များများမှာ ထည့်ပြီးသုံးလို့ရပါတယ်။ လေ့ကျင့်ထားဖို့တော့လိုပါတယ်။



(၁)


(၂)

ပုံ (၁) ပရိသတ်ကကြိုက်တဲ့ ဖဲတစ်ချပ် ယူပါစေ။

ပုံ (၂) ထဲကအတိုင်း ဖဲထုပ်ကို နှစ်ပိုင်းခွဲလိုက်ပြီး သူ့ဖဲချပ်ကို ဘယ်ဖက်ဖဲထပ်ပေါ်ကိုတင်ခိုင်းပါ။


(၃)



(၄)

ပုံ (၃)ထဲကအတိုင်း ကိုင်ပြီး ဘယ်ဖက်မှ ဖဲထပ်ကို ညာဖက်ဘက်မနဲ့ တဝက်ခွဲယူပြီး ပက်လက်လှန်ချလိုက်ပါ။ ပုံ (၄) ကိုလည်းကြည့်ပါ။


http://www.khtnetpc.webs.com For Educational Purposes





(၅)

(၆)


ပုံ (၅)ထဲကအတိုင်း ပက်လက်လန်နေသောဖဲထပ်ကို ဘယ်လက်နဲ့ တွန်းမပြီး ညာဖက်ဖဲထပ်နဲ့ ပေါင်းလိုက်ပါ။ ပုံ (၆) ကိုလည်းကြည့်ပါ။


(၇)

(၈)


ပုံ (၇)ထဲကအတိုင်း ညာဖက်လက်ထဲမှာ ရောက်နေတဲ့ ဖဲထပ်အားလုံးကို ပက်လက်လှန်လိုက်ပါ။

ပုံ (၈)မှာ ပြထားသည့်အတိုင်း ပက်လက်လန်နေတဲ့ ဖဲထပ်ကို ညာဖက် လက်ကတွန်းမပြီး ဘယ်ဖက်လက်ထဲမှာ ရှိနေတဲ့ဖဲထပ်နဲ့ ပေါင်းလိုက်ပါ။

လေ့ကျင့်ခန်းကောင်းကောင်းနဲ့ မြန်မြန်လေးပြမယ်ဆိုရင် ဖဲထုပ်ပေါ်ကို တင်လိုက်တဲ့ သူ့ရဲ့ဖဲချပ်ဟာ ဖဲထုပ်ရဲ့အလယ်ထဲကို ထည့်လိုက်သလိုပါပဲ။ ကတယ်တမ်းကျတော့ သူ့ရဲ့ဖဲချပ်ဟာ ဖဲထုပ်ရဲ့အပေါ်ဆုံးမှာပဲ ရှိနေပါတယ်။

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

ဖဲမျက်လှည့်ပြနည်းများ

## ဘာလို့မဟုတ်ရမှာလဲ

ပြန်လည်တင်ပြသူ - ဖွဲ့ဟိန်းအောင်


မျက်လှည့်ဆရာသည် ထုံးစံအတိုင်း ပရိသတ်တစ်ယောက်ကို ဖဲထုပ်ထဲမှ ဖဲတစ်ချပ်ကို ရွေးနိုင်ပြီး မှတ်ထားနိုင်၏။ ပြီးတော့ အဲဒီဖဲချပ်ကို ပြန်ရှာပြမည်ဟုပြော၍ ဖဲတစ်ချပ်ကို ထုတ်ပြလိုက်၏။ ပရိသတ်မှ မဟုတ်ဘူးဟု ပြော၏။ ကိစ္စမရှိနောက်တစ်ချပ်ထပ်ပြ၏။ ပရိသတ်က အဲဒါလည်း မဟုတ်ဘူးဟု ပြောပြန်၏။ ခက်ပြီ ဒီတစ်ခါတော့ သေချာပါတယ်လို့ ပြောပြီး နောက်တစ်ချပ်ကိုထပ်မံပြပြန်၏။ ပရိသတ်က အဲဒါလည်းလုံးဝမဟုတ်ဘူး ဟုပြောလိုက်ပြန်၏။

မျက်လှည့်ဆရာသည် မဟုတ်ဘူးဟုပြောသဖြင့် အောက်ကိုချထားသော ဖဲချပ် ၄ ချပ်ကို မကျေနပ်သော အမူအရာနဲ့ ကြည့်ပြီး အဲဒီဖဲချပ် ၄ ချပ်ကို လက်သီးဆုပ် ကြားထဲမှာ ညှပ်ထားပေးပါလို့ ပရိသတ်ကိုခိုင်းလိုက်၏။ ပရိသတ်ကညှပ်ထားပေး၏။ ထိုညှပ်ထားသော ဖဲချပ် ၄ ချပ်ကို မျက်လှည့်ဆရာ က "ဘာလို့မဟုတ် ရမှာလဲ" လို့ပြောပြီး လက်ဝါးနဲ့ ရိုက်ချလိုက်၏။ ပရိသတ်လက်ထဲတွင် ညှပ်ထားသော ဖဲချပ် ၄ ချပ်ထဲမှ ၃ ချပ်သည် အောက်သို့ ပြုတ်ကျသွားပြီး တစ်ချပ်တည်းသာ သူ့လက်ထဲတွင် ကျန်နေ၏။ မျက်လှည့် ဆရာက ပရိသတ်ကို အဲဒီဖဲချပ် ကိုကြည့်လို့ အမူအရာနဲ့ ပြလိုက်၏။ ပရိသတ်က အဲဒီဖဲချပ်ကို ကြည့်လိုက်ရာ သူရွေးပြီး မှတ်ထားတဲ့ဖဲချပ်ဖြစ် နေတာကို တွေ့ရပါတယ်။

ပြမယ်ဆိုရင်တော့ အောက်မှာပြထားတဲ့အတိုင်း အဆင့်ဆင့် ပြုလုပ်လေ့ ကျင့်ပါ။ ပြီးမှပြပါ။


http://www.khtnetpc.webs.com For Educational Purposes





(၁)


(၂)



ပရိသတ်ရွေးပြီးမှတ်ထားတဲ့ဖဲချပ်ကို ဖဲထုပ်ရဲ့ အပေါ်ဆုံးမှာတင်ပါ။ ကြိုက်တဲ့ရောနည်းအတု တစ်နည်းကို သုံးပြီးတော့ ရောဟန်ဆောင်ပါ။ သူတို့ဖဲချပ်ဟာ အပေါ်ဆုံးမှာပဲရှိနေပါစေ။ ပုံ (၂) မှာပြထားတဲ့အတိုင်း အဲဒီ အပေါ်ဆုံးဖဲချပ်ကို အောက်ဖက်ကိုနဲနဲဆုတ်ထားပါ။

ပြီးရင်ဖဲထုပ်ကို ပုံ (၃)ထဲကအတိုင်းကိုင်ပြီး အောက်တစ်ချပ်အပေါ် တစ်ချပ် အောက်တစ်ချပ်အပေါ်တစ်ချပ်နဲ့ ဖဲချပ် ၄ ချပ်ချပါ။ သူ့ကိုလည်း မေးပါ။ "ဒီဖဲလား ဒီဖဲလား" အပေါ်ဖဲချပ်တွေကို ပြတဲ့အခါမှာ သူ့ရဲ့ဖဲချပ်ကို အောက်ဖက်ဆုတ်ထားပါ။ ပထမအောက်ဖဲတစ်ချပ်ကိုပြ ဒီဖဲလားလို့မေး၊ သူကမဟုတ်ဘူးလို့ပြောလိမ့်မယ်။ အဲဒီဖဲကို စားပွဲပေါ်ကိုချ နောက်တစ်ချပ် အပေါ်ဖဲတစ်ချပ်ကို ဆွဲပြီး ဒီဖဲလားလို့မေး သူကမဟုတ်ဘူးလို့ ပြောလိမ့်မယ်။ အဲဒီဖဲချပ်ကို အောက်ကိုချ၊ နောက်အောက်ဖဲတစ်ချပ်ကိုပြ၊ မေး၊ အောက်ကိုချ။ နောက်တစ်ချပ် ၄ ချပ် မြောက် အပေါ်ဖဲကိုပြ။ မေး - ပြီးရင် အောက်ကိုချ တဲ့အခါ သူ့ဖဲချပ်ကိုချလိုက်ပါ။

ပုံ (၃)




ပရိသတ်ကို ပြရမည့်အပေါ် ဖဲအဲဒီဖဲချပ်ရဲ့ အနောက်မှာ သူတို့မှတ်ထားတဲ့ ဖဲချပ်ရှိတယ်။


အောက်ဖဲ

ဖဲမျက်လှည့်ပြနည်းများ


ပုံ (၄)

၄ ချပ်မြှောက်ဖဲကိုပြတဲ့အခါမှာ သူတို့ဖဲနဲ့ကပ်လျှက်ဖဲချပ်ကို ပြပြီးတော့ အောက်ကိုချရင်တော့ သူတို့ဖဲကို ချလိုက်ပါ။





ပုံ (၅)



ပုံ (၆)

ပရိသတ်ကတော့ အောက်ကိုချလိုက်တဲ့ ၄ချပ်ထဲမှာ သူတို့ဖဲမပါဘူးလို့ ထင်ပါလိမ့်မယ်။ အမှန်ကတော့သူတို့ဖဲက အဲဒီအထဲမှာပါ အဲဒီ ၄ ချပ်ထဲက သူတို့ဖဲကို အောက်ဆုံးမှာထားပြီးတော့ ပုံ (၆) မှာပြထားတဲ့အတိုင်း လက်သီးဆုပ်ထဲကို ညှပ်ခိုင်းပါ။ အပေါ်ကနေ ရိုက်ချပါ။ သူဖဲတစ်ချပ်ထဲ ကျန်ပါလိမ့်မယ်။

ပြန်လည်တင်ပြသူ - ဇွဲဟိန်းအောင်


စက္ကော့မ စီစဉ်သည်

## ကံကောင်းသောနံပါတ် (၁၃)

ပြန်လည်တင်ပြသူ - လင်းအောင်ဦး


"နံပါတ် (၁၃)ဂဏန်းနဲ့ ပတ်သက်လို့ ကံမကောင်းတဲ့နံပါတ်လို့ တော်တော်များများကလက်ခံထားကြပါတယ်။ တားရော့ကဒ်မှာ နံပါတ် (၁၃)ဟာ သေမင်းကို ကိုယ်စားပြုတဲ့နံပါတ်ဖြစ်ပါတယ်။ ဟိုတယ်အခန်းနံပါတ်တွေမှာ (၁၃) ဂဏန်းကိုမထားတာများပါတယ်။ ကျွန်တော့်ဆီမှာတော့ အဲဒီလိုမဟုတ်ပါဘူး။ကျွန်တော်အခုပြမှာက ကံကောင်းသောနံပါတ် (၁၃)ပါ၊ ကျွန်တော့်ဖဲထုပ်ထဲကနေပြီးတော့ ဖဲချပ် (၁၃)ချပ်စီရေတွက်ပြီးတော့ အောက်ကိုချပါမယ်။ (၁၃)ချပ်မြောက်ဖဲချပ်ဟာ ဘာဖဲလဲဘယ်လိုဖဲချပ်လဲဆိုတာကြည့်ကြရအောင်၊ ကျွန်တော်ဖဲချပ်တွေကို ရေတွက်ပြီးတော့မချခင်မှာ ဖဲချပ်တွေကိုရောဖို့လိုပါတယ်။ ဖဲရောနည်းတွေအများကြီးထဲက အရိုးဆုံးအရှင်းဆုံး အလွယ်ဆုံး (၃) ပုံဝေပြီးတော့ဖဲရောတဲ့နည်းကို နှစ်ကြိမ်ပြုလုပ်ပါမယ်။ ဖဲတွေကို ကျွန်တော်ကတော့ရောပြီးသွားပါပြီ၊ ပရိသတ်ကချိုးဖို့လိုပါတယ်။ ဖဲတွေကို တစ်ယောက်လောက်ချိုးပေးပါ။ ဘယ်နှစ်ကြိမ်ချိုးချိုးရပါတယ်။ ကြိုက်သလောက်ချိုးပါ။ ပြီးရင်တော့ ကျွန်တော်လည်း တစ်ကြိမ်လောက်ချိုးလိုက်ပါဦးမယ်။ ကဲကောင်းပါပြီ အပေါ်ဖက်ဖဲချပ်တွေ ကနေစပြီးတော့ (၁၃) ချပ်ရေတွက်ပြီးချလိုက်ရအောင်။ ဖဲထုပ်ရဲ့ အပေါ်ဖက်ဖဲချပ်များမှစ၍ ဖဲချပ် ၁၂ ချပ်ကို ပုံ(၄)မှာပြထားတဲ့အတိုင်း ၄ ချပ်စီ ၃ တန်းချလိုက်ပါတယ်။ ၁၃ ချပ်မြောက်ဖဲချပ်ကို လှန်လိုက်ရာ နံပါတ် တစ်ဖဲချပ်ဖြစ်နေတာတွေ့ရပါတယ်။ နောက်ထပ် ၁၃ချပ် ကိုအဲဒီအတိုင်း ရေတွက်ပြီးတော့ချပြန်ပါတယ်။ အဲဒီအတိုင်းပါပဲ ၁၃ချပ်မြောက် ဖဲချပ်ဟာ နံပါတ် တစ်ဖဲချပ်ဖြစ်နေပြန်ပါတယ်။ အဲဒီအတိုင်း ၄ ကြိမ်ပြုလုပ်လိုက်တာ တစ်ဖဲတွေချည်းထွက်လာပြီးတော့ ဖဲထုပ်လည်းကုန်သွားပါတယ်။ အဲဒီတော့မှ အောက်ဖက်မှာ နကိုကတည်းက စီပြီးချထားတဲ့ဖဲချပ်

တွေကို တပုံချင်းစီလှန်လိုက်ပါတယ်။ တစ်ပုံချင်းစီမှာတော့ တစ်တွေက သတ်သတ် နှစ်တွေကသတ်သတ် သုံးတွေကသတ်သတ် လေးတွေက သတ်သတ်နဲ့ တစ်ဆယ်ဂျက်ကွင်းကင်းအထိပါပဲ။




(၁)

ပုံ (၁)ထဲကအတိုင်း ဖဲချပ်တွေကို သူ့လိုင်းနဲ့သူ တစ်ကနေ ကင်းအထိ ၄ပုံစီပါ။ ပြီးတော့အဲဒီ ၄ ပုံကိုထပ်လိုက်ပါ။




(၂)

ပုံ (၂) မှာပြထားတဲ့အတိုင်းဖဲထုပ်ကို ၃ ပုံဝေပါ။ ပြန်ကောက်ပြီးပြန်ထပ်တဲ့ အခါမှာ နောက်ဆုံးဖဲချပ်ကျ သွားတဲ့အပုံကို အပေါ်ဆုံးမှာထားပြီးထပ်ပါ။ အဲဒီအတိုင်း ၃ ကြိမ်ဝေရမှာဖြစ်ပါတယ်။ တစ်ကြိမ်ကို ပရိသတ်ကိုမပြခင် ကြို့တင်ဝေထားပြီး ပရိသတ်ကိုပြတဲ့အခါမှာ သူတို့ရှေ့မှာဖဲရောတာဆိုပြီး နှစ်ကြိမ်ဝေပါ။ ပြီးရင် အဲဒီဖဲထုပ်ကို အကြိမ်ကြိမ်ချိုးခိုင်းပါ။ (တစ်ခါချိုးလိုက် တစ်ခါပြန်ထပ်လိုက်၊ တစ်ခါချိုးလိုက် တစ်ခါပြန်ထပ်လိုက်)




(၃)

သူတို့အကြိမ်ကြိမ်ချိုးပြီးပါက ကျွန်တော်လည်း တစ်ခေါက်ချိုးဦးမယ်လို့ ပြောပြီးဖဲထုပ်ကိုပက်လက်လှန်ပြီးတစ်ဖဲရှိတဲ့နေရာမှချိုးပါ။ ပုံ (၃) ကိုကြည့်ပါ။




(၄)


ပုံ (၄)မှာ ပြထားတဲ့အတိုင်း ဖဲထုပ်ရဲ့အပေါ်ဖက်မှ ဖဲချပ် ၁၂ ချပ်ရေတွက်ပြီးချပါ။ ပုံထဲကအတိုင်း ၄ ချပ်စီ ၃ တန်းချပါ။ ၁၃ ချပ်မြောက်ဖဲချပ်ကို လှန်လိုက်ပါတစ်ဖဲဖြစ်နေလိမ့်မည်။



(၅)



(၆)



(၇)

ကျန်ဖဲချပ်များကိုလည်း အဲဒီအတိုင်း ဆက်ဝေသွားပါ။ ၁၃ချပ်မြောက် ဖဲချပ်များအားလုံးသည် တစ်ဖဲချပ်များဖြစ်နေပြီး ကျန်တစ်ပုံချင်းစီမှာလည်း နှစ်ဖဲများကသတ်သတ် သုံးဖဲတွေက သတ်သတ် လေးဖဲတွေကတစ်စု အဲဒီလိုနဲ့ ဂျက် ကွင်း ကင်းအထိ သူ့အပုံနဲ့သူ သူ့အုပ်စုနဲ့သူ ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။


ပြန်လည်တင်ပြသူ - လင်းအောင်ဦး


ဖဲမျက်လှည့်ပြနည်းများ

## လက်ဗွေရာနဲ့ရှာကြည့်မယ်

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

မျက်လှည့်ဆရာက ပရိသတ်ထဲက နှစ်ယောက်ကိုခေါ်ပြီး တစ်ယောက်ကို ဖဲချပ် (၁၀)ချပ်စီပေးပြီးတော့ စစ်ဆေးခိုင်းပါတယ်။ သာမန်ရိုးရိုးဖဲချပ်တွေပါပဲ။ နောက်တော့ သူကပြောပါတယ်။ ကျွန်တော်ဟိုဖက်ကိုလှည့်နေမယ်။ အဲဒီအချိန်မှာ ဒီဖက်ကလူက ခင်ဗျားဖဲချပ်တွေထဲက ကြိုက်တဲ့ဖဲတစ်ချပ်ကို ရွေးပြီး စိတ်ထဲမှာမှတ်ထား ပြီးတော့ အဲဒီဖဲချပ်ကို ဟိုဖက်လူရဲ့ ဖဲတွေထဲကိုထည့်လိုက်။ ဟိုဖက်ကလူကလည်း အဲဒီလိုပဲ ကိုယ့်စိတ်ကြိုက်တစ်ချပ်ကို မှတ်ပြီးတော့ အဲဒီဖဲချပ်ကို ဒီဖက်လူရဲ့ဖဲတွေထဲကိုထည့်လိုက်။ ပြီးတော့ ဟိုဖက်က လူရော ဒီဖက်ကလူရော ကိုယ့်လက်ထဲမှာရှိနေတဲ့ ဖဲတွေကို ရောလိုက်ပါ။ မျက်လှည့်ဆရာပြောတဲ့အတိုင်း ပရိသတ်နှစ်ယောက်က လိုက်လုပ်ကြပါတယ်။ နောက်တော့ မျက်လှည့်ဆရာကပြောတယ်။ ဒီဖက်က လူကိုဟိုဖက်ကလူရဲ့ဖဲတွေထဲကို ဘာဖဲထည့်လိုက်လဲ။ ဟိုဖက်ကလူကလည်း ဒီဖက်ကလူရဲ့ဖဲတွေထဲကို ဘာဖဲထည့်လိုက်လဲဆိုတာ ကျွန်တော်မကြည့်တဲ့အတွက် မသိနိုင်ပါဘူး။ ဒါပေမယ့် သိနိုင်တာတစ်နည်းတော့ရှိပါတယ်။ အဲဒါကတော့ လူတွေဟာတစ်ယောက်နဲ့တစ်ယောက် လက်ဗွေရာ မတူကြပါဘူး။ အဲဒီတော့ ဖဲတွေမှာပေါ်နေတဲ့သာမန်မျက်လုံးနဲ့ မမြင်နိုင်တဲ့ လက်ဗွေရာတွေကိုကြည့်ပြီးတော့ ဒီဖက်ကလူက ဟိုဖက်ထဲကိုဘာဖဲထည့်ထားတယ်။ ဟိုဖက်ကလူက ဒီဖက်ထဲကို ဘာဖဲထည့်ထားတယ် ဆိုတာ ကျွန်တော်ပြောပြပါ့မယ်လို့ပြောပြီး ဟိုဖက်ဒီဖက် ဖဲချပ်များကို သေချာစွာကြည့်လိုက်ပါတယ်။ နောက်တော့ ဒီဖက်ကလူက ဟိုဖက်ဖဲတွေထဲကိုထည့်ထားတဲ့ဖဲချပ်နဲ့ ဟိုဖက်လူက ဒီဖက်ထဲကိုထည့်ထားသောဖဲချပ်တွေကို မှန်ကန်စွာ ထုတ်ပြလိုက်ပါတယ်။






လျှို့ဝှက်ချက်

ဟိုဖက်လူကိုပေးတဲ့ဖဲ (၁၀) ချပ်နဲ့ ဒီဖက်လူကိုပေးတဲ့ ဖဲချပ် (၁၀)ချပ် ပုံသဏ္ဍာန် ချင်းမတူပါဘူး။ ပုံမှာကြည့်ပါ။ ဖဲချပ်မှာပါတဲ့ နံပါတ်တွေရဲ့ အပေါ်ဖက်ကို ကြည့်ပါ။ နံပါတ်တွေရဲ့အပေါ်ဖက်တွေမှာ အချွန်တွေ မျဉ်းဖြောင့်တွေပါတဲ့ အုပ်စုနဲ့ နံပါတ်တွေရဲ့ အပေါ်ဖက်တွေလုံးနေတဲ့အုပ်စု နှစ်မျိုးခွဲထားပါတယ်။

အဲဒီတော့ တစ်ဖက်က ဖဲချပ်တစ်ချပ် တခြားတစ်ဖက်ကို ဝင်သွားတာနဲ့ အလွယ်တကူသိနိုင်ပါတယ်။



ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

ဖဲမျက်လှည့်ပြနည်းများ


## ကျွန်တော့်ဆရာ မင်းသိခ် ပြတဲ့နည်း


ပြန်လည်တင်ပြသူ - စကြော့မ


ဆရာကြီးမင်းသိခ် လွန်ခဲ့တဲ့ (၁၈) နှစ်လောက်က ကျွန်တော့ကို ပြခဲ့တဲ့ နည်းပါ။ အဲဒီတုန်းက သူရယ် ကျွန်တော်ရယ် မျက်လှည့်တွေ တစ်ယောက် တစ်လဲစီ မကြာခဏ အပြန်အလှန်ပြဖြစ်ခဲ့ကြပါတယ်။ သူရဲ့ပြကွက်တွေက အင်မတန်ရိုးရှင်းပြီး ကြည့်လို့ကောင်းတဲ့ တစ်ဖက်လူကို မျက်စိလည်စေတဲ့ ပြကွက်တွေပါ။ လေ့ကျင့်ခန်းလဲ သိတ်ပြီးတော့ မလိုတဲ့ပြကွက်တွေပါ။ အိုက်တင်တော့ကောင်းဖို့လိုတယ်။ ဆရာကြီးကလည်း အိုက်တင်ကောင်း ကောင်းနဲ့ပြတော့ တော်တော်ကြည့်လို့ကောင်းပါတယ်။ အဲဒီအထဲက တစ်နည်း ပေါ့ ဆရာကြီးက ကျွန်တော့်ကို မင်းအဲဒီဖဲထုပ်ကို (၄)ပုံပုံလိုက်တဲ့ ကျွန်တော် လည်း သူချပေးတဲ့ဖဲထုပ်ကို သူပြောတဲ့အတိုင်း (၄) ပုံပုံလိုက်ပါတယ်။ ပြီးတော့သူကပြောတယ် အပေါ်မှာ နှစ်ပုံ အောက်မှာ နှစ်ပုံ ထားကွာတဲ့။ ကျွန်တော်လည်း သူပြောတဲ့အတိုင်းအပေါ်မှာ နှစ်ပုံ အောက်မှာ နှစ်ပုံ ပြင်ထား လိုက်ပါတယ်။ အဲဒီလေးပုံထဲက ဖဲချပ်တွေကို သူကလက်ညှိုးထိုး ပြီးတော့ အဲဒီအပုံက ဖဲတစ်ဝက်ကို ဒီအပုံပေါ်တင်ပါ။ ဟိုအပုံက ဖဲတစ်ချပ်ကို ဒီအပုံပေါ်တင်ပါ။ ဒီက တဝက်ကဟိုကိုသွားပါ။ ဟိုကတစ်ချပ်က ဒီကိုလာပါ။ ဆိုပြီးတော့ မျက်စိနောက်နေအောင် လျှောက်ပြီးတော့ ရွှေ့ခိုင်းပါတယ်။ တော်တော်များများလျှောက်ရွှေ့ခိုင်းပြီးတော့မှ သူကပြောပါတယ်။ အပေါ်ဆုံး ဖဲတွေကို လှန်ကြည့်လိုက်ပါတဲ့၊ ကျွန်တော်လည်း သူပြောတဲ့အတိုင်း အဲဒီအပုံလေးပုံက အပေါ်ဖဲတွေကို တစ်ချပ်စီလှန်လိုက်တဲ့အခါမှာ တစ်ဖဲတွေ ချည်းဖြစ်နေတာတွေ့ရပါတယ်။ ကျွန်တော်လည်း စဉ်းစားလို့ကိုမရတော့ဘူး။ ဒီလောက်ဟိုကဟာ ဒီကိုရွှေ့၊ ဒီကဟာ ဟိုကိုရွှေ့ မျက်စိနောက်နေအောင် လျှောက်ရွှေ့ထားတဲ့ ဖဲချပ်တွေကို ဘယ်လိုဘယ်လို လုပ်ပြီးတော့ တစ်ဖဲတွေက

အပေါ်ကိုရောက်နေတာလဲ၊ ဆရာကြီးကို ကြည့်လိုက်တော့ သူကပြုံးနေတယ်။ သူ့ရဲ့အပြုံးက မျက်လှည့်ဆရာ စက္ကောမ မင်းအခုတော့ခံရပြီမဟုတ်လား ဆိုတဲ့ အပြုံး၊ နောက်တော့မှ ဆရာကြီးက မင်းစဉ်းစားရကြတ်နေတယ် မဟုတ်လား။ မစဉ်းစားနဲ့ ငါပြောပြမယ် ဒီလိုကွ ဖဲတွေရဲ့အပေါ်ဆုံးမှာ တစ်ဖဲတွေကို ကြိုပြီး တင်ထားတာ ပြတော့ (၄) ပုံပုံခိုင်းတယ်ကွာ အဲဒီမှာ ကိုယ့်ရဲ့တစ်ဖဲလေးချပ် ဘယ်အပုံမှာပါသွားလဲကြည့်ထား၊ ပြီးတော့ ဟိုကတစ်ဝက်ဒီရွှေ့ ဒီက တစ်ချပ် ဟိုသွား လျှောက်ပြီးတော့ခိုင်းကွာ၊ အရေးကြီးတာက ဘယ်အပုံတွေမှာ တစ်တွေရောက်နေပြီလဲ၊ အဲဒါတော့ မျက်ချည်မပြတ်စေနဲ့၊ လျှောက်ရွှေ့ခိုင်း တော့ ပရိသတ်လည်းမူးသွားပြီ၊ တစ်ဖဲတွေလည်း တစ်ချပ်စီရောက်ပြီဆိုရင် လှန်ခိုင်းလိုက်တော့ လွယ်လွယ်လေးပါကွ၊ ဆိုပြီးတော့ ကျွန်တော့်ကို ရှင်းပြခဲ့ပါ တယ်။










ပြန်လည်တင်ပြသူ - စက္ကောမ

ဖဲမျက်လှည့်ပြနည်းများ

## ဘယ်နှစ်နာရီထိုးမှာ ချိန်းထားတာလဲ


ပြန်လည်တင်ပြသူ - လင်းအောင်ဦး

မိတ်ဆွေရဲ့ သူငယ်ချင်းနဲ့ ဒီနည်းကိုပြမယ်ဆိုရင် ကြိုတင်ပြင်ဆင်ရမှာက ဖဲထုပ်ထဲက ဘာဖဲဖြစ်ဖြစ်ဖဲချပ် (၁၂)ချပ်ကို ရေတွက်ပြီး ဘေးကိုခဏထုတ်ထား ပြီးတော့ ဖဲထုပ်ထဲက ကိုယ်ကြိုက်တဲ့ဖဲတစ်ချပ်ကိုလဲ ထုတ်ထားပါ။ အဲဒီနံပါတ်ကို ဖဲဘူးမှာ ဖြစ်စေ စာရွက်တစ်ရွက်မှာဖြစ်စေ ကြိုပြီးတော့ ရေးထားပါ။ ပုံ (၁) ကိုကြည့်ပါ။ ပြီးတော့ ဖဲထုပ်ပေါ်ကို ကိုယ်စိတ်ကြိုက်ရွေးထားတဲ့ ဖဲချပ်ကိုတင်ပါ။ အဲဒီအပေါ်ကမှ ဖဲ (၁၂) ချပ်ကို ထပ်ပြီးတော့ တင်လိုက်ပါ။ ပုံ (၂) ကိုကြည့်ပါ။



(၁)

(၂)




အဲဒီလိုပြင်ဆင်ပြီးသွားရင် စပြလို့ရပါပြီ။ သူငယ်ချင်းနဲ့ပြတဲ့အခါ သူငယ်ချင်းကို ပြောပါ။ သူငယ်ချင်း မင်းကမနက်ဖြန် မင်းမိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတယ်ဆိုပါစို့ ဘယ်အချိန်မှာ ချိန်းထားလဲ ဆိုတာငါမသိနိုင်ပါဘူး။ ဒါပေမယ့် မင်းဘယ်အချိန်မှာ ချိန်းထားတယ်ဆိုတာ ငါပြောနိုင်တယ်။ ဒါပေမယ့် ငါကအမှန်အတိုင်းပြောနိုင်ရင် မင်းကမဟုတ်ပါဘူးလို့လိမ်နိုင်တယ်။ အဲဒီတော့ ငါကဟိုဖက်ကို လှည့်နေမယ်။ မင်းကငါ့ဖဲထုပ်ထဲက မင်းရဲ့ သူငယ်ချင်းနဲ့ (၃) နာရီချိန်းထားတယ်ဆိုရင် အပေါ်ကဖဲချပ် (၃)ချပ်ယူထားလိုက်။ (၇) နာရီမှာ ချိန်းထားတယ်ဆိုရင် (၇) ချပ်ယူထားလိုက်။ ပြီးတော့

အဲဒီဖဲချပ်တွေကို ငါမမြင်အောင်မင်းအိပ်ထဲကိုထည့်ထားလိုက် လို့ပြောပြီး ဟိုဖက်လှည့်ပေးလိုက်ပါ။ သူယူချင်သလောက်ယူပါစေ။ ပုံ (၃) ကိုကြည့်ပါ။



(၃)

(၄)




သူပြီးလောက်ပြီဆိုရင် သူ့ဖက်ကိုပြန်လှည့်ပြီးတော့ ကျန်တဲ့ဖဲချပ်တွေနဲ့နာရီပုံသဏ္ဍာန်စီလိုက်ပါ။ ဖဲချပ်တွေကို အပေါ်ဖက်မှယူပါ တစ်နာရီနေရာမှစပြီး စီပါ။ ပုံ (၄) ကိုကြည့်ပါ။ အဲဒီမှာကြည့်လိုက်မယ်ဆိုရင် ကိုယ့်စိတ်ကြိုက် ရွေးပြီး ထည့်ထားတဲ့ဖဲ (ဖဲစီတုန်းက (၁၃) ချပ်မြောက်ဖဲ) ဟတ် (၆) ဟာ သုံးနာရီကို ပြနေတာတွေ့ရပါတယ်။ ကျိန်းသေပါတယ်။ ရဲရဲပြောလိုက်ပါ မင်းသူငယ်ချင်းနဲ့ ချိန်းထားတဲ့အချိန်က (၃) နာရီ မင်းဒီအထဲကယူထားတာ ဖဲ ချပ် (၃)ချပ် ငါက ဒါတင်သိတာမဟုတ်ဘူး အခုကြည့်စမ်း (၃)နာရီမှာကျနေတာ ဘာဖဲလဲ ဟတ် ၆ အဲဒါကိုလည်း ငါကကြိုတင်သိနေတယ်ဆိုပြီး ကြိုရေးထားတဲ့ ဖဲဘူးကနံပါတ်ကိုလည်းပြလိုက်ပါ။ တကယ်လို့ကိုယ့်ဖဲက ၄ နာရီမှာ ပြနေမယ်ဆိုရင် သူယူထားတာ ၄ ချပ်ပေါ့။ သူချိန်းထားတာ ၄ နာရီပေါ့။ ပုံ (၆)



(၅)

(၆)




## ဖဲစက်ဝိုင်း

ပြန်လည်တင်ပြသူ - စက္ကောမ


ဖဲချပ်တွေကို စက်ဝိုင်းပုံသဏ္ဌာန် စီထားတဲ့ပြကွက်တစ်ခုဖြစ်ပါတယ်။ ပြကွက်ရဲ့ သဘောကို နားလည်သွားရင် ဘယ်သူပဲဖြစ်ဖြစ်လွယ်လွယ်ကူကူ ပြန်ပြနိုင်ပြီးတော့ နည်းကောင်းလေးတစ်နည်းဖြစ်လို့ ကျွန်တော့်ရဲ့ မျက်လှည့်ပြနည်း (၁၀၀) စာအုပ်မှာပါပြီးသားပေမယ့် ဒီစာအုပ်မှာလည်း ပြန်လည်ထည့်သွင်းရေးထားတာဖြစ်ပါတယ်။ နည်းကောင်းလေးဖြစ်လို့ မျက်လှည့်ဝါသနာရှင်တွေပြစေချင်ပါတယ်။

ပြကွက်ရဲ့သဘောကတော့ ပရိသတ်မှတ်ထားတဲ့ဖဲချပ်ကို ပြန်ရွေးပြတဲ့နည်းပါ။ သူ့ဖဲဘာဖဲလဲဆိုတာ ဘာမှမပင်ပန်းပဲနဲ့ လွယ်လွယ်ကူကူပြန်ရှာပြနိုင်ပါတယ်။ ဘာလို့လည်းဆိုတော့ ဖဲချပ်တွေကို စနစ်တကျ စီထားလို့ပါပဲ။ ဖဲချပ်တွေကိုမှောက်လျှက်သားဖြန့်ပေးပြီးတော့ ပရိသတ်က ဘယ်နေရာက ဘာဖဲချပ်ဖြစ်ဖြစ်ယူခွင့်ရှိပါတယ်။ သူကသူ့ဖဲဘာဖဲလဲဆိုတာ ကြည့်နေတဲ့အချိန်မှာကိုယ်က သူယူသွားတဲ့ဖဲရဲ့ဘေးကဖဲကို မသိမသာကြည့်လိုက်ရုံနဲ့ သူ့ဖဲကို သိနိုင်ပါတယ်။ ဖဲချပ်တွေကို စီထားတဲ့ပုံစံက တချပ်နဲ့တချပ် ၃ ပေါင်းပြီးတော့ စီထားတာပါ။ တစ်ဖဲကစစီပါ၊ တစ်ဖဲပြီးရင် ၃ ပေါင်းပြီး ၄ ဖဲ ပြီးရင် ၃ ပေါင်း ပြီး ၇ ဖဲ အဲဒီအတိုင်း စီသွားရမှာပါ။ အပွင့်တွေကိုတော့ ဒိုင်းမွန်းပြီးရင် ကလပ် ပြီးရင် ဟတ် ဟတ် ပြီးရင် စပိတ် ပြီးရင် ဒိုင်းမွန်းပြန်ပြီးစ အဲဒီလိုစီသွားရမှာဖြစ်ပါတယ်။ အောက်မှာ ဖဲစီပုံလေးပြထားပါတယ်။



| | | | |
|---|---|---|---|
| A♦ | 4♣ | 7♥ | 10♠ |
| K♦ | 3♣ | 6♥ | 9♠ |
| Q♦ | 2♣ | 5♥ | 8♠ |
| J♦ | A♣ | 4♥ | 7♠ |
| 10♦ | K♣ | 3♥ | 6♠ |
| 9♦ | Q♣ | 2♥ | 5♠ |
| 8♦ | J♣ | A♥ | 4♠ |
| 7♦ | 10♣ | K♥ | 3♠ |
| 6♦ | 9♣ | Q♥ | 2♠ |
| 5♦ | 8♣ | J♥ | A♠ |
| 4♦ | 7♣ | 10♥ | K♠ |
| 3♦ | 6♣ | 9♥ | Q♠ |
| 2♦ | 5♣ | 8♥ | J♠ |


(၁)



(၂)



(၃)



ပုံ (၁) မှာပြထားတဲ့အတိုင်း ပရိသတ်ယူလိုက်သောဖဲချပ်နေရာမှာ ဖဲများကို နှစ်ပိုင်းခွဲလိုက်ပါ။

ပုံ (၂) ညာဖက်လက်မှ ဖဲထပ်ကို ဘယ်ဖက်လက်ဖဲထပ်အောက်ကို ထည့်လိုက်ပါ။

## ဖဲမျက်လှည့်ပြနည်းများ

ပုံ (၃) ဖဲထုပ်အောက်ဆုံးမှာရောက်နေတဲ့ဖဲချပ်ကို မသိမသာကြည့်လိုက်ပါ။

အဲဒီဖဲချပ်ကို စိတ်ထဲမှာ ၃ ပေါင်းပါ။ အစီအစဉ်အရ ကင်းဖဲပြီးလျှင် နံပါတ် ၃ ဖဲလာမည်။ အပွင့်များအစီအစဉ်အရ ဒိုင်းမွန်းပြီးလျှင် ကလပ်လာမည်။ ဒါကြောင့် သူယူထားသောဖဲချပ်သည် ကလပ် (ညှင်း) နံပါတ် ၃ ဖဲချပ်ဖြစ်ရမည်။

မှတ်ချက် - ပရိသတ်ကို ဖဲချပ်မရွေးခိုင်းမှီ ဖဲထုပ်ကို အကြိမ်ကြိမ် ချိုးလိုက်ပြန်ထပ်လိုက်ပြုလုပ်နိုင်သည်။ စက်ဝိုင်းပုံသဏ္ဍာန်စီထားတဲ့အတွက် ဖဲအစီအစဉ်မပျက်နိုင်ပါ။

ပြန်လည်တင်ပြသူ - စက္ကော

စက္ကောမ စီစဉ်သည်


**ဟူဒနီ ကိုင်တဲ့ဖဲထုပ်**

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်


ကမ္ဘာကျော် မျက်လှည့်ပညာရှင်ကြီး ဟူဒနီဟာ အချုပ်အနှောင်ကနေ လွတ်မြောက်တဲ့ပြကွက်များနဲ့ နာမည်ကျော်ကြားခဲ့ပါတယ်၊ သူ့ကို ဘယ်လောက်ပဲကြိုးတွေတုတ်ထားတုတ်ထား လက်ထိပ်တွေဘယ်လောက်ပဲ ခတ်ထားခတ်ထား လုံခြုံခိုင်ခန့်တဲ့ သေတ္တာကြီးတွေထဲ ဘယ်လိုပဲထည့်ထား ထည့်ထား ရုန်းထွက်လွတ်မြောက်နိုင်ခဲ့ပါတယ်။ သူကိုင်ခဲ့တဲ့ ဖဲထုတ်လေးတစ်ထုပ် ကျွန်တော့်မှာရှိတယ်ဆိုရင် ကျွန်တော့်မိတ်ဆွေတွေ ယုံချင်မှယုံပါလိမ့်မယ် ပြောနေကြပါတယ်။ ကျွန်တော်အခု လက်တွေ့ပြပါမယ်၊ ဟောဒီဖဲထုပ်လေးပါပဲ၊ ဟူဒနီရဲ့ ဖဲထုပ်ဟုတ်မဟုတ် သူရဲ့လုပ်ရပ်က မကြာမှီမှာ သက်သေပြပါလိမ့်မယ်၊ ပရိတ်သတ်အားလုံး အဲဒီဖဲထုပ်ထဲက ကြိုက်ရာဖဲချပ် တစ်ချပ်ကို မှတ်ထားပါလို့ပြောပြီး အဲဒီဖဲချပ်ကို ဖဲထုပ်ထဲပြန်ထည့်ပြီးတော့ အဲဒီဖဲထုပ်ကို သရေကွင်းနဲ့ ပတ်လိုက်ပါတယ်။ ပြီးတော့ ပြောပြန်ပါတယ်၊ ဟူဒနီဟာ အချုပ်အနှောင်ပေါင်းမြောက်မြားစွာက လွတ်ထွက်လာခဲ့သလိုပဲ အခုတုတ်နှောင်ထားတဲ့ ဖဲတွေထဲက မိတ်ဆွေတို့ ခပ်စောစောကရွေးထားတဲ့ဖဲချပ်လေးဟာ မကြာခင်မှာပဲ ပြန်လည်လွတ်မြောက်လာမှာဖြစ်ပါတယ်၊ အားလုံး သေသေချာချာကြည့်ကြပါလို့ပြောပြီးတော့ အဲဒီသားရေကွင်းနဲ့ပါတ်ထားတဲ့ ဖဲထုပ်ကို စားပွဲပေါ်ကို ပြစ်ချလိုက်တဲ့အခါ ပရိသတ်ရွေးထားတဲ့ ဖဲတစ်ချပ်ထဲ ဖဲထုပ်ရဲ့ အပြင်ဖက်ကို ထွက်လာတာ အံ့သြဖွယ်ရာ တွေ့ကြရပါတယ်၊

ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်လည်း အဲဒီလို ပြန်ပြချင်တယ်ဆိုရင်တော့၊ ဖဲထုပ်ထဲက ပရိသတ်ကြိုက်ရာဖဲတစ်ချပ်ကို ရွေးယူခိုင်းပြီး အဲဒီဖဲချပ်ရဲ့ နံပါတ်အပွင့်တွေကို သေသေချာချာမှတ်သားထားခိုင်းပါ၊ ပြီးရင် အဲဒီဖဲချပ်ကို ဖဲထုပ်ထဲပြန်ထည့်ခိုင်းပြီး ဖဲချပ်များကို ရောမွှေတဲ့အမူအရာနဲ့ ပရိတ်သတ်မှ မှတ်ထားသော ဖဲချပ်ကို ဖဲထုပ်ရဲ့ အောက်ဆုံးမှာထားလိုက်ပါ။

(ငွေအဆင့် ပြုလုပ်နိုင်ရန် ပရိသတ်မှ မှတ်ထားသောဖဲချပ်များကို ပြန်ရှာသောနည်းများတွင် ကြည့်ပါ) အဲဒီနောက်ပုံမှာ ပြထားတဲ့အတိုင်း အောက်ဆုံးဖဲချပ်နဲ့ အပေါ်အထပ် သတ်သတ်စီကွဲနေအောင်ပြုလုပ်ထားရမှာဖြစ်ပါတယ်၊ သူ့ကို ပြုလုပ်တဲ့အခါမှာ ဖဲထုပ်ကို ကိုင်ထားတဲ့လက်ရဲ့ လက်ညှိုးနဲ့ အောက်ဆုံးဖဲကို အတွင်းထဲကို ဆွဲညှစ်လိုက်ရမှာဖြစ်ပါတယ်၊ အဲဒီလိုဆွဲညှစ်လိုက်ရင် အောက်ဆုံးဖဲချပ်လေးဟာ အနည်းငယ်ကွေးပြီးတော့ အပေါ်ဖဲအထပ်နဲ့ အုပ်စုကွဲနေမှာဖြစ်ပါတယ်၊ ပုံကိုကြည့်ပါ။


 

အပေါ်အထပ်နဲ့ အောက်ဆုံးမှ ပရိသတ် မှတ်ထားသော ဖဲချပ် အုပ်စုခွဲထားသည်ကို ပရိသတ်မှ မသိပါစေနှင့်၊ ပြီးနောက် သားရေကွင်းစွပ်ပါ၊ ပရိသတ်အမြင်မှာ ဖဲထုပ်တစ်ထုပ်လုံးကို စွပ်သည့်ဟန်ပြပါ၊ အမှန်တကယ်စွပ်ရမည်မှာ အောက်ဆုံးဖဲချပ်ကို ချန်ပြီးစွပ်ပါ၊



သားရေကွင်းကို ဖဲထုပ်ရဲ့ အလယ်သို့ရွှေ့ပါ၊ ပုံမှာပြထားတဲ့အတိုင်း သားရေကွင်းပါတ်ထားသော ဖဲအထပ်ကို တစ်ဝက်ခွဲလိုက်ပါ၊ အောက်တွင်

ရှိနေသော သားရေကွင်းအပြင်ဖက်မှ ဖဲချပ်ကိုလည်း ဇရုန်ကိုက်ကိုင်ထားပါ၊



ပုံမှာပြထားတဲ့အတိုင်း သားရေကွင်းကို လိမ်လိုက်ပါ၊ ဖဲအပေါ်ထပ်နဲ့ အောက်အလယ်ကို မျက်နှာချင်းဆိုင်ကပ်လိုက်ပါ၊

မှတ်ချက် ။ သားရေကွင်းအားကောင်းကောင်းကို အသုံးပြုပါ။








ဖဲချပ်များကို မျက်နှာချင်းဆိုင်အပ်ပြီးရင် ပုံထဲမှာပြထားတဲ့အတိုင်း ကိုင်ထားလိုက်ပါ၊ ပြီးရင် စားပွဲအထက်တစ်ပေလောက်အမြင့်မှ အောက်ဖက် စားပွဲပေါ်သို့ ပြစ်ချလိုက်ပါ၊ သားရေကွင်းအတွင်းထဲမှာ မပါဝင်ထားတဲ့ ဖဲချပ်ကို ဖဲထပ်နှစ်ခုအတွင်းမှ တွန်းထုတ်ပါလိမ့်မယ်။



အဲဒီတွန်းထုတ်လိုက်တဲ့ ဖဲချပ်ကတော့ ပရိသတ်က ကြိုတင်ရွေးထားတဲ့ ဖဲချပ်ပဲဖြစ်ပါတယ်၊

မှတ်ချက် ။ ကိုယ်တိုင်အရင်လုပ်ကြည့်ပါ၊



သေသေချာချာလေ့ကျင့်ပြီးမှ ပြပါ၊ ပြကွက်တန်ဖိုးတက်အောင်လို့ မပြခင် အဲဒီပြကွက်နဲ့ ပါတ်သက်တဲ့ စကားများပြောပေးပါ။

## ကြိုတင်သိခြင်း (၁ မှ ၅)

ပြန်လည်တင်ပြသူ - စကြောမ


မိတ်ဆွေက မိတ်ဆွေရဲ့ သူငယ်ချင်းတွေနဲ့ပြတဲ့အခါမှာ သူငယ်ချင်းတို့ ငါကအခုစိတ်နဲ့ ပါတ်သက်လို့ လေ့ကျင့်ခန်းတွေလုပ်နေတယ်။ ထိုက်သလောက်လဲ စိတ်တန်ခိုးတွေရနေပြီ။ မင်းတို့မယုံရင် ငါအခုလက်တွေ့ပြမယ်။ မင်းတို့ရဲ့ စိတ်တွေထဲမှာ ဘာတွေကိုစဉ်းစားနေတယ်ဆိုတာကို ငါပြောပြနိုင်တယ်။ ဥပမာကွာ ဒီမှာကြည့်ငါ့လက်ထဲမှာဘာမှမရှိဘူး။ ငါ့ဦးထုပ်ထဲမှာလည်း ဘာမှမရှိဘူး။ ငါ့ရဲ့ဘာမှမရှိတဲ့လက်ကို ဘာမှမရှိတဲ့ ဦးထုပ်နဲ့အုပ်ထားလိုက်ပြီ။ သေသေချာချာကြည့်နော်။



သူငယ်ချင်းမင်းစိတ်ထဲမှာ တစ်ကနေငါးအထိ နံပါတ်တွေထဲက နံပါတ်တစ်ခုစဉ်းစားထား၊ မင်းဘယ်နံပါတ်ကို စဉ်းစားနေတယ်ဆိုတာ ငါသိတယ်။ သိလို့လည်း ဒီမှာလုပ်ထားတယ်။(ဦးထုပ်နဲ့အုပ်ထားတဲ့ လက်ကိုလက်ညှိုးထိုးပြ) ကဲကဲ မင်းဘယ်နံပါတ်ကို စဉ်းစားနေတာလဲ အားလုံးပြောပြလိုက်။ ငါလည်း ဒီမှာ ဖွင့်ပြမယ်ဆိုပြီး တကယ်လို့ သူကတစ်လို့ပြောရင် ပုံထဲကအတိုင်း လက်ညှိုးတစ်ချောင်းထောင်ပြီးတော့ ဦးထုပ်ကိုဖွင့်ပြလိုက်ပါ။ ပြီးတော့ပြောလိုက်ပါဦး မင်းစိတ်ကိုငါသိနေတယ်။ ဒီမှာလည်း တစ်တွေ့လားလို့ သူငယ်ချင်းတွေကရီမှာပေါ့ ဒီကောင်ဟုတ်တော့ မလိုလိုနဲ့ ဒါကတော့ လူတိုင်းလုပ်တတ်တာပေါ့။ အဲဒီတော့မှ မိတ်ဆွေက အလကားနောက်တာပါကွာ ငါတကယ်သိတာပါ။

တကယ်သိလို့လည်း တကယ်ရွေးချယ်ထားတယ်။ ဟောဒီမှာ ကြည့်ဆိုပြီးတော့ အင်္ကျီလက်ခေါက်ထဲက နံပါတ်တစ်ဖဲချပ်ကို ထုတ်ပြလိုက်ပါ။ အဲဒီအင်္ကျီလက် ခေါက်ထဲ မှာ အဲဒီနံပါတ်တစ်ဖဲချပ်ကလွဲလို့ တခြားဘာဖဲမှမရှိဘူးဆိုတာ ကိုလည်း သေသေချာချာပြပါ။ ကိုယ့်ဖက်က ပိုင်နေပြီပဲ၊ သူတို့ကိုနဲနဲလေး ထပ်ပြီးတော့ ဖိလိုက်၊ ငါ့ရဲ့စိတ်တန်ခိုးတွေက တော်တော်လေးတိုးတက်နေပြီကွ ဟဲဟဲ-ဟဲဟဲ





အဲဒီပြကွက်မှာ လက်ထောင်ပြတာက သက်သက်နောက်တာပါ။ သူကတစ်လို့ပြောရင် တစ်ချောင်းထောင်ပြီးဖွင့်ပြ နှစ်လို့ပြောရင် နှစ်ချောင်း ထောင်ပြီးဖွင့်ပြ၊ သုံးလို့ပြောရင် သုံးချောင်းထောင်ပြီးတော့ဖွင့်ပြ၊ စသဖြင့်ပေါ့။ အဲဒီမှာ မေးစရာရှိတာက တစ်လို့သူကပြောလိုက်ရင် အင်္ကျီလက်ခေါက်ထဲက တစ်ဖဲထုတ်ပြလိုက်တာက ပြဿနာမဟုတ်ပါဘူး။ တကယ်လို့သူတို့က နှစ်တို့ သုံးတို့လေးတို့ ငါးတို့ ပြောလာရင်ကောဘယ်လိုလုပ်မှာလဲပေါ့။ ဒါလည်း ပြဿနာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့မပြခင်ကတည်းက ပုံတွေမှာ ပြထားတဲ့အတိုင်း နံပါတ်နှစ်ဖဲကို အင်္ကျီလက်အောက်လက်ဖြန်မှာ သားရေကွင်းနဲ့ချည်ထား၊ နံပါတ်သုံးဖဲချပ်ကို အင်္ကျီအိတ်ထဲမှာထည့်ထား၊ နံပါတ်လေးဖဲချပ်ကို အတွင်းအင်္ကျီမှာ နှစ်ဖက်တိပ်နဲ့ကပ်ထား၊ နံပါတ်ငါးဖဲချပ် ကို နောက်ကြောမှာ ကပ်ထားပါ။ ဒါဆိုရင်တော့ ပြဖို့က အဆင်သင့်ပါပဲ။

သူပြောချင်တဲ့နံပါတ်ကိုပြောပါစေ သူပြောတဲ့နံပါတ်ကို လက်ချောင်းထောင်ဦးထုပ်ဖွင့်ပြ အဲဒီလိုနောက်ပြီးသွားပြီဆိုရင် ဖဲချပ်တွေကို ပြဖို့ကလည်း အဆင်သင့်ပါပဲ။

တစ်ဆိုရင် အင်္ကျီလက်ခေါက်ထဲက ဖဲချပ်ကိုထုတ်ပြလိုက်ပါ။ ငါသိနေတယ် ဒီမှာတွေ့လားပေါ့။

နှစ်ဆိုရင် အင်္ကျီလက်ကိုမတင်လိုက်ပါ။ လက်ဖြန်မှာကပ်ထားတဲ့ဖဲကိုပြ ငါသိနေတယ် ဒီမှာ နံပါတ်နှစ်။

သုံးဆိုရင် ဒီမှာ သေသေချာချာကြည့်ဆိုပြီး အင်္ကျီအိတ်ထဲကဖဲချပ်ကို ထုတ်ပြ

လေးဆိုရင် မင်းဘာကိုရွေးမယ် ဘယ်နံပါတ်ကိုရွေးမယ်ဆိုတာ ငါ့ရဲ့ရင်ပါတ်ကြီးကသိနေတယ်။

ငါး ဆိုရင် တကယ်တော့ မင်းဘယ်နံပါတ်ကိုရွေးမယ်ဆိုတာ ဟိုဖက်လှည့်နေရင်တောင်သိနိုင်ပါတယ်။

ပြန်လည်တင်ပြသူ - စက္ကောမ


ဖဲမျက်လှည့်ပြနည်းများ

## ဆွေမျိုးသိတတ်သောဖဲချပ်များ

ပြန်လည်တင်ပြသူ - ထွန်းဘကြူး

တချို့ဖဲချပ်တွေဟာ တစ်ချပ်နဲ့တစ်ချပ်အမျိုးတော်တယ်တဲ့ တစ်ခါမှမကြားဘူးပါဘူး။ မျက်လှည့်ဆရာက ခပ်တည်တည်နဲ့ ပြောနေတော့လည်း ယုံရမလိုလို။ ဒါပေမယ့် ယုံလို့လည်းမဖြစ်ဘူး။ ကြားဖူးတာပြောရရင် မျက်လှည့်ဆရာဆိုတာ ကြမ်းပိုးကိုတောင် လိပ်ဖြစ်အောင်ပြောတတ်တာ။ ဘာပဲဖြစ်ဖြစ်လေ သူ့မှာပြောခွင့်တော့ရှိပါတယ်။ ဘာလို့လဲဆိုတော့ သူက မျက်လှည့်ဆရာကိုး မျက်လှည့်ဆရာဆိုတာ အနုပညာသမားပဲလေ။ သူသရုပ်ဆောင်ခွင့်ရှိပါတယ်။ စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်လို လျှောက်ပြီးတော့ ပြောခွင့်လည်းရှိတာပါပဲ။ အများပြည်သူကို ဖျော်ဖြေတာပဲ။ ဘယ်သူ့ကိုမှ ထိခိုက်တာမှမဟုတ်ပဲ။ ပြီးတော့သူကဆက်ပြောတယ်။ အခု ကျွန်တော်ချလိုက်တဲ့ ဖဲချပ်နှစ်ချပ်ဟာ သူ့အမျိုးတွေကိုခေါ်လာလိမ့်မယ်တဲ့။ ပြောပြောဆိုဆို ဖဲထုပ်ထဲက ဖဲချပ်နှစ်ချပ်ထုတ်ပြီးတော့ စားပွဲပေါ် ကိုချလိုက်တယ်။ ဘာတွေလဲဆိုတော့ ညှင်းတစ်ရယ် ကင်းညှင်းတစ်ရယ် နောက်တော့ အဲဒီဖဲနှစ်ချပ်ကို ချန်ထားပြီး ကျန်တဲ့ဖဲတွေကိုရောမွှေနေရင်း ပရိသတ်ထဲက တစ်ယောက်ယောက် ကျွန်တော်အခုရောမွှေနေတာကို ကြိုက်တဲ့နေရာမှာ ရပ်လို့ပြောပေးပါလို့ ပရိသတ်ကိုလှမ်းပြောလိုက်တယ်။ ပရိသတ်ထဲက တစ်ယောက်ကရပ်လို့ လှမ်းပြောလိုက်တယ်။ အဲဒီတော့ မျက်လှည့်ဆရာက သူရောမွှေနေရာကနေ ရပ်ပြီး စားပွဲပေါ်က ညှင်းတစ်ကို ဖဲထုပ်ကြားထဲကိုထည့်လိုက်တယ်။ ပြီးတော့ ဖဲတွေကို ဆက်ရောရင်း ပရိသတ်ထဲက တစ်ယောက်ယောက် ကြိုက်တဲ့နေရာမှာ ရပ်ခိုင်းပေးပါဦး လို့ပြောလိုက်ပြန်တယ်။ အဲဒီနောက် ပရိသတ်က ရပ်ခိုင်းတဲ့နေရာမှာ ဖဲတွေရောနေတာကို ရပ်ပြီး စားပွဲပေါ်မှာ ကျန်နေတဲ့ ကင်းညှင်းကိုလည်း ဖဲထုပ်ရဲ့အလယ်ထဲကို ထည့်လိုက်ပြန်ပါတယ်။

အဲဒီနေရာမှာ တစ်ခုထူးဆန်းတာက ညှင်းတစ်နဲ့ ညှင်းကင်းကို ဖဲထုပ်ထဲကိုထည့်တုန်းက ဖဲထုပ်အတိုင်း အလိုက်သင့်မှောက်လျက်မထည့်ပဲ ပက်လက်လှန်ပြီးထည့်လိုက်တာ ဖြစ်ပါတယ်။ အဲဒီလိုဖဲတွေကို ထည့်ပြီးတော့ ဖဲထုပ်ကို စားပွဲပေါ်မှာချထားပြီး မျက်လှည့်ဆရာက သူရဲ့လက်ချောင်းလေးတွေနဲ့ ဖဲထုပ်ရဲ့ အပေါ်ကနေ အဖိန့်ဖိန့်လုပ်နေပြန်ပါတယ်။ ပြီးတော့မှ စောစောက ညှင်းတစ်နဲ့ ကင်းညှင်းတစ်က သူတို့ရဲ့အမျိုးတွေကိုခေါ်လာပါပြီဆိုပြီးတော့ ဖဲထုပ်ကို မှောက်လျက်သားပြန်လှန်လိုက်ပါတယ်။ အဲဒီဖဲထုပ်ထဲမှာ ပက်လက်လန်နေတဲ့ ညှင်းတစ်နဲ့ ညှင်းကင်းကိုပြန်ထုတ်ရင်း သူတို့နဲ့ကပ်လျက်ဖဲ တစ်ချပ်စီကိုပါ ပူးတွဲ ထုတ်လာပြီးတော့ ပရိသတ်ကို လှန်ပြလိုက်ပါတယ်။ သူပြောတဲ့ အမျိုးတွေ ဆိုတာ ဟုတ်သလိုလိုပါဘဲ။ ဘာလို့လဲဆိုတော့ ညှင်းတစ်ရဲ့ဘေးမှာ ကပ်ပြီး ပါလာတဲ့ဖဲက စပိတ်တစ် ကင်းညှင်းရဲ့ဘေးမှာ ကပ်ပြီးပါတာတဲ့ဖဲက ကင်းစပိတ် တကယ်ပဲအမျိုးတော်နေတာလား။ ညှင်းတစ်နဲ့ ကင်းညှင်းတစ်ကို ဖဲထုပ်ထဲထည့်တုန်းက ရောနေတဲ့ကြားထဲ ကြုံသလိုထည့်လိုက်တာ။ ဘာလို့ အဲဒါတွေနား သွားပြီး ကပ်နေတာလဲ။ တကယ်အမျိုးတော်လို့လား။



(၁)




(၂)



(၃)

အဲဒီနည်းကိုပြဖို့က ဖဲထုပ်ထဲက ညှင်းတစ်၊ ကင်းညှင်း၊ စပိတ်တစ်၊ ကင်းစပိတ်၊ ဖဲချပ်လေးချပ်ကိုထုတ်ပြီး စပိတ်တစ် နဲ့ စပိတ်ကင်းကို ဖဲထုပ်ရဲ့ အပေါ်ဆုံးနှင့် အောက်ဆုံးမှာ ပုံ (၂)အတိုင်းထားပြီး ကျန်တဲ့နှစ်ချပ်ကိုတော့ ဖဲထုပ်ရဲ့အလယ်ထဲမှာ ပုံ (၃) အတိုင်းကြိုတင်ထည့်ထားပါ။



(၄)

(၅)


ပုံ (၄) ပရိသတ်ရှေ့မှာပဲ ဖဲထုပ်ထဲက ညှင်းတစ်နဲ့ ကင်းညှင်းတစ်ကို ထုတ်လိုက် ပြီး စားပွဲပေါ် ချထားလိုက်ပါ။


ပုံ (၅) ထဲကအတိုင်းကိုင်တွယ်ပြီး ဖဲချပ်များကို အောက်လက်ထဲကို ဆွဲချပြီး ရောမွှေပါ။ ပထမဦးဆုံး အပေါ်ဆုံးမှ ဖဲတစ်ချပ်ထဲကို အရင်ဆွဲချပါ။ အပေါ်ဆုံးမှ စပိတ်ကင်း အောက်အထပ်ရဲ့အောက်ဆုံးမှာ ရောက်နေဖို့ လိုပါတယ်။


(၆)

(၇)


ပုံ (၆) ရောမွှေနေစဉ် ပရိသတ်ကို ကြိုက်တဲ့နေရာမှာ ရပ်ခိုင်းပါလို့ ပြောပါ။

ပုံ (၇) ပရိသတ်ရပ်ခိုင်းတဲ့နေရာမှာ ရပ်လိုက်ပြီး ကင်းညှင်းတစ်ကို အောက်အပုံ ပေါ်ကိုတင်ပြီး အပေါ်အပုံနဲ့ထပ်လိုက်ပါ။




(၈)




(၉)

ပုံ (၈) ညှင်းတစ်ကို ဖဲထုပ်အလယ်ထဲထည့်တာကို သေချာအောင်ပြပါ။ အဲဒီနောက်တော့ ဖဲထုပ်ကို ပုံ (၆) အတိုင်း ပြန်ပြီးရောပါ။

ပုံ (၉) ဖဲထုပ်ကို ပြန်ရောနေစဉ် ပရိသတ်မှ ရပ်ခိုင်းတဲ့နေရာမှာ ရပ်ပြီးတော့ ညှင်းတစ်ကို အောက်လက်ဖဲထပ်ပေါ်ကို တင်ပါ။ ပြီးရင် အပေါ်က ဖဲထပ်နဲ့ထပ်လိုက်ပါ။




(၁၀)



(၁၁)

ဖဲချပ်တွေအားလုံးကို ညီနေအောင်ထပ်ထားပြီး အမှူအယာ အဖိန့်အဖိန့် အနည်းငယ်လုပ်ပါ။ ပုံ (၁၀) အတိုင်း ဖဲချပ်တွေကို ဖြန့်လိုက်ပါ။ ပြီးရင် ပက်လက်ဖဲတွေနဲ့ ကပ်လျှက်အပေါ်ကဖဲတစ်ချပ်စီကိုပါ ဆွဲထုတ်ပါ။ ပုံ (၁၁) (၁၂) ကိုကြည့်ပါ။ ပုံ (၁၃) အဲဒီဖဲချပ်တွေကို လှန်ပြလိုက်ပါ။



(၁၂)



(၁၃)

ဖဲမျက်လှည့်ပြနည်းများ


## ထင်ရောင်ထင်မှား

ပြန်လည်တင်ပြသူ - ဇွဲထက်အောင်

မျက်လှည့်ပြတဲ့ပြပွဲ တော်တော်များများမှာ မျက်လှည့်ဆရာများတစ်ခုခု မှားသွားခဲ့ရင် ပရိသတ်ကတော်တော်သဘောကျ တာတွေ့ရပါတယ်။ မျက်လှည့်ဆရာတွေကလည်း လူလည်တွေပါ။ ဘယ်မှားလိမ့်မလဲ။ လုပ်ချလိုက်ရင်အပိုင်တွေချည်းပဲ။ အဲဒါအပြင် ပရိသတ်ဘာကြိုက်လဲ ဆိုတာကို ကောင်းကောင်းသိတယ်။ အခုပြကွက်ကလည်း အဲဒီပြကွက်မျိုးပါ။ ပရိသတ်အမြင်မှာတော့ မျက်လှည့်ဆရာတော့သွားပြီပေါ့ မှားပြီပေါ့။ တကယ်တော့ မဟုတ်ပါဘူး။ တမင်သက်သက်မှားချင်ယောင်ဆောင်တာပါ။ သက်သက် ထင်ရောင်ထင်မှားဖြစ်အောင် လုပ်တာပါ။ ပြကွက်မှာ ပရိသတ်ကို မျက်လှည့်ဆရာက ဖဲထုပ်ထဲက ကြိုက်တဲ့ဖဲတစ်ချပ်ကို ယူခိုင်းလိုက်ပါတယ်။ ပြီးတော့ မျက်လှည့်ဆရာက အဲဒီဖဲချပ်ကို ကျွန်တော့်ကို မပြပါနဲ့ ခင်ဗျားတို့ သေသေချာချာမှတ်ထားပါ လို့ပြောပြီး တစ်ပုံချင်းစီက အောက်ဆုံးဖဲတွေကို တစ်ချပ်ခြင်းစီ ပရိသတ်ကိုပြပြီးတော့ အဲဒီသုံးချပ်ကို သတ်သတ်ထုတ်ထား လိုက်ပါတယ်။ ပါးစပ်ကလည်းပြောပါသေးတယ်။ ခင်ဗျားတို့ စောစောကရွေး ထားတဲ့ ဖဲချပ်ဟာ ဒီဖဲတွေတော့ မဖြစ်နိုင်ပါဘူးတဲ့ အဲဒီမှာ ပရိသတ်ကသဘော ကျနေတယ်။ ဘာလို့လဲဆိုတော့ မျက်လှည့်ဆရာသုံးပုံပုံပြီးတော့ အောက်ဆုံး ဖဲတွေကိုပြတုန်းက နောက်ဆုံးပြလိုက်တဲ့ဖဲက သူတို့ဖဲဖြစ်နေတာကိုး။ အဲဒါကို မျက်လှည့်ဆရာက ဒီဖဲတွေတော့ မဖြစ်နိုင်ပါဘူးလို့ပြောတော့။ မျက်လှည့် ဆရာတော့ မှားပြီပေါ့။ နောက်တော့မှ မျက်လှည့်ဆရာက ခင်ဗျားတို့ မှတ်ထား တဲ့ဖဲက ဒီမှာလို့ဆိုပြီးတော့ ဖဲထုပ်ထဲက ဖဲတစ်ချပ်ကို လှန်ပြလိုက်တယ်။ တကယ်လည်းဟုတ်နေတယ်။ သူတို့စဉ်းစားတာပေါ့။ ဒါဆို စောစောတုန်းက ဒါတွေ ဒီဖဲချပ်တွေတော့ မဖြစ်နိုင်ပါဘူးလို့ပြောပြီး အောက်စားပွဲပေါ်မှာချ

ထားတဲ့ ဖဲသုံးချပ် အဲဒီအထဲမှာ ပါသွားတာတွေ့လိုက်တယ်။ ဒါဆိုအဲဒီဖဲက တစ်မျိုးထဲကို နှစ်ချပ်ရှိတာလား။ အဲဒီလိုစဉ်းစားနေတဲ့အချိန်မှာပဲ မျက်လှည့်ဆရာက အောက်စားပွဲပေါ်မှာ စောစောကချထားတဲ့ ဖဲချပ်သုံးချပ်ကိုလှန်ပြလိုက်တယ်။ သူတို့ရွေးထားတဲ့ ဖဲချပ်မပါပါဘူး။ စောစောက အောက်စားပွဲပေါ်ကို ချလိုက်တဲ့အထဲမှာပါသွားသလိုပဲ။ အခုတော့လည်း မရှိတော့ပြန်ဘူး။ ဖဲထုပ်ထဲကနေ ခင်ဗျားတို့ဖဲက ဒီမှာတဲ့ ပထမတော့ မျက်လှည့်ဆရာတော့မှားပြီဆိုပြီးတော့ ပျော်နေတာ။ အခုတော့ရှုံးတောင်ရှုံးချင်လာပြီ။ ဘာတွေဖြစ်ကုန်တာလဲ။ တတ်လည်းတတ်နိုင်တဲ့ မျက်လှည့်ဆရာတွေ၊ မရှုတ်ရှုတ်အောင် တော်တော်လုပ်တာပဲ။





အဲဒီနည်းကိုမပြမီမှာ လေ့ကျင့်ခန်း (၂) ခုပြုလုပ်ရမှာဖြစ်ပါတယ်။ အဲဒီလေ့ကျင့်ခန်း (၂) ခုကတော့ ပထမလုပ်ရမယ့်လေ့ကျင့်ခန်းက ပရိသတ်က ပြန်ပေးလိုက်တဲ့ ဖဲချပ်ကို ဖဲထုပ်ရဲ့ အလယ်ထဲကို ထည့်လိုက်သလိုလိုနဲ့ တကယ်မထည့်ဖဲ ဖဲထုပ်ရဲ့ အပေါ်ဆုံးကို ရောက်အောင်လုပ် နောက်တော့ အောက်ဆုံးကို ရောက်အောင်ပို့တဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်။

လေ့ကျင့်မယ်ဆိုရင် လက်ထဲမှာ ဖဲထုပ်ကိုအစဉ်သင့်ကိုင်ထားပြီး ပုံတွေ အတိုင်းအဆင့်ဆင့်လိုက်လုပ်ရင် ပိုလွယ်ပါလိမ့်မယ်။



(၁)

လက်ထဲမှာ ဖဲထုပ်ကို နှစ်ပုံခွဲပြီး ပရိသတ်ပြန်ပေးတဲ့ဖဲချပ်ကို ဘယ်ဖက် အပုံပေါ်ကိုတင်ခိုင်းလိုက်ပါ။ ပုံ (၁)



(၂)



(၃)

ပုံ (၂) အတိုင်းဘယ်ဖက်လက်မှ ဖဲထပ်ကို ညာဖက်လက်မနဲ့ တစ်ဝက် လောက်ခွဲလိုက်ပါ။

ပုံ (၃) ညာဖက်လက်မမှခွဲယူပြီး လှဲချလိုက်သောဖဲထပ်ကို အောက်ဖက်မှ ကျန်လက်ချောင်းများမှ အလိုက်သင့်ခံပေးပြီး ပုံ (၃)အတိုင်း ညာဖက်အပုံသို့ ပင့်တင်ပေးလိုက်ပါ။



(၄)



(၅)

ပုံ (၄) အတိုင်း ညာဖက်လက်မှဖဲထပ်ကို အောက်သို့ လှဲချပါ။ အောက်ဖက် လက်ချောင်းများမှ အလိုက်သင့်ခံပေးပါ။

ပြီးလျှင်ပုံ (၅)အတိုင်း အောက်ဖက်သို့ လှဲချထားသော ဖဲထပ်ကို ညာဖက်လက်ဖြင့်အပေါ်သို့ပင့်၍ ဘယ်ဖက်ဖဲထပ်နှင့် ပေါင်းလိုက်ပါ။ ပရိသတ်

မှ ပြန်တင်ပေးသောဖဲချပ်သည် အတွင်းထဲသို့ ရောက်သလိုလိုနဲ့အပေါ် ဆုံးကို ပြန်ရောက်နေမှာဖြစ်ပါတယ်။

ပုံ(၅)အဆင့်အထိရပြီဆိုရင် ပရိသတ်ရဲ့ဖဲချပ်ဟာ ဖဲထုပ်ရဲ့အပေါ် ဆုံးကို ရောက်နေပြီဖြစ်ပါတယ်။ အဲဒီဖဲချပ်ကို အောက်ဆုံးကိုပို့ဖို့လိုပါသေးတယ်။ အဲဒီဖဲချပ်ကို အောက်ဆုံးကိုပို့ဖို့ကတော့ ပုံ (၆) နဲ့ ပုံ (၇) တို့အတိုင်း ကိုင်တွယ်ပြီးတော့ ဖဲချပ်တွေကို ရောသလိုလိုနဲ့ ပရိသတ်တင်လိုက်တဲ့ ဖဲ အပေါ် ဆုံးကို ရောက်နေတဲ့ဖဲကို အောက်ဆုံးကိုပို့ပါ။ အဲဒီနေရာမှာ တစ်ခုသတိထားရမှာက ပထမဦးဆုံးအပေါ် ဆုံး ဖဲတစ်ချပ်ထဲကိုသာ အောက်ဖက်ကိုဆွဲချပါ။ ပုံ (၆) ကိုကြည့်ပါ။



(၆)

(၇)



ဒုတိယ လှေ့ကျင့်ခန်းကို ဆက်လုပ်ကြရအောင်။ ဖဲထုပ်ကိုမှောက်ပြီးတော့ အောက်ဆုံးကဖဲချပ်ကို  ဆွဲထုတ်တာမျိုးတော့  ကျွန်တော့်စာဖတ်ပရိသတ် မြင်ဖူးမှာပါ။ ပုံ (၈) ကိုကြည့်ပါ။ ဒါက လုပ်ရိုးလုပ်စဉ်ပါ။ အခုလေ့ကျင့်ရမှာက အောက်ဆုံးဖဲချပ်ကို ဆွဲထုတ်ရမှာမဟုတ်ပါဘူး။ ဟန်ကတော့ အဲဒီဟန်ပါပဲ။ အောက်ဆုံးဖဲချပ်ကို ဆွဲထုတ်သလိုလိုနဲ့ သူနဲ့ကပ်လျှက်ဖဲချပ် (အောက်ဖက်က ဒုတိယမြောက်ဖဲချပ်)ကို ဆွဲထုတ်ရမှာပါ။ အဲဒါကို လုပ်ဖို့အတွက် ပုံ (၉)ထဲက အတိုင်း ဖဲထုပ်ကိုကိုင်ထားတဲ့လက်ရဲ့ လက်သန်းနဲ့ လက်သူကြွယ်က အောက်ဆုံးဖဲချပ်ကို အောက်နဲနဲဆွဲလိုက်ပါ။ အဲဒီတော့မှ ဆွဲထုတ်မယ်လက်က သူနဲ့ ကပ်နေတဲ့ ဒုတိယမြောက်ဖဲချပ်ကို ဆွဲထုတ်ပါ။ ပုံ (၁၀)ကိုကြည့်၊ အဲဒီအဆင့်

တွေကို လုပ်ရမှာက အခုပုံထဲမှာပြထားသလို လက်ကြီးကို ထောင်ပြီးလုပ်ရမှာ မဟုတ်ပါဘူး။ ပုံ (၈)ထဲကလို ဖဲထုပ်ကို မှောက်ပြီးတော့ လုပ်ရမှာ။ ဆိုလိုချင်တာက ပရိသတ်အမြင်မှာ အောက်ဆုံးဖဲချလိုက်တယ်ပေါ့။



(၈)



(၉)

(၁၀)




အဲဒီလေ့ကျင့်ခန်းနှစ်ခု တစ်ခုက ပရိသတ်မှတ်ထားပြီး ပြန်တင်လိုက်တဲ့ ဖဲချပ်ကို အထဲထည့်သလိုလိုနဲ့ အောက်ဆုံးကို ပို့တာရယ်၊ နောက်တစ်ခုက အောက်ဆုံးဖဲကိုချသလိုလိုနဲ့ ဖဲကျော်ချတာရယ်၊ အဲဒါတွေရပြီဆိုရင် ဒီလိုပြပါ။




(၁၁)

(၁၂)



ဖဲထုပ်ထဲက ပရိသတ်ကြိုက်ရာဖဲတစ်ချပ်ကို ရွေးချယ်ခိုင်းပြီး အားလုံးကို ပြပါ။ သေသေချာချာမှတ်ထားခိုင်းပါ။ မျက်လှည့်ဆရာကို ပြဖို့မလိုပါ။ ပုံ(၁၁)ကို ကြည့်ပါ။

ပုံ (၁၂)အတိုင်း ဖဲထုပ်ပေါ်ကိုပြန်တင်ခိုင်းပါ။ ဖဲချပ်များအားလုံးကို ရောမွှေသည့်ဟန်နဲ့ ပရိသတ်မှတ်ထားတဲ့ ဖဲချပ်ကို ဖဲထုပ်ရဲ့ အောက်ဆုံးမှာ ထားလိုက်ပါ။ (လေ့ကျင့်ခန်း ပထမအဆင့်အတိုင်းပြုလုပ်ပါ။)




(၁၃)

(၁၄)




ပရိသတ်ဖဲ အောက်ဆုံးရောက်နေပြီဆိုရင် ပုံ (၁၃)ထဲကအတိုင်း သုံးပုံပုံပါ။ ပုံ (၁၄) ပုံ (၁၅) ထဲကအတိုင်း နောက်ဆုံးအပုံမှ စကိုင်ပြီး အောက်ဖဲများကို ပရိသတ်ကိုပြပြီး စားပွဲပေါ်ကိုတစ်ချပ်ချင်းချပါ။ တစ်ပုံလျှင် တစ်ချပ်စီသာချပါ။ နောက်ဆုံးအပုံကိုပြလျှင် ပရိသတ်ကသူတို့ဖဲမှန်းသိလိမ့်မည်။ မသိဟန်ဆောင်ပြီးချပါ။ ဒါပေမယ့် အဲဒီဖဲကို မချပါနဲ့။ လေ့ကျင့်ခန်းထဲကအတိုင်း ဖဲချပ်လဲပြီးချပါ။ ပုံ (၁၇) ကိုကြည့်ပါ။



(၁၅)

(၁၆)




ဖဲချပ်များကို အောက်သို့ချနေရင်း ပါးစပ်မှလည်း အင်းဒါကတော့ မဖြစ်နိုင်ဘူးဆိုတာမျိုးပေ့ါ။ နောက်ဆုံးအပုံက အောက်ဆုံးဖဲဟာ သူတို့ဖဲမှန်း သူတို့သိတာပဲ။ အင်းဒါလည်း မဖြစ်နိုင်ပါဘူးဆိုပြီး အောက်ကိုချလိုက်တော့ ပရိသတ်ကပျော်တာပေ့ါ။ သူတို့အထင်မှာတော့ မျက်လှည့်ဆရာမှားပြီပေါ့ ဖဲချပ်လဲချလိုက်တာသူတို့မှမသိပဲ။ ပုံ (၁၈) ကိုကြည့်ပါ။ အပုံသုံးပုံမှထုတ်လာသော အောက်ဖဲသုံးချပ်၊ နောက်ဆုံးအပုံမှာ အောက်ဆုံးဖဲချပ်ကို ဖဲလဲချထားသည်။

ပရိသတ်ကို ဆက်ပြောပါ။ ပရိသတ်ထဲက ကြိုက်တဲ့နံပါတ်တစ်ခုလောက် ပြောပါ။ တစ်ကနေ တစ်ဆယ်အထိ အထဲက ဥပမာ ပရိသတ်က (၇) ပြောတယ်ဆိုပါစို့ နောက်ဆုံးအပုံမှ အောက်ဖက်မှနေ၍ ဖဲချပ် (၇)ချပ်ရေတွက်ပြီး ချလိုက်ပါ။ (၇)ချပ်မြောက်ဖဲဟာ သူတို့ဖဲဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။



(၁၇)



(၁၈)

ပုံ (၁၉) ကို ကြည့်ပါ ပရိသတ်က သူ့ဟာသူ (၇)ချပ်ပြောပြော (၈)ချပ် ပြောပြော ပြောချင်တဲ့နံပါတ်ပြောပါစေ။ လေ့ကျင့်ခန်းထဲကအတိုင်း သူတို့ ဖဲလေးကို အနောက်နဲနဲဆွဲထားပြီး ဖဲတွေကိုကျော်ချပါ။ သူတို့ပြောတဲ့နံပါတ် ရောက်တော့မှ ဆွဲထုတ်လိုက်ပါ။



(၁၉)

မှတ်ချက် - နည်းကောင်းလေးတစ်နည်းဖြစ်ပါတယ်။ သေသေချာချာလေ့ကျင့်ပြီးတော့ ပြစေချင်ပါတယ်။ အဲဒီပြကွက်မှာ လက်လေ့ကျင့်ခန်းက (၃)မျိုး လောက်ပါပါတယ်။ ပရိသတ်ကို အထင်လွဲအောင်လုပ်တာလေးတွေလည်း ပါတဲ့အတွက် စနစ်တကျပြမယ်ဆိုရင် ပရိသတ်ဖက်ကလည်း ကြည့်လို့ကောင်း တဲ့နည်းလေးတစ်နည်းဖြစ်ပါတယ်။


ပြန်လည်တင်ပြသူ - **ဖွဲထက်အောင်**

ဖဲမျက်လှည့်ပြနည်းများ


## သူတို့ရွေးတဲ့နံပါတ်နဲ့ သူတို့ရွေးတဲ့ဖဲချပ်

ပြန်လည်တင်ပြသူ - ထွန်းဘကြူး

မျက်လှည့်ဆရာသည် ပရိသတ်ကို ဖဲထုပ်ထဲမှ ကြိုက်ရာဖဲတစ်ချပ်ရွေးစေ၍ စိတ်ထဲမှာ မှတ်ထားခိုင်းပြီး ဖဲထုပ်အတွင်းသို့ ပြန်ထည့်ပြီး ရောလိုက်၏။ နောက် ၎င်းဖဲထုပ်ကို ပရိသတ်တစ်ဦး အကျီအိပ်အတွင်းသို့ ထည့်လိုက်၏။ ပြီးနောက် ပရိသတ်ကို တစ်မှတစ်ဆယ်အတွင်းမှ ကြိုက်ရာနံပါတ်တစ်လုံး မေး၏။ ပရိသတ်ပြောသော နံပါတ်အတိုင်း ဖဲချပ်တစ်ချပ်ချင်းစီကို ရေတွက်၍ အကျီအိပ်အတွင်းမှ ပြန်ထုတ်လိုက်ရာ ပရိသတ်ရွေးချယ်ပေးသော နံပါတ်အရေအတွက်တွင် ပထမ ပရိသတ်မှတ်ထားသော ဖဲချပ်ပြန်လည် ထွက်ပေါ်လာ၏။



(၁)



(၂)

ပုံ (၁) အတိုင်း ပရိသတ်ကို ဖဲချပ်တစ်ချပ်ရွေးခိုင်းပါ။ မှတ်ထားခိုင်းပါ။ ပုံ (၂) အတိုင်း ဖဲထုပ်ကို နှစ်ပိုင်းခွဲ၍ ဘယ်ညာကိုင်ပြီး သူတို့မှတ်ထားသော ဖဲချပ်ကို ဘယ်ဖက်အပုံပေါ်ကိုတင်ခိုင်းပါ။



(၃)




(၄)

ပုံ (၃)မှာပြထားတဲ့အတိုင်း ရောမယ့်ဟန်နဲ့ အပေါ်မှ ၃ ချပ်ကို လက်မနဲ့ ယူက်ပြီးဆွဲချပါ။ ပုံ (၄) မှာပြထားတဲ့အတိုင်း အပေါ်မှ ယူက်ချသည့် ၄ ချပ်မြောက်ဖဲချပ်ကို အနောက်ဖက်သို့ နဲနဲဆုတ်ထားလိုက်ပါ။ ပြီးလျှင် ပုံမှန်အတိုင်း ဆက်ပြီးရောသွားပါ။



(၅)



(၆)

ပုံ (၅) ကိုကြည့်ပါ ဖဲချပ်တစ်ချပ်အနောက်ဖက်သို့ ထွက်နေလိမ့်မည်။ ပုံ (၆) ထဲကအတိုင်းကိုင်လိုက်ပါ။ ပုံ (၇)ထဲကအတိုင်း အနောက်ဖက်မှ ဖဲထပ်ကို အရှေ့ဖက်ကိုကျော်ပြီး ချလိုက်ပါ။ ပရိသတ်မှတ်ထားသော ဖဲချပ်သည် ပုံ (၈) ထဲကအတိုင်း ဖဲထုပ်အပေါ်ဖက် (၄)ချပ်မြောက်တွင် ရှိနေလိမ့်မည်။ အပေါ်မှ ဖဲချပ် ၃ ချပ်ကိုယူပြီး ဖဲထုပ်အလယ်ထဲကိုထည့်လိုက်ပါ။ သူတို့မှတ်ထားသောဖဲချပ်သည် အပေါ်ဆုံးသို့ ရောက်လာလိမ့်မည်။ ပရိသတ်တစ်ဦး၏ အင်္ကျီအိပ်ထဲကို ဖဲထုပ်ထည့်လိုက်ပါ။





(၈)



တစ်မှတစ်ဆယ်အတွင်း သူတို့ပြောတဲ့နံပါတ်အတိုင်း အင်္ကျီအိတ်ထဲမှ ဖဲချပ်များကို ရေတွက်ပြီးချပါ။ ဖဲထုပ်၏ အောက်ဖက်ဖဲချပ်များကိုသာချပြီး သူတို့ပြောသည့်အရေအတွက်ရောက်မှသာလျှင် အပေါ်ဆုံးမှ သူတို့ဖဲချပ်ကိုချပါ။

## လန်ထွက်နေတာပဲ

ပြန်လည်တင်ပြသူ - ထွန်းဘကြူး


ခေတ်ကာလလူငယ်တွေ သုံးနေတဲ့ စကားလုံးလေး တစ်ခုပါပဲ။ ခေတ်မှီမှီ လေးကောင်းကောင်းလေးဝတ်လိုက်ပြီဆိုရင် သူတို့အချင်းချင်း ပြောလေ့ရှိပါတယ်။ ဘာတဲ့ လန်ထွက်နေတာပဲတဲ့။ သူ့ခေတ်နဲ့သူပေါ့။



အခုပြမယ့်ဖဲနည်း လေးအတွက် အဲဒီစကားလုံးလေးကို သုံးချင်ပါတယ်။ ဘာလို့လဲဆိုတော့ ပရိသတ်က ကိုယ့်စိတ်ကြိုက်ရွေးထားတဲ့ ဖဲချပ်လေးကို မျက်လှည့်ဆရာက အထုပ်ရဲ့ အထဲကို ပြန်ပြီးတော့ ထည့်လိုက်တယ် ပရိသတ် ဘာဖဲချပ်ကို ရွေးထားတယ် ဆိုတာ မျက်လှည့်ဆရာက မသိပါဘူး။ ဒါပေမယ့် မျက်လှည့်ဆရာက အမိန့်ပေးပြီးတော့ ဖဲထုပ်ကို အောက်ပြစ်ချလိုက်တဲ့အခါ ပရိသတ် ခပ်စောစောက ရွေးချယ်ပြီး မှတ်ထားတဲ့ ဖဲချပ်လေးဟာ လန်ပြီးတော့ အထုပ်ရဲ့အပြင်ဖက်ကိုထွက်လာပါတယ်။ အဲဒီတော့ ဒီပြကွက်လေးကို လန်ထွက်နေတာပဲလို့ နာမည်ပေးလိုက်ကြရအောင်။




အဲဒီပြကွက်ပြတော့မယ်ဆိုရင် မပြခင်မှာ ပရိသတ်ရှေ့မှာ ဖဲထုပ်ကို လက်ထဲမှာတင် တစ်ဝက်ချိုးလိုက် အသံမြည်အောင်ပြန်ထပ်လိုက် လေး ငါး ကြိမ်လောက် ပြုလုပ်ပေးပါ။ အကြောင်းရှိလို့ပါ။ နောက်တော့ သိလာပါလိမ့်မယ်။ အဲဒီလိုလုပ်ပြီးပြီဆိုရင်တော့ ပရိသတ်ကို ကြိုက်ရာဖဲတစ်ချပ်ယူခိုင်းပါ။ သူဟာသူ ကြည့်ပါစေ။ သူကသူဟာသူ ဖဲချပ်ကို ကြည့်နေတဲ့အချိန်မှာ ကိုယ်က ဖဲထုပ်ရဲ့ အပေါ်ဆုံးဖဲချပ်တစ်ချပ်ကို မယူထားလိုက်ပါ။




ပြီးမှ သူ့ရဲ့ဖဲချပ်ကို အောက်ဖက်ဖဲထပ် အပေါ်ကိုတင်ခိုင်းလိုက်ပါ။ သူ့ဖဲချပ်တင်ပြီးတာနဲ့ အပေါ်မှာမထားတဲ့ ဖဲချပ်ကိုအားနဲ့ အသံမြည်အောင် အောက်ဖဲထပ်ပေါ်ကို ထပ်တင်လိုက်ပါ။ ဆိုလိုချင်တာကတော့ ပရိသတ် အမြင်မှာ တဝက်ခွဲထားတဲ့ ဖဲထုပ်အပေါ်ကို သူ့ဖဲချပ်ကိုတင်ခိုင်းပြီး အပေါ်က နောက်တစ်ဝက်နဲ့ထပ်လိုက်တယ်။ သူ့ဖဲက ဖဲထုပ်ရဲ့အလယ်လောက်ကို ရောက်သွားပြီလို့ အထင်မှားအောင်လုပ်လိုက်တာပါ။ အမှန်ကတော့ သူဖဲချပ်ကြည့်နေတုန်းအပေါ်လက်ကမလိုက်တာ ဖဲချပ်တစ်ချပ်ထဲဖြစ်ပါတယ်။ သူ့ဖဲကို အောက်ဖဲအထပ်ပေါ်တင်ခိုင်းပြီး အပေါ်လက်ထဲမှာရှိတဲ့ ဖဲတစ်ချပ်တည်းနဲ့ ဖဲအထပ်လိုက်ကြီးတင်လိုက်သလို အသံပေးပြီး သူ့ဖဲပေါ်ကိုတင်လိုက်ပါ။

သူ့ရဲ့ဖဲချပ်တင်ပြီးရင် ကိုယ့်ရဲ့ဖဲချပ်ကို အပေါ်ကထပ်ပါ။ ဖဲအထပ်လိုက်ကြီးနဲ့ ထပ်လိုက်တဲ့ဟန် ဖြစ်ပါစေ။ အသံလည်းပေးပါ။





ပြီးတော့မှ - ဒီဖဲထုပ်ရဲ့အပေါ်ဆုံးဖဲချပ်ဟာ ပရိသတ်ရွေးထားတဲ့ဖဲချပ် မဟုတ်ပါဘူးဆိုပြီး အပေါ်တစ်ချပ်ကိုလှန်ပြပါ။






လှန်ပြတဲ့အပေါ်ဆုံးဖဲချပ်ကို ဖဲထုပ်အလယ်ထဲထည့်ပါ။ အောက်ဆုံးဖဲချပ်ကိုလည်းလှန်ပြပါ။ ဒါလည်း ပရိသတ်ရွေးတဲ့ဖဲ မဟုတ်ပါဘူးလို့ပြောပြီး အဲဒီဖဲကိုလည်း ဖဲထုပ်အလယ်ထဲကိုထည့်လိုက်ပါ။





စက္ကောမ စီစဉ်သည်

အပေါ်ဖဲလည်းမဟုတ်ဘူး အောက်ဆုံးဖဲလည်းမဟုတ်ဘူးဆိုတော့ ပရိသတ်ရွေးထားတဲ့ ဖဲဟာ အလယ်ထဲမှာဖြစ်ဖို့များတယ် ဒါပေမယ့်ကိစ္စမရှိပါဘူး။ မကြာခင်မှာပဲ ပရိသတ်ရွေးထားတဲ့ဖဲဟာ ဖဲထုပ်ထဲကနေပြီးတော့ သူ့အလိုအလျောက် ပြန်ထွက်လာမယ်လို့ ပြောလိုက်ပါ။



အမှန်ကတော့ ပရိသတ်ရွေးထားတဲ့ဖဲဟာ အပေါ်ဆုံးမှာရှိနေပါတယ်။ အဲဒီအပေါ်ဆုံးက ဖဲကိုပုံထဲမှာ ပြထားတဲ့အတိုင်း ကိုင်ပြီးတော့ ဘေးဖက်ကို နဲနဲတွန်းထားလိုက်ပါ။


ပြီးတော့မှ အဲဒီဖဲထပ်ကို အမြင့်တစ်ပေခွဲ နှစ်ပေလောက်မှ မှောက်လျက် တည့်တည့်ပြစ်ချလိုက်ပါ။ ပရိသတ်မှတ်ထားတဲ့ဖဲချပ် လန်လည်းလန်ထွက် လည်း ထွက်လာပါလိမ့်မယ်။


ပြန်လည်တင်ပြသူ - ထွန်းဘကြူး

## ဖဲတစ်ချပ်ရဲ့ထောင့်စတဖက်ကို ဖြဲပြီးဖျောက်ပြသောနည်း

ပြန်လည်တင်ပြသူ - ဇွဲဟိန်းအောင်


မျက်လှည့်ဆရာက ပရိသတ်ကို ဖဲတစ်ချပ်ရွေးချယ်ခိုင်းပြီး အဲဒီဖဲချပ်ရဲ့ ထောင့်စလေးဖြဲလိုက်ပါတယ်။ ပြီးတော့ အဲဒီထောင့်စလေးကို လက်ထဲထည့် ပြီးတော့ ဖျောက်လိုက်တယ်။ ပြီးတော့မှ စားပွဲပေါ်မှာ စောစောကတည်းက ရှိနေတဲ့ ဖဲဘူးလေးကို မလိုက်တဲ့အခါ အဲဒီဘူးအောက်မှာ လက်ထဲက ပျောက်သွားတဲ့ ဖဲချပ်ရဲ့ထောင့်စလေးရောက်နေတာကို တွေ့ရပါတယ်။ နည်းကောင်းလေးတစ်နည်းဖြစ်ပါတယ်။ နဲနဲလေးလေ့ကျင့်ပြီးတော့ အမူအရာကောင်းကောင်းနဲ့ ပြမယ်ဆိုရင် တော်တော်လေးကြည့်လို့ ကောင်းတဲ့ နည်းလေးဖြစ်ပါတယ်။






အဲဒီနည်းကိုပြဖို့အတွက် ကြိုတင်ပြင်ဆင်ထားရမှာကတော့ ဖဲထုပ်ထဲက ကိုယ့်စိတ်ကြိုက်ဖဲတစ်ချပ်ကို ပုံထဲမှာပြထားတဲ့အတိုင်း ထောင့်တစ်ဖက်ကို ကြိုတင် ဖြဲထားရမှာဖြစ်ပါတယ်။ ဖြဲတဲ့ထောင့်က နံပါတ်ပါတဲ့ထောင့်ဖက် ဖြစ်ရပါမယ်။


မပြခင် ပရိသတ်မသိအောင် ပြမယ့်စားပွဲပေါ်မှာ ဖြဲထားတဲ့ ထောင့်စ အပိုင်းလေးကို ဖဲဘူးနဲ့ အုပ်ထားပါ။






ထောင့်စဖြဲထားတဲ့ ဖဲချပ်ကိုတော့ ဖဲထုပ်ရဲ့ အတွင်းထဲမှာ ကြိုတင်ပြီးတော့ ထည့်ထားရမှာဖြစ်ပါတယ်။ အဲဒါတွေပြင်ဆင်ပြီးပြီဆိုရင်တော့ ပြဖို့ အစဉ်သင့် ဖြစ်ပါပြီ။

ဖြဲထားတဲ့ဖဲချပ်ကို ဖဲထုပ်ရဲ့အလယ်ထဲမှာ ထည့်ထားတဲ့အတွက် ဖဲတွေ အားလုံးထပ်လိုက်တဲ့အချိန်မှာ အဲဒီဖဲအထပ်လိုက်ရဲ့အလယ် ဖြဲထားတဲ့ဖဲချပ် နေရာမှာ ဟကြောင်းပေါ်နေပါလိမ့်မယ်။ အဲဒီနေရာကနေ ဖဲအပေါ်ထပ်နဲ့ ဖဲရဲ့အောက်အထပ်ကို အလွယ်တကူ ခွဲယူလို့ရနိုင်ပါတယ်။






ပုံမှာပြထားတဲ့အတိုင်း ဖဲအထပ်ကို အပေါ်လက်အောက်လက်အနေ အထားမှန်အောင်ကိုင်ပြီး အောက်လက်လက်မနဲ့ ဖဲထပ်ရဲ့ထောင့်ကနေ အောက်ဖက်ကို တစ်ရွက်ချင်းဖိချသွားပါ။ ပရိသတ်ကိုလည်းပြောပါ။ ကြိုက်တဲ့ နေရာမှာရပ်လို့ပြောပြီးရပ်ခိုင်းပါလို့ အဲဒီလိုလက်မနဲ့ဖဲရဲ့ထောင့်ဖက်ကနေပြီး ဖိဆွဲသွားနေတဲ့အချိန်မှာ တစ်နေရာရာရောက်ရင် ပရိသတ်က ရပ်လို့ပြောတဲ့ အချိန်ကျရင်ရပ်လိုက်ပါ။

ဖဲမျက်လှည့်ပြနည်းများ


အဲဒီမှာရပ်လိုက်ပြီးရင် ဖဲထပ်ကိုအပေါ် အထပ်နဲ့ အောက်အထပ်ခွဲလိုက်ပါ။ ပရိသတ်က သူတို့ရပ်ခိုင်းတဲ့နေရာမှာ ရပ်ပြီးတော့ အပေါ် နဲ့ အောက်အထပ်ထပ်ခွဲလိုက် တယ်လို့ထင်လိမ့်မယ်။ အမှန်တကယ်ကတော့ သူတို့ရပ်ခိုင်းတဲ့နေရာကနေ အပေါ် အောက်ခွဲလိုက်တာ မဟုတ်ပါဘူး။ ဖြဲထားတဲ့ဖဲချပ်ရှိတဲ့နေရာ ဟကြောင်းရှိတဲ့နေရာကနေ အပေါ် နဲ့ အောက်ခွဲလိုက်တာ ဖြစ်ပါတယ်။ အဲဒီ နေရာမှာ ဖြဲထားတဲ့ ဖဲချပ်ကို ပရိသတ်မမြင်အောင် သတိထားရမှာဖြစ်ပါတယ်။





ကြိုတင်ဖြဲထားတဲ့ ဖဲချပ်ရဲ့ဖြဲထားတဲ့နေရာကို ပရိသတ်မသိအောင် လုံခြုံစွာကိုင်တွယ်ပြီးတော့ ဒီမှာမင်းတို့ ရပ်ခိုင်းတဲ့နေရာက ဖဲ မင်းတို့ရွေးတဲ့ဖဲလို့ ပြောပြီး ထောင်ပြလိုက်ပါ။ ကျန်တဲ့ဖဲတွေကိုတော့ အောက်ကစားပွဲပေါ် မှာချထားလိုက်ပါ။


အဲဒီဖဲချပ်ရဲ့ ပြဲပြီးသားနေရာကနေပြီး ဖြဲတဲ့ဟန်ပြပါ။ အမူအရာကောင်းကောင်းနဲ့ တကယ်ဖြဲနေတဲ့ဟန်လုပ်ပါ။






ဖြဲပြီးသွားတဲ့အခါမှာ လက်ထဲမှာဖြဲထားတဲ့ အပိုင်းလေးရှိနေတဲ့ဟန်နဲ့ ဘာမှမရှိတာကို ကိုင်ထားပါ။

ပြီးတော့မှ ဖဲချပ်စအပိုင်းအကြီးကို စားပွဲပေါ်ကိုချလိုက်ပါ။ ဖြဲထားတဲ့ အပိုင်းသေးကို ကိုင်ထားတဲ့ အမူအရာလုပ်ထားပါ။ ပြီးတော့မှ လက်ကိုကြိုက်တဲ့ ပုံစံနဲ့ လက်ထဲကအပိုင်းအသေးကို ဖျောက်ပြတဲ့ဟန် လုပ်ပါ။ ပရိသတ် အမြင်မှာတော့ ဖြဲယူထားတဲ့အပိုင်းသေးလက်ထဲမှာတင်ပျောက်သွားတယ်ပေါ့။





ဖဲချပ်အပိုင်းလေး ပျောက်သွားလို့ ပရိသတ်ကအံ့အားသင့်နေတဲ့အချိန်မှာ အဲဒီအပိုင်းအသေးဟာ ဖဲဘူးရဲ့ အောက်ထဲကိုရောက်သွားပါတယ်ဆိုပြီး ဖဲဘူးကိုဖယ်ပြီးတော့ပြလိုက်ပါ။

နောက်ဆုံးမှာတော့ ဖဲဘူးအောက်ကပြန်ရောက်လာတဲ့ ဖဲချပ်အပိုင်း အသေးနဲ့ ဖဲချပ်အပိုင်းအကြီးတို့ကို ပြန်ဆက်ပြလိုက်ပါ။

ပြန်လည်တင်ပြသူ - ဇွဲဟိန်းအောင်

ဖဲမျက်လှည့်ပြနည်းများ

## ထိပ်ဆုံးရောက်ဖို့ဆိုတာ လွယ်မယ်ထင်သလား

ပြန်လည်တင်ပြသူ - ထွန်းဘကြူး


နည်းကောင်းလေးတစ်နည်းဖြစ်ပါတယ်။ မျက်လှည့်ဆရာက ပရိသတ်ထဲကတစ်ယောက်ကို ဖဲထုပ်ထဲက စိတ်ကြိုက်ဖဲတစ်ချပ်ကို ရွေးချယ်ခိုင်းပြီး အဲဒီဖဲချပ်ကို အားလုံးရှေ့မှာပဲ ဖဲထုပ်ရဲ့အလယ်ထဲကိုထည့်လိုက်ပါတယ်။ နောက်တော့ သိပ်မကြာလိုက်ပါဘူး။ မျက်လှည့်ဆရာက အမိန့်ပေးလိုက်တဲ့အခါမှာ ဖဲထုပ်ရဲ့ အလယ်ထဲကို ထည့်ထားတဲ့ ဖဲချပ်လေးဟာ ဖဲထုပ်ရဲ့အပေါ်ဆုံးထိပ်ဆုံးကို ရောက်နေတာ အံ့သြစွာ အားလုံးမြင်တွေ့ကြရပါတယ်။

အဲဒီနည်းကိုပြဖို့အတွက် လေ့ကျင့်ခန်းလေးတစ်ခုကို အရင်လုပ်ရမှာဖြစ်ပါပယ်။ ဖဲထုပ်တစ်ထုပ်ကို ပုံထဲမှာပြထားတဲ့အတိုင်း ကိုင်တွယ်ပြီးတော့ လက်ညှိုးကနေပြီး အောက်ဆုံးဖဲချပ်ရဲ့ ထောင့်ကိုဖိပြီးအတွင်းထဲကို ဆွဲပါ။ ဆိုလိုတာကတော့ ဖဲထုပ်ရဲ့ အောက်ဆုံးဖဲချပ်ကို အပေါ်ဖဲအထပ်နဲ့ ခွဲထားချင်လို့ပါ။ ပုံတွေကိုကြည့်ပါ။




(၁)

(၂)




ပုံ (၁) အောက်ဆုံးဖဲချပ်ကို လက်ညှိုးနဲ့ဖိဆွဲပါ။

ပုံ (၂) အနောက်ဖက်မှ မြင်ရတဲ့ပုံဖြစ်ပါတယ်။ အဲဒီပုံထဲကအတိုင်း အောက်ဆုံးဖဲချပ်ဟာ အပေါ်ဖဲထပ်နဲ့ သပ်သပ်စီကွဲနေပါစေ။




(၃)

(၄)




ပုံ (၃) အောက်ဆုံးဖဲကို သပ်သပ်ခွဲထားတဲ့ ဖဲထုပ်ကို ကွဲကြောင်းမပျက် လက်ပြောင်းကိုင်ထားလိုက်ပါ။ ဆိုလိုချင်တာက ဘယ်ဖက်လက်ထဲမှာ ဖဲထုပ်ကို အောက်တစ်ချပ်သတ်သတ်ကွဲသွားအောင်လုပ်ပါ။

ညာဖက်လက်က ကွဲကြောင်းမပျက်အောင် လက်မနဲ့ထိန်းပြီးကိုင်ပါ။ ပုံ (၄) မှာပြထားတဲ့အတိုင်း ဖဲထုပ်ကို လက်နဲ့ခွကိုင်ပါ။ အောက်ဆုံးကွဲကြောင်း မပျက်ပါစေနဲ့ ဖဲထုပ်ကို လက်ညှိုးနဲ့ နောက်တစ်ထပ်ထပ်ခွဲပြီး အပေါ်ထပ်ကို ဘယ်ဖက်လက်ထဲထည့်ပါ။



(၅)


(၆)



ပရိသတ်အမြင်မှာ ဖဲထုပ်ကိုတစ်ဝက်ဝက်ပြီး ဟိုဖက်လက် ဒီဖက်လက်ခွဲပြီးတော့ ကိုင်ထားတယ်ပဲမြင်ပါစေ။

ပုံတွေကို သေသေချာချာကြည့်ပါ သေသေချာချာကျင့်ပါ။ လေ့ကျင့်ခန်းလေးရပြီဆိုရင်တော့ ပြဖို့တော်တော်နီးစပ်သွားပါပြီ။ သူငယ်ချင်းနဲ့ စပြပြီဆိုပါတော့ ဖဲထုပ်ထဲက ကြိုက်တဲ့ဖဲချပ်တစ်ချပ်ယူပါ ဆိုပြီးတော့ သူကြိုက်တာသူယူပါစေ။ သူငယ်ချင်းမင်းဖဲချပ်ကို မင်းသေသေချာချာမှတ်ထား လို့ပြောပြီး

သူကသူ့ရဲ့ဖဲကို သူအာရုံစိုက်မှတ်နေတဲ့အချိန်မှာ ကိုယ့်လက်ထဲမှာ ကျန်တဲ့ ဖဲထုပ်ကို ပုံ (၅) အဆင့်အထိ လုပ်ထားလိုက်ပါ။ သူ့အမြင်မှာတော့ ဖဲထုပ်ကို တစ်ဝက်ဝက်ထားတယ်ပေါ့။ ပြီးတော့မှ သူငယ်ချင်းမင်းရဲ့ဖဲချပ်လေးကို ဒီအပေါ်မှာ တင်လိုက်ပါလို့ပြောပြီးတော့ ဘယ်ဖက်လက်ထဲက အပုံလေး ပေါ်ကို တင်ခိုင်းလိုက်ပါ။ သူတင်လိုက်တဲ့ ဖဲချပ်လေးကို အဲဒီဘယ်ဖက်အပုံ ပေါ်မှာတင် မှောက်လိုက်လှန်လိုက်လုပ်ပါ။ ပုံ (၆) ကို ကြည့်ပါ။ နောက်ဆုံး တစ်ခေါက်အမှောက်မှာတော့ ညာဖက်လက်ထဲက ဖဲထပ်ရဲ့ အောက်ဆုံးဖဲလေး ကိုပါ ရောပြီးတော့ချလိုက်ပါ။ ပုံ (၇) နဲ့ ပုံ (၈) ကိုကြည့်ပါ။



(၇)



(၈)

ပရိသတ်ရဲ့အမြင်မှာတော့ ဘယ်ဖက်လက်ထဲက ဖဲထပ်ရဲ့ အပေါ်ဆုံးဖဲ ဟာ သူတို့ဖဲလို့ပဲထင်လိမ့်မယ်။ အပေါ်က တစ်ချပ်ချလိုက်တာကိုမှ သူတို့ မသိလိုက်ပဲ။ သူတို့ထင်ထားတဲ့အတိုင်း ဒီမှာနော်မင်းတို့ ဖဲအဲဒါကို ညာဖက် အပုံထဲကိုထည့်လိုက်မယ်လို့ပြောပြီး ညာဖက်အထပ်ရဲ့အလယ်ထဲကို ထည့်လိုက်ပါ။ ပုံ (၉) ကိုကြည့်ပါ။




(၉)



(၁၀)

စက္ကောမ စီစဉ်သည်

ပုံ (၉) အတိုင်း ဖဲချပ်ကိုညာဖက်အထပ်အလယ်ထဲကို ထည့်ပြီးပါက ညာဖက်လက်ထဲကဖဲထပ်တထပ်လုံးကို ဘယ်ဖက်လက်ထဲက ဖဲထပ်ရဲ့ အလယ်ထဲကို ထပ်ထည့်ပါ။ ပုံ (၁၀) (၁၁) ကို ကြည့်ပါ။



(၁၁)

(၁၂)



ပုံ (၁၂) အတိုင်းဖဲတွေအားလုံး ညှိလိုက်ပါ။

ပရိသတ်ကတော့ ထင်ပါလိမ့်မယ် သူတို့ဖဲဟာ ဖဲထုပ်ရဲ့အလယ်ထဲမှာပေါ့။ အမှန်ကတော့ သူတို့ရဲ့ဖဲချပ်ဟာ ဖဲထုပ်ရဲ့ အပေါ်ဆုံးမှာပါ။

မှတ်ချက် - လက်လေ့ကျင့်ခန်းများကို ပိုင်ပိုင်နိုင်နိုင်လေ့ကျင့်ပြီးမှပြပါ။

ပြန်လည်တင်ပြသူ - ထွန်းဘကြူး


“ဖဲ” မျက်လှည့်


NEWS FOR EVERY MINUTE
E-BOOK FOR EVERY KNOWLEDGE
SOFTWARE FOR EVERY TECHNOLOGY
khtnetpc.webs.com
Address2:khtnetpc.ueuo.com